# THE STRUGGLE

တော်လှန်ရေးသီအိုရီမဂ္ဂဇင်း၊ တော်လှန်ရေးလှုပ်ရှားမှုမဂ္ဂဇင်း (လစဉ်)

Vol. 01 /No.06

Dec-jan/2022-2023



THE STRUGGLE

VOL.01 / NO.06

DEC-JAN / 2022-2023

# CONTENTS

## Marxist Perspectives

Individual terrorism ကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြ* PAGE 58




ဘော်ရှီဗစ်ဇင်လား၊ စတာလင်-မော်ဝါဒလား PAGE 72




## Theoretical Section

PAGE 63 Zizek ရဲ့ ယုံတမ်းတွေကို ချေဖျက်ခြင်း (သို့) လီနင် နဲ့ ထရော့စကီးဘက်မှ ခုခံ ချေပခြင်း

PAGE 07 In Defence Of October





# အယ်ဒီတာ့အာဘော်

- **Military regime ရဲ့ အခြေအနေ**

ဗိုလ်မင်းအောင်လှိုင် စစ်အုပ်စုအာဏာသိမ်းထားတဲ့ ၂နှစ်တာကာလအတွင်းမှာပဲ အဖိနှိပ်ခံလူထုတရပ်လုံး အရှင်လတ်လတ် ငရဲကျသလို ဖြစ်ခဲ့ရပြီ။ အညာမြေဟာ စစ်တလင်းနဲ့ မီးလောင်ပြင်ဖြစ်ခဲ့ရပြီ။ ဗိုလ်မင်းအောင်လှိုင်တို့ စစ်အုပ်စု လက်ပါးစေ စစ်တပ်နဲ့ ပျူစောထီးတွေရဲ့ လက်ချက်ကြောင့် အညာမြေက ကျေးရွာအတော်များများ မီးလောင်ပြာကျခဲ့ရသလို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်က မြို့ပြဆင်းရဲသား လူထုရဲ့ အိုးအိမ်တွေလည်း စစ်တပ်ပိုင်မြေလို့ ကြွေးကြော်ပြီး ဖြိုချဖျက်စီးပစ်တာ ခံနေရတယ်။

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်၊ လက်ယက်ကုန်းကျေးရွာက စာသင်ကျောင်းလေးကို အာဏာသိမ်း စစ်တပ်က စစ်လေယာဉ်နဲ့ ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့သလို ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်မြောက်ဘက် အနန့်ပါရွာမှာ ဂီတဖျော်ဖြေပွဲတခု ပြုလုပ်နေတုန်းမှာ တိုက်လေယာဉ် သုံးစီးနဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့ပြန်တယ်။ မဟာဗမာလူမျိုးကြီးဝါဒကို ပြောင်ပြောင်တင်းတင်းကျင့်သုံးတဲ့ အာဏာသိမ်း စစ်တပ်ဟာရက်စက်ယုတ်မာတဲ့ နေရာမှာတော့အညာတွေ၊ကချင်တွေဆိုပြီး လူမျိုးရေးမခွဲခြားတတ်သလို အရပ်သားပြည်သူနဲ့ လက်နက်ကိုင် တပ်ဖွဲ့ဆိုပြီးလည်း ခွဲခြားခြင်း လုံးဝမရှိဘူး။ indiscriminately ရက်ရက်စက်စက် သတ်ဖြတ်



return to contents

တဲ့နည်းတွေနဲ့ သူတို့အာဏာကို အသေအလဲ ကာကွယ်ခဲ့၊ ကာကွယ်နေဆဲ ဖြစ်ပါတယ်။ အာဏာသိမ်း စစ်အစိုးရ၊ စစ်တပ်ရဲ့ ရက်စက်ယုတ်မာမှုတွေကို စာစီပြနေလို့ဖြင့် ဆုံးမယ်မထင်။

ကိုဂျင်မီ၊ ကိုဇေယျာသော် အစရှိသူတို့ကို ကြိုးပေးသတ်ဖြတ်ခဲ့တဲ့ စစ်ကောင်စီဟာ အခုတခါ ဒဂုံတက္ကသိုလ်က ကျောင်းသားလူငယ် (၇)ဦးကို သေဒဏ်ပေးလိုက်ပြန်ပြီ။ ရက်ရက်စက်စက် သတ်ဖြတ်နေရုံနဲ့ အာဏာကို မြဲမြဲဆုပ်ကိုင်ထားနိုင်မယ်လို့ ဗိုလ်မင်းအောင်လှိုင်တို့ စစ်အုပ်စု တွက်ချက်ထားခဲ့ရင် အမှားကြီးမှားလိမ့်မယ်။ အလုပ်သမားလူတန်းစား ခေါင်းဆောင်တဲ့ အဖိနှိပ်ခံ လူထုကြီးတရပ်လုံး ရုန်းထအုံကြွလာတဲ့အခါ ဘယ့်လောက်အားကောင်းတဲ့ စစ်တပ်ကြီး ဖြစ်နေပါစေ၊ ပိတ်ပင်တားဆီးထားနိုင်မှာ မဟုတ်ဘူး။

အာဏာသိမ်း စစ်အစိုးရအနေနဲ့ အကြမ်းဖက် သတ်ဖြတ်မှုတွေ၊ ရက်ရက်စက်စက် နှိပ်ကွပ်မှုတွေ တရစပ် လုပ်နေရခြင်းဟာ regime တခု ကြံ့ခိုင်အားကောင်းနေတဲ့ လက္ခဏာ မဟုတ်တာတော့ သေချာတယ်။ အဖက်ဖက်က အကြပ်ဆိုက်နေတဲ့ အခြေအနေမှာ အာဏာလက်မလွှတ်ရရေး သွေးရူးသွေးတန်းနဲ့ အသည်းအသန် လုံးပမ်းနေရတဲ့ လက္ခဏာသာ ဖြစ်ပါတယ်။ စစ်မျက်နှာမျိုးစုံဖွင့်ထားတဲ့ အာဏာသိမ်း စစ်တပ်ဟာ တစတစ အင်အားချိနဲ့လာမှန်း သူ့ကိုယ်သူ သိပါတယ်။ ဒါ့ကြောင့်ပဲ အေအေနဲ့ အပစ်ရပ်နားလည်မှု ယူလိုက်ရတယ်။

## • Sense of Proportion ရှိဖို့ အင်မတန် အရေးကြီး

ရန်သူ အုပ်စိုးသူ လူတန်းစားဘက်က အခြေအနေကို အကဲဖြတ်ကြည့်သလိုပဲ အဖိနှိပ်ခံ လူထုရဲ့ အခြေအနေကိုလည်း ဆန်းစစ်ကြည့်ဖို့ အင်မတန် အရေးကြီးပါတယ်။ မှန်ကန်တဲ့ ပေါ်လစီချမှတ်နိုင်ဖို့ ပထမဆုံးအနေနဲ့ class balance of forces ကို ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်နိုင်ဖို့ လိုအပ်တယ်။ တော်လှန်ရေး နည်းဗျူဟာပိုင်းနဲ့ ပတ်သက်ရင် utmost flexibility ရှိရမယ်လို့ လက်ဝဲဂိုဏ်း သူငယ်နာ စာအုပ်မှာ လီနင် ရှင်းပြခဲ့ဖူးတယ်။ အခြေခံမူပိုင်းမှာ ပြတ်သားခိုင်ကျည်ရမှာ ဖြစ်သလို နည်းဗျူဟာပိုင်းမှာ



return to contents

တော့ ပျော့ပြောင်းမှု အပြည့်အဝ ရှိရမယ်။ ဒါပေမယ့် မူမဲ့လေယူရာယိမ်း ပြောင်းချင်ရာ ပြောင်းတာမျိုးကို ဆိုလိုတာတော့ မဟုတ်ဘူး ။ အဲ့သလိုပဲ sentimental ကြွေးကြော်သံတွေ ပေါ် အခြေခံပြီး အခြေခံမူနဲ့ နည်းဗျူဟာ မ သဲကွဲတာမျိုးလည်း ဖြစ်လို့မရဘူး။ ဒါ့ကြောင့် class balance of forces ကို ဓမ္မဓိဋ္ဌာန်ကျ ကျ ဆန်းစစ်သုံးသပ်ပြီး နည်းဗျူဟာတွေ ချ တတ်ဖို့ အင်မတန် အရေးကြီးတယ်။

ရန်သူ လူတန်းစားဘက်မှာ အကြပ်အ တည်း ပေါင်းစုံဆိုက်ပြီး အင်အားချိနဲ့နေတာ မှန်တယ်၊ ဒါပေမယ့် မကြာခင် ပြိုလဲကျတော့ မယ်လို့ ထင်နေရင် စိတ်ကူးယဉ်လွန်းတာပဲ ။ မှားယွင်းတဲ့ မျှော်လင့်ချက်တွေနဲ့ လူထုကို ဖျားယောင်းတာမျိုး မလုပ်သင့်ဘူး။ ပကတိ အခြေအနေကို မှန်မှန်ကန်ကန် မြင်တတ် ဖို့ လိုသလို လူထုရှေ့ ရဲရဲကြီး ပြောဖို့လည်း လိုအပ်တယ်။ ဖြစ်ချင်တဲ့ ဆန္ဒကို ပကတိ အခြေအနေနဲ့ ရောထွေးပစ်ဖို့ မသင့်ဘူး။

တခွင်တပြင်လုံး အတိုင်းအတာ နဲ့ revolutionary upsurge မရှိတော့ဘူး လို့ ကျနော်တို့ ခဏခဏ ရေးခဲ့ပါတယ်။ ကျေးလက်ဒေသတွေမှာ လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲနေတယ်လို့ မော်ဝါဒီ တွေနဲ့ အလားတူ အုပ်စုတွေက ဟစ်ကြွေး ကြတယ်။ အဲဒီအဆို မှန်မမှန်ကြည့်ဖို့ အခု လို မေးခွန်းထုတ်ရမယ်၊ ရာဇဏာန်းတောင် ကောင်းကောင်းမရှိတဲ့ စစ်ကြောင်းတခု ဝင် လာပြီဆိုတာနဲ့ ကျေးလက်နေ လူထုကြီး အိုးပစ်အိမ်ပစ် အသက်လု ထွက်ပြေးနေရ တာဟာ ကျေးလက်ဒေသ နေရာအသီးသီးက လယ်သမားထုကြီး လက်နက်စွဲကိုင် အုံကြွ နေတဲ့ လက္ခဏာလား။

Armed group မျိုးစုံရှိနေတဲ့ အညာ ကျေးလက် ဒေသတချို့မှာတောင် ရာဇဏာ န်းဝန်းကျင် စစ်အင်အားလောက်နဲ့ ရွာစဉ် ပိုက်စိပ်တိုက် မီးရှို့လူသတ် လုပ်နေနိုင်တာ တော်လှန်ရေး ဒီရေမြင့် လက္ခဏာလား။ ဒါ မှမဟုတ် တန်ပြန် တော်လှန်ရေး ဒဏ်ကို ကျေးလက်နေ လူထုကြီး ခါးစီးခံနေရတဲ့ အခြေအနေလား။

ခေတ်ပြောင်း တော်လှန်ရေးတရပ် ကို ဦးဆောင်နိုင်တာ မြို့ပြ အလုပ်သမား လူတန်းစားပဲ ဖြစ်ပါတယ်။ ၂၀၂၁ စစ် အာဏာသိမ်းအပြီး ရက်ပိုင်းအတွင်း လူထု လှုပ်ရှားမှုကြီး ဘယ်လူတန်းစား ဦးဆောင် လှုပ်ရှားခဲ့သလဲ ကြည့်တာနဲ့တင် ဒီအချက်ကို ထင်းခနဲ မြင်သာနိုင်ပါတယ်။ လက်ရှိအချိန်


return to contents


မှာ တော်လှန်ရေးရဲ့ တပ်ဦး လူတန်းစား ဘယ်လို ဖြစ်နေသလဲ။ အာဏာသိမ်း စစ်အစိုးရရဲ့ ဖိစီးနှိပ်စက်မှုတွေ အပြင်းအထန် ခံထားရသလို စီးပွားရေး ပျက်ကပ်ဒဏ်ကိုလည်း မချိမဆံ့ ခံနေရသေးတယ်။ ငွေကြေးဖောင်းပွ အလွန်အကျွံဖြစ်နေတဲ့ ခေတ်မှာ တရက် လုပ်အားခ ၄၈၀၀ ကျပ်လောက်နဲ့ အသည်းအသန် ရုန်းကန်နေရတယ်။ ဒီအခြေအနေကို ခုခံတုံ့ပြန်တဲ့ လေဘာ လှုပ်ရှားမှုတောင် ပြန်လည်နိုးထလာဖို့ ကြိုးစားရဆဲ အခြေအနေ ဖြစ်ပါတယ်။ အာဏာမသိမ်းခင်က အတန်အသင့် စုစည်းထားနိုင်ခဲ့တဲ့ အခြေအနေလေးဟာလည်း ပျက်သုဉ်းသွားခဲ့ရတယ်။

သမဂ္ဂအတွေ့အကြုံ၊ သပိတ်တိုက်ပွဲ အတွေ့အကြုံတွေနဲ့ စုစည်းမှု အတန်အသင့်ရှိခဲ့တဲ့ စက်မှု အလုပ်သမား လူတန်းစားတောင် အခုလို ဖြစ်နေရင် လူလတ်တန်းစား အလွှာအသီးသီးအဖို့တော့ ပြောစရာ မရှိတော့။ ဒါ့ကြောင့်လည်း တော်လှန်ရေး အာသာဖြေတဲ့ အနေနဲ့ အွန်လိုင်းပေါ်မှာ အသံအကျယ်ဆုံး ဖြစ်နေတာလည်း ဒီလူမှုအလွှာက လူတွေပဲ ဖြစ်နေတယ် မဟုတ်ပါလား။ ကျေးလက်ကအေအက်(စ်)ကို ပကတိ အခြေအနေမှန်နဲ့ တခြားစီဖြစ်အောင် ပုံကြီးချဲ့ လိုရာဆွဲပြောနေကြတာလည်း ဒီအလွှာက လူတွေပဲ ဖြစ်ပါတယ်။

- **Which is the way out?**

ဒီလို ပကတိ အခြေအနေကို ထုတ်ပြောလို့ စိတ်ပျက်စရာ မလိုပါ။ မာ့(က်စ်)ဝါဒီတွေအနေနဲ့ ကေဒါ တည်ဆောက်ရေး၊ အလုပ်သမား လူတန်းစားရဲ့ organized movement ထွက်ပေါ်လာရေးကို အားသွန်ခွန်စိုက် လုပ်ရမှာပဲ။ အဲဒီလို မလုပ်နိုင်ဘဲ ပြောက်ကျားစစ်သက်သက်နဲ့ ခေတ်ပြောင်း တော်လှန်ရေးတရပ် ဆင်နွှဲနိုင်မယ်ယူဆရင် စိတ်ကူးယဉ် ဆန်လွန်းတာပဲ။

ခေတ်သစ် အလုပ်သမား လူတန်းစား ဦးဆောင်တဲ့ လူထု လှုပ်ရှားမှုကြီး ပေါ်ထွက်လာမှသာ လက်ရှိ ရင်ဆိုင်နေရတဲ့ impasse အခြေအနေကနေ ဖောက်ထွက်နိုင်ပါလိမ့်မယ်။ စစ်ရေးသက်သက်နည်း၊ လစ်ဘရယ် ဘူဇွာတွေရဲ့ ရင်ကြားစေ့နည်း၊ ပါလီမန် ရွေးကောက်ပွဲနည်းတွေနဲ့ မဖြေရှင်းနိုင်တာ အသေအချာပဲ။



[Classics]

# In Defence Of October

## LEON TROTSKY

မေဝတ်မှုန်   ဘာသာပြန်သည်



# In Defence Of October

၁၉၃၂ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်နေ့၊ ကိုပင်ဟေဂင် (ဒိန်းမတ်) မှာ လီယွန် ထရော့စကီး မိန့်ခွန်းတခု ပြောခဲ့တယ်။ အောက်တိုဘာ တော်လှန်ရေး၁၅နှစ်ပြည့် အခမ်းအနားမှာ ပြောခဲ့ခြင်းဖြစ်တယ်။ အောက်တိုဘာ တော်လှန်ရေးကို ခုခံကာကွယ်ရင်း ၁၉၁၇ ရုရှားမှာ အမှန်တကယ် ဖြစ်သွားခဲ့တဲ့ ဖြစ်စဉ်တွေကို သမိုင်းအမှန်ဖြစ်အောင် ဖော်ထုတ်ပြခဲ့တယ်။ စတာလင်ဝါဒီတွေ တင်ပြနေကျ ပုံဖျက်ထားတဲ့ ဗားရှင်းနဲ့ ဆန့်ကျင်ဖက် ဖြစ်နေမယ်။

## ၁၉၃၂ ခုနှစ်၊ နိုဝင်ဘာလ၊ ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့မှာ ပြောခဲ့သော မိန့်ခွန်း

ကိုပင်ဟေဂင်ကို ကျနော် ပထမဆုံး ရောက်ဖူးတာ နိုင်ငံတကာ ဆိုရှယ်လစ် ကွန်းဂရက်(စ်)ကို လာတက်တုန်းက။ ဒီမြို့ရဲ့ ဖော်ရွေလွန်းလှသော အမှတ်တရတွေကို ထွေးပွေ့ပြီး ကျနော်ပြန်သွားခဲ့တယ်။ ဒါတွေဟာ ၂၅ နှစ်ကျော် ကြာသွားခဲ့ပါပြီ။ ဒီကာလမှာ Ore-Sund ရေလက်ကြားနဲ့ ပင်လယ်အဝင်ဝက ရေတွေလည်း အကြိမ်ကြိမ် ပြောင်းလဲ စီးဆင်းသွားခဲ့ပြီ။ ရေတွေပဲ ပြောင်းလဲသွားခဲ့တာ မဟုတ်ဘူး။ စစ်ကြီးက ခေတ်ဟောင်း ဥရောပတိုက်ရဲ့ကျောရိုး

ကို ချိုးဖျက်ပစ်ခဲ့ပြီ။ ဥရောပက မြစ်တွေ၊ ပင်လယ်တွေဟာ မနည်းလှတဲ့ သွေးတွေကို လျှော်ပစ်ခဲ့ရတယ်။ လူသားတွေ၊ အထူးသဖြင့် ဥရောပတိုက်က လူသားတွေဟာ ကြမ်းတမ်းလှတဲ့ အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ရတယ်၊ ထုသားပေသားကျပြီး ပိုကြမ်းကြုတ်လာခဲ့တယ်။ ပဋိပက္ခတိုင်းဟာ ပိုပိုပြီး ခါးသီးလာခဲ့တယ်။ ကမ္ဘာကြီးဟာ ရောမ အပြောင်းအလဲ ခေတ်ကြီးထဲချဉ်းနင်း ဝင်ရောက်လာခဲ့ပြီ။ စစ်နဲ့ တော်လှန်ရေးတွေဟာ ဒီခေတ်ရဲ့ အကြီးမားဆုံး ထင်ဟပ်ဖော်ထုတ်ချက်တွေပဲ။



ကျနော့် လက်ချာရဲ့ အဓိက အကြောင်းအရာဖြစ်သော တော်လှန်ရေးအကြောင်း မပြောခင် ဒီအစည်းအဝေးကို ကမကထပြုကြသူ ဆိုရှယ် ဒီမိုကရက်တစ် ကျောင်းသား အဖွဲ့အစည်းကို ကျေးဇူးတင်စကား အရင် ပြောလိုပါတယ်။ နိုင်ငံရေး အတိုက်အခံ တယောက်အနေနဲ့ ဒီလက်ချာကို လာပြောပါတယ်။ မှန်ပါတယ်၊ ကျနော့်လက်ချာဟာ နိုင်ငံရေး လမ်းစဉ်တွေကို ဟောပြောဖို့ မဟုတ်ဘူး၊ သမိုင်းဆိုင်ရာ ဖြစ်စဉ်တွေကို သိပ္ပံနည်းကျ ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။ ဒီအခွင့်အရေးကို အစပိုင်းကတည်းက အလေးထား ပြောလိုပါတယ်။ ဆိုဗီယက် သမ္မတနိုင်ငံ ထွက်ပေါ်လာစေခဲ့တဲ့ တော်လှန်ရေးတရပ် အကြောင်းကို နိုင်ငံရေး ရပ်တည်ချက် တခုခု မကိုင်စွဲဘဲ ပြောဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ အဲဒီတော်လှန်ရေး ဖြစ်ရပ်တွေထဲ ပါဝင်ခဲ့စဉ်က ရပ်တည်ခဲ့တဲ့ အလံအောက်မှာပဲ ရပ်တည်ပြီး ဒီကနေ့ လက်ချာကိုလည်း ဟောပြောသွားပါမယ်။

(ပထမကမ္ဘာ)စစ်ကြီးမဖြစ်ခင်အထိ ဘော်ရှီဗစ်ပါတီဟာ ဆိုရှယ်ဒီမိုကရက်

တစ် အင်တာနေရှင်နယ် အဖွဲ့ဝင် ဖြစ်ခဲ့တယ်။ [1] ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှာ ဂျာမန် ဆိုရှယ် ဒီမိုကရေစီက စစ်အသုံးစရိတ် တောင်းခံခြင်းကို ထောက်ခံမဲပေးခဲ့တယ်။ အဲဒီအချိန်ကစလို့ ဘော်ရှီဗစ်ပါတီက အပြီးအပိုင် လမ်းခွဲထွက်ခဲ့တယ်။ ဘော်ရှီဗစ်ဇင်က ဆိုရှယ်ဒီမိုကရေစီကို မစေ့စပ်တမ်း တရစပ် တိုက်ပွဲဝင်ခဲ့တယ်။ ဒါဆို ဒီအစည်းအဝေး စီစဉ်သူတွေ ကျနော့်ကို ဖိတ်ပြီး လက်ချာပေးခိုင်းတာ မှားသွားပြီလား။ ဒီအချက်နဲ့ပတ်သက်လို့ လက်ချာပြီးသွားရင် ပရိသတ်ကပဲ ဆုံးဖြတ်သွားပါလိမ့်မယ်။ ရုရှား တော်လှန်ရေးအကြောင်း ရှင်းလင်းတင်ပြပေးဖို့ လိုလိုလားလား ဖိတ်ကြားလာခြင်းကို ကျနော့်ဘက်က လက်ခံရခြင်း အကြောင်း ပြောရရင် တချက်ပဲ ထောက်ပြ ပါရစေ - ကျနော့်ရဲ့ နိုင်ငံရေးဘဝ ၃၅ နှစ်အတွင်းမှာ ရုရှားတော်လှန်ရေး ပြဿနာက ကျနော့် အတွေး၊ ကျနော့် လုပ်ဆောင်ချက်တွေရဲ့ သီအိုရီပိုင်း၊ လက်တွေ့ပိုင်းဆိုင်ရာ ဝင်ရိုး ဖြစ်နေခဲ့တယ်။ တူရကီမှာ ၄ နှစ်တာ နေခဲ့ရတဲ့ ကာလအတွင်း (စတာလင် ဗျူရိုကရေစီက ထရော့စကီးကို ဆိုဗီယက် ရုရှားမှာ နေထိုင်ခွင့်မပြုဘဲ မောင်းထုတ်ခဲ့လို့ တူရကီမှာ ခိုလှုံခဲ့ရသော ကာလကို ရည်ညွှန်း ) အဓိကအားဖြင့် ရုရှား တော်လှန်ရေးပြဿနာတွေကို သမိုင်းရှုထောင့်ကနေ အကျယ်တဝင့် ရှင်းပြနိုင်ဖို့ပဲ အချိန်ပေးခဲ့တယ်။ ဆိုတော့ ဒီအချက်ဟာ ကျနော့်ကို အောက်တိုဘာတော်လှန်ရေးရဲ့ မိတ်ဆွေတွေနဲ့ စာနာသူတွေအပြင် ရန်သူတွေကို လည်းဒီမတိုင်ခင်က သူတို့အာရုံမစိုက်ခဲ့မိတဲ့တော်လှန်ရေးရဲ့ ဝိသေသအတော်များများကို ကောင်းကောင်း နားလည်လာအောင် တစုံတရာ ပံ့ပိုးပေးနိုင်မယ်လို့ မျှော်လင့်ခွင့် ပေးထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျနော့်လက်ချာရဲ့ ရည်ရွယ်ချက်က နားလည်လာအောင် ကူညီပေးဖို့ ဖြစ်တယ်။တော်လှန်ရေးအတွက် ဝါဒဖြန့်ချိရေးလုပ်ဖို့ မရည်ရွယ်သလို တော်လှန်ရေးထဲ ဝင်ပါဖို့လည်း ခင်ဗျားတို့ကို ဆော်ဩမှာမဟုတ်ဘူး။ တော်လှန်ရေးအကြောင်း ရှင်းလင်း တင်ပြဖို့ပဲ ရည်ရွယ်တယ်။

ဒီလက်ချာကို လူမှုဗေဒ အခြေခံသဘောတရားတချို့နဲ့ စလိုက်ရအောင်။ ဒီအခြေခံ သဘောတရားတွေကို ခင်ဗျားတို့အားလုံး ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်



return to contents

မယ်ဆိုတာ သံသယမရှိပါဘူး။ ဒါပေမယ့် တော်လှန်ရေးလို အင်မတန် ရှုပ်ထွေးနက်နဲတဲ့ ဖြစ်ရပ်တခုကို ချဉ်းကပ်တဲ့အခါ ကျနော်တို့ မှတ်ဉာဏ်တွေကို ပြန်လှုပ်နှိုးပေးရမယ် မဟုတ်လား။

## သမိုင်းရေး ရုပ်ဝါဒအမြင်

လူ့သမဂ္ဂဆိုတာ ဘဝရှင်သန်ရေးနဲ့ မျိုးဆက်တွေ ဆက်လက်တည်တံ့ရေး တိုက်ပွဲအတွင်း သမိုင်းကြောင်း ရင်းမြစ်ရှိတဲ့ ပူးပေါင်းဆောင်ရွက်ချက် ဖြစ်တယ်။ လူ့အဖွဲ့အစည်းတခုရဲ့ စရိုက်လက္ခဏာကို အဲဒီလူ့အဖွဲ့အစည်းရဲ့ စီးပွားရေးဘဝက ပြဋ္ဌာန်းပေးတယ်။ စီးပွားရေးဘဝကို ကုန်ထုတ် ပစ္စည်းတွေက ပြဋ္ဌာန်းပေးတယ်။

(means of productive labour ကို ကုန်ထုတ် ပစ္စည်းလို့ ဘာသာပြန်ပါတယ်။ ကုန်ထုတ် ပစ္စည်းလို့ ဆိုရာမှာ instrument of labour လို့ခေါ်တဲ့ ကုန်ထုတ်ကိရိယာနဲ့ raw material လို့ခေါ်တဲ့ ကုန်ကြမ်းဆိုပြီး အဓိက နှစ်ပိုင်း ရှိပါတယ်။ ကျောက်အရိုင်းကို ကုန်ထုတ် ကိရိယာအဖြစ် သုံးခဲ့တဲ့ ခေတ်ကနေ ကျောက်ကို စနစ်တကျ ပြုပြင်စီရင် အသုံးချနိုင်တဲ့ခေတ်၊ ကြေးသတ္တုကို ကုန်ထုတ် ကိရိယာအဖြစ် ပြုပြင်စီရင် သုံးလာနိုင်တဲ့ခေတ်၊ သံကို ကိရိယာအဖြစ် ပြုပြင်စီရင်သုံးလာတဲ့ခေတ်ကနေ စက်မှုခေတ်၊ နည်းပညာခေတ်အထိ လူ့အဖွဲ့အစည်း အဆင့်ဆင့် တိုးတက်လာခြင်းဟာ means of production လို့ခေါ်တဲ့ ကုန်ထုတ် ပစ္စည်းတွေ တိုးတက်လာခြင်းကြောင့်သာ ဖြစ်တယ်။ ဒါ့ကြောင့် " လူ့အဖွဲ့အစည်းတခုရဲ့ စရိုက်လက္ခဏာကို အဲဒီလူ့အဖွဲ့အစည်းရဲ့ စီးပွားရေးဘဝက ပြဋ္ဌာန်းပေးတယ်။ စီးပွားရေးဘဝကို ကုန်ထုတ်ပစ္စည်းတွေက ပြဋ္ဌာန်းပေးတယ် "လို့ဆိုခြင်းဖြစ်တယ် -ဘာသာပြန်သူ။)

ကုန်ထုတ် စွမ်းအားစုတွေ ဖွံ့ဖြိုးမှုကို အခြေခံပြီး ကွဲပြားခြားနားသောခေတ်ကြီးတွေ ပေါ်ထွက်လာခဲ့တယ်။ ဒီလို ခေတ်ကြီးတခုစီတိုင်းမှာ ကုန်ထုတ် စွမ်းအားစု ဖွံ့ဖြိုးမှုနဲ့ ကိုက်ညီသော လူမှုစနစ်တွေ ရှိတယ်။ ဒီကနေ့အချိန်ထိ လူမှုစနစ်တခုစီတိုင်းဟာ သက်ဆိုင်ရာ အုပ်စိုးသူ လူတန်းစား

ကို ရောမ အကျိုးပြုထားကြတာချည်းပဲ။ ဒါ့ကြောင့် ဘယ်လူမှုစနစ်မှ ထာဝရ မတည်မြဲဘူးဆိုတာ ရှင်းပါတယ်။ သမိုင်းဖွံ့ဖြိုးမှုအရ လူမှုစနစ်တွေ ပေါ်ထွန်းလာတယ်၊ ပြီးရင် နောက်ထပ် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားပြုသူတွေ ဖြစ်လာကြတယ်။ "ပေါ်ထွန်းလာတာမှန်သမျှ တနေ့ ဖြိုချခံရမှာပဲ"။

ဒါပေမယ့် ဘယ်အုပ်စိုးသူလူတန်းစားကမှ အေးအေးချမ်းချမ်းနဲ့အသာတကြည် အာဏာစွန့်ရိုး ထုံးစံမရှိဘူး။ သေရေးရှင်ရေး ပြဿနာတွေမှာ ဆင်ခြင်မှုအခြေခံ ငြင်းချက်တွေကအင်အားအခြေခံ ငြင်းချက်တွေကိုဘယ်တုန်းကမှ အစားမထိုးနိုင်ခဲ့ဘူး။ စိတ်မကောင်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် သမိုင်းမှာတော့ ဒီအတိုင်းပဲ။ ဒီကမ္ဘာကြီးကို ကျနော်တို့ ဖန်တီးထားတာ မဟုတ်ဘူး။ ကျနော်တို့ ဘာမှမတတ်နိုင်ဘူး၊ သမိုင်းမှာ ရှိနေတဲ့အတိုင်း လက်ခံရုံပဲ။

## တော်လှန်ရေးရဲ့ အဓိပ္ပါယ်

တော်လှန်ရေးဆိုတာ လူမှုစနစ် ပြောင်းလဲခြင်းကို ဆိုလိုတယ်။ တော်လှန်ရေးဟာ တိုးတက်သောအခန်းကဏ္ဍ ကုန်ဆုံးသွားပြီဖြစ်တဲ့ လူတန်းစားတရပ် လက်ထဲက အာဏာကို တိုးတက်နေဆဲ အခြားလူတန်းစားတရပ် လက်ထဲလွှဲပြောင်းပေးတယ်။ သူပုန်ထခြင်းဆိုတာ လူတန်းစား နှစ်ရပ်ကြား အာဏာရရှိရေးတိုက်ပွဲမှာ အပြင်းထန်ဆုံးနဲ့ အခရာကျဆုံး အခိုက်အတန့် ဖြစ်တယ်။ သူပုန်ထတဲ့အခါ အများတကာ့ အများစုသော လူထုကြီးကို စုရုံးဦးဆောင်နိုင်စွမ်းရှိတဲ့ တိုးတက်သော လူတန်းစားတရပ်အပေါ် အခြေခံထားမှသာ တော်လှန်ရေး အောင်ပွဲစစ်စစ် ရနိုင်မယ်၊စနစ်သစ်တခုကို ထူထောင်နိုင်မယ်။

သဘာဝဖြစ်စဉ်တွေနဲ့ မတူတာက တော်လှန်ရေးကို လူတွေက လုပ်ကြတာ၊ လူတွေကနေပဲ တော်လှန်ရေး ဖြစ်ရတာ။ ဒါပေမယ့် တော်လှန်ရေး ဖြစ်စဉ်အတွင်းမှာတော့ လူသားတွေဟာ သူတို့ကိုယ်တိုင်လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်မရှိသော လူမှုအခြေအနေတွေရဲ့ လွှမ်းမိုးမှုအောက်ကနေ လုပ်ဆောင်ရတာ

ဖြစ်တယ်၊ အတိတ်က လက်ဆင့်ကမ်းပေးလိုက်တဲ့ လူမှုအခြေအနေတွေအောက်မှာ လူသားတွေ လုပ်ဆောင်ကြရတယ်၊ ဒီအခြေအနေတွေကပဲ သူတို့လိုက်လျှောက်ရမယ့် လမ်းကြောင်းကို အထက်စီးဆန်ဆန် ညွှန်ပြပေးတယ်။ ဒါ့ကြောင့်ပဲ (ဒီအကြောင်းကြောင့်သာ) တော်လှန်ရေးတရပ်က တိကျသေချာတဲ့ နိယာမတွေအတိုင်း ဖြစ်နေတာ။

ဒါပေမယ့် လူသားရဲ့ အသိစိတ်ဟာ ပကတိ အခြေအနေတွေကို အပြုခံသက်သက် (passively) ထင်ဟပ်နေတာ မဟုတ်ဘူး။ ပကတိ အခြေအနေတွေကို တက်တက်ကြွကြွ (actively) တုံ့ပြန်နေကျ ဖြစ်တယ်။ တချို့သော အချိန်တွေမှာ ဒီတုံ့ပြန်မှုက ပြင်းထန် အားကောင်းတဲ့ လူထု လက္ခဏာဆောင်သွားတယ်။ အင်အားကြီးခြင်းနဲ့ လုပ်ပိုင်ခွင့်ဆိုသော အတားအဆီးတွေကို ဖြိုချပစ်တယ်။ တကယ်တော့ သမိုင်းဆိုင်ရာ ဖြစ်ရပ်တွေထဲ လူထုကြီး တက်တက်ကြွကြွ ပါဝင်လာခြင်းဟာ တော်လှန်ရေးတရပ်ရဲ့ အရေးအကြီးဆုံး မရှိမဖြစ် အစိတ်အပိုင်းတခုပဲ။

ဒါပေမယ့် မုန်တိုင်းအထန်ဆုံး လှုပ်ရှားမှုတောင်မှ တော်လှန်ရေးအဆင့်ထိ မတက်လှမ်းနိုင်ဘဲ ဆန္ဒပြပွဲဒါမှမဟုတ် ပုန်ကန်မှုအဆင့်မှာတင်တန့်နေနိုင်တယ်။ လူထု အုံကြွမှုကနေလူတန်းစားတရပ် အုပ်စိုးမှုကို ဖြိုချပစ်ပြီး နောက်လူတန်းစားတရပ် အုပ်စိုးမှုဆီ ဦးတည်သွားရမယ်။ အဲဒီအခါမှပဲတော်လှန်ရေးတရပ် အောင်ပွဲဆင်နိုင်တယ်။ လူထု အုံကြွမှုဆိုတာ ကိုယ်ဖြစ်စေချင်တိုင်း အချိန်မရွေး ဖန်တီးယူလို့ ရနိုင်တဲ့ အရာတခု မဟုတ်ဘူး။ တော်လှန်ရေးဟာ လူ့အဖွဲ့အစည်း တိုးတက်မှု သမိုင်းအတွင်း ပကတိ ရုပ်အခြေအနေပေါ် မူတည်ပြီး ပေါ်ထွန်းလာရတဲ့ ဖြစ်စဉ်တခု ဖြစ်နေသလိုပဲ၊ လူထု အုံကြွမှုဆိုတာလည်း တော်လှန်ရေး ဖွံ့ဖြိုးမှုအတွင်းပကတိ ရုပ်အခြေအနေကို မူတည်ပြီး ပေါ်ထွန်းရတဲ့ အစိတ်အပိုင်းတခု ဖြစ်နေတယ်။ ဒါပေမယ့် အုံကြွမှုဖြစ်ဖို့ လိုအပ်သော ရုပ်အခြေအနေတွေ ရှိနေပြီ ဆိုရင် ပါးစပ်အဟောင်းသားနဲ့ အသာထိုင်စောင့်နေလို့ မရဘူး။ ရှိတ်(ခ်)စပီးယား ပြောသလိုပဲ၊ "လူ့ဘဝ အထွေထွေမှာ ဒီရေ


return to contents

လို အတက်အကျ ရှိတယ်၊ ဒီရေအတက် ကာလကိုသာ အမိအရ ဖမ်းဆုပ်နိုင်ခဲ့ရင် ကောင်းခြင်း အဖြာဖြာ ရရှိသွားနိုင်တယ်"။

ဟောင်းမြည်းပုပ်သိုးနေတဲ့ လူမှုစနစ်တခုကို ဖယ်ရှားပစ်နိုင်ဖို့ဆိုရင် တိုးတက်သော လူတန်းစားဟာ ဒီရေမြင့်သစ် ရောက်လာပြီလား နားလည်ရမယ်၊ ဒီရေမြင့်သစ် ရောက်တာနဲ့ အာဏာသိမ်း ယူရေးတာဝန်ကို ထမ်းဆောင်ရမယ်။ ဒီနေရာမှာ သိစိတ်ရှိရှိ တော်လှန်ရေး လုပ်ဆောင်မှု အခန်းကဏ္ဍ ဝင်လာတာပဲ၊ အမျှော်အမြင်ရှိခြင်း နဲ့ ကြိုတင် တွက်ဆနိုင်ခြင်းကို စိတ်အားထက်သန်ခြင်း၊ သတ္တိကောင်းခြင်းနဲ့ ပေါင်းစပ်ပေးရမယ် ။ တနည်းဆိုရရင် ဒီနေရာမှာ ပါတီရဲ့ လုပ်ဆောင်မှု အခန်းကဏ္ဍ ဝင်လာတာပဲ။

## လူတစုရဲ့ အာဏာသိမ်းပွဲ (coup d'e'tat)

တော်လှန်ရေး ပါတီတခုကတိုးတက်သော လူတန်းစားဆိုတဲ့ ပန်းမာလာကို သူ့ကိုယ်ထည်အတွင်း ပေါင်းစည်း ထားတယ်။ သူ့ရဲ့ဝန်းကျင်မှာ မှန်ကန်တဲ့ လမ်းကြောင်းပေါ် သူ့ကိုယ်သူဦးတည်နိုင်စွမ်းရှိတဲ့၊ ဖြစ်ရပ်တွေရဲ့ရစ်သမ်နဲ့ တိုးတက်မှုကို သုံးသပ်နိုင်စွမ်းရှိပြီး လူထုရဲ့ ယုံကြည်မှုကိုစောစောစီးစီး ရယူထားနိုင်တဲ့ ပါတီ တခုမရှိဘဲ အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး အောင်ပွဲ မရနိုင်ဘူး။ ဒါတွေက တော်လှန်ရေး နဲ့ သူပုန်ထခြင်း တို့ရဲ့ ပကတိဘာဝ အကြောင်းအချက်တွေနဲ့ အတ္တဘာဝ အကြောင်းအချက်တွေ ကြား က အပြန်အလှန် သက်ရောက်နေတဲ့ ဆက်ဆံရေးတွေပဲ။

အငြင်းပွားကြတဲ့အခါ ( အထူးသဖြင့် ဘာသာရေးကိစ္စတွေ) သိပ္ပံနည်းကျ အမှန်တရားတခုကိုအဓိပ္ပါယ်ကင်းမဲ့တဲ့ အရာတခုဖြစ်သွားအောင် တွန်းပို့ပြီး ပုံဖျက်ပစ်လေ့ရှိကြတယ်။ ဒီလိုမျိုး နည်းလမ်းကို Reductio ad absurdum လို့ ခေါ်ပါတယ်။ ကျနော်တို့ကတော့ အမှန်တရားဆီ ပိုပြီးဘေးကင်းကင်းနဲ့ ချဉ်းကပ်သွားနိုင်အောင် အဓိပ္ပါယ်ကင်းမဲ့ နေတဲ့ အရာကနေပဲ အစပြုရလိမ့်


return to contents

မယ်။ အခ်ိပ္ပ်ါယ်ကင်းမဲ့နေတဲ့ အရာတွေ မရှိဘူးလို့ ကျနော်တို့ စောဒကမတက်နိုင်ပါဘူး။ လတ်တလော ပူပူနွေးနွေး အဖြစ်ဆုံး၊ ကြမ်းတမ်းခက်တရော်တဲ့ နမူနာတခုနဲ့ စလိုက်ရအောင်။

ဖက်ဆစ် သဘောတရားဆရာတယောက်ဖြစ်တဲ့ (ဟုတ်ပါတယ်၊ အဲလို သဘောတရားဆရာမျိုးလည်း ရှိသေးတယ်) အီတာလျံ စာရေးဆရာ Malaparte က သိပ်မကြာသေးခင်ကပဲ လူတစုရဲ့ အာဏာသိမ်းပွဲ နည်းနာဆိုင်ရာ စာအုပ်တအုပ် ထုတ်ဝေခဲ့တယ်။ ထုံးစံအတိုင်း စာရေးသူက အောက်တိုဘာ အုံကြွမှုကို "စုံစမ်းစစ်ဆေးခြင်း" စာမျက်နှာတွေ မနည်းမနော ဖော်ပြထားတယ်။

၁၉၁၇ ရုရှားရဲ့ လူမှုစီးပွား အခြေအနေတွေ၊ နိုင်ငံရေး အခြေအနေတွေနဲ့ အမြဲချိတ်ဆက်ထားသော လီနင့် "မဟာဗျူဟာ"နဲ့ ဆန့်ကျင်ဖက်အဖြစ်ပုံဖော်ပြီး "ထရော့စကီးရဲ့ နည်းဗျူဟာတွေကို တိုင်းပြည်တခုရဲ့ ယေဘုယျ အခြေအနေတွေက ကန့်သတ်မထားဘူး"လို့ Malaparte က ဆိုထားတယ်။ အဲဒီစာအုပ်ရဲ့ အဓိက သဘောတရားက ဒါပဲ။ Malaparte က သူ့စာအုပ်ထဲမှာ လီနင်နဲ့ ထရော့စကီးကို ဒိုင်ယာလော့(ဂ်)တွေ အများကြီး ပြောခိုင်းထားတယ်။ သဘာဝတရားကြီးက Malaparte တဦးတည်းအလိုကျ ခြယ်လှယ်ခွင့်ပေးထားသလောက် သူဖန်တီးထားတဲ့ ဒိုင်ယာလော့(ဂ်)တွေထဲမှာ လီနင်နဲ့ ထရော့စကီးတို့က နက်ရှိုင်းတဲ့ ဆင်ခြင်သုံးသပ်နိုင်စွမ်းကို ထုတ်ပြကြတယ်။ လူထုအုံကြွမှုတခုဖြစ်ဖို့ လူမှုစီးပွားနဲ့ နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်တွေကို လီနင်က ထည့်သွင်းစဉ်းစားပြရင် Malarparte က သူလုပ်ကြံဖန်တီးထားတဲ့ ထရော့စကီးကို အခုလို ပြောခိုင်းတယ် "ခင်ဗျားရဲ့ မဟာ ဗျူဟာကို အကောင်အထည်ဖော်ဖို့ဆိုရင် တင်ကူးလိုအပ်တဲ့ အခြေအနေတွေ အရမ်းများတာပဲဗျာ၊ လက်နက်ကိုင် သူပုန်ထဖို့ ဘာမှမလိုပါဘူး၊ အုံကြွပုန်ကန်မှုဆိုတာ မိမိကိုယ်တိုင် စွန့်လွှတ်စွန့်စားရခြင်း ဖြစ်တယ်"။ ခင်ဗျားတို့ ကြားတဲ့အတိုင်းပဲ၊ Malaparte ကတော့ "လက်နက်ကိုင် သူပုန်ထဖို့ ဘာမှမလိုပါဘူး"လို့ ပြောထားတယ်။ ဒါဟာ ကျနော်တို့ကို အမှန်တရားဆီ ချဉ်းကပ်နိုင်အောင်



return to contents

ကူညီပေးသွားမယ့် အဓိပ္ပါယ်ကင်းမဲ့နေတဲ့ အရာပဲ။ Malaparte က သူ့စာအုပ်ထဲမှာ ထပ်တလဲလဲဆိုထားတယ်၊ အောက်တိုဘာ တော်လှန်ရေး အောင်ပွဲခံနိုင်ခဲ့တာ လီနင်ရဲ့ မဟာဗျူဟာကြောင့် မဟုတ်ဘူး၊ ထရော့စကီးရဲ့ နည်းဗျူဟာတွေကြောင့်တဲ့။ သူ့စကားတွေအတိုင်းဆိုရင် အဲဒီ နည်းဗျူဟာတွေက ဥရောပ တိုင်းပြည်တွေရဲ့ ငြိမ်းချမ်းရေးကို ဒီကနေ့အထိ ခြိမ်းခြောက်နေတုန်းပဲ။ သူ့စကားလုံးအတိုင်း အတိအကျ ကိုးကားဖတ်ပြပါမယ် "လီနင့် မဟာဗျူဟာက ဥရောပ အစိုးရတွေကို လက်ငင်း အန္တရာယ် မကျရောက်စေနိုင်ဘူး။ ဒါပေမယ့် ထရော့စကီးရဲ့ နည်းဗျူဟာတွေကတော့ ဥရောပ အစိုးရတွေကို အမှန်တကယ် အန္တရာယ်ကျစေနိုင်တယ်၊ အမြဲတမ်း ခြိမ်းခြောက်နေတယ်။" သူက အခိုင်အမာ ဥပမာတောင် ထည့်ပေးထားတယ် "ကရင်စကီးနေရာမှာ Poincaré ကို စဉ်းစားကြည့်လိုက်ပါ၊ ၁၉၁၇ အောက်တိုဘာ ဘော်ရှီဗစ် အာဏာသိမ်းပွဲမျိုး အောင်အောင်မြင်မြင် ဖြစ်သွားလိမ့်မယ်"။ ဒီလိုစာအုပ်မျိုးကို ဘာသာစကား အမြောက်အမြား ပြန်ဆိုပြီး အလေးထား ပြောနေကြတာ မယုံနိုင်စရာပါပဲ။

[Poincaré (၁၈၆၀-၁၉၃၄) ဆိုတာ ၁၉၁၃-၂၀ ကာလ ပြင်သစ်သမ္မတ လုပ်ခဲ့သူ။ ၁၉၁၂၊ ၁၉၂၂-၂၄၊ ၁၉၂၆-၂၉ မှာ ဝန်ကြီးချုပ် လုပ်ခဲ့သူ။ Kerensky (၁၈၈၂-၁၉၇၀)ဆိုတာ၁၉၁၇ ရုရှားမှာ ဝန်ကြီးချုပ် လုပ်ခဲ့သူ၊ အောက်တိုဘာ တော်လှန်ရေး ကနေ ကရင်စကီးအစိုးရကိုဖြုတ်ချခဲ့တယ်။]

သူပုံဖျက်ပြောသလို "ထရော့စကီးရဲ့ နည်းဗျူဟာတွေ"က အခါခပ်သိမ်း ဒီအလုပ်တွေကို အောင်မြင်အောင် လုပ်နိုင်စွမ်း ရှိတယ်ဆိုရင် သမိုင်းဆိုင်ရာ အခြေအနေတွေနဲ့ ချိတ်ဆက်ထားတဲ့ လီနင့် မဟာဗျူဟာ ဖြစ်ပေါ်လာရခြင်း နိယာမကို ရှာနေလည်း အချည်းနှီးသာဖြစ်မယ်။ နောက်ပြီး တော်လှန်ရေးတွေ အောင်ပွဲဆင်နိုင်ဖို့ နည်းပရိယာယ် ပုံသေနည်း အနည်းအပါးပဲ လိုတယ်ဆိုရင် အောင်မြင်ခဲ့တဲ့ တော်လှန်ရေးတွေ ဘာ့ကြောင့် ဒီလောက် ရှားပါးနေရသလဲ။

ဖက်ဆစ် စာရေးဆရာ တင်ဆက်ထားတဲ့ လီနင်နဲ့ ထရော့စကီး ဒိုင်ယာ့လော့

(ဂ်)ဟာ အစကနေ အဆုံးတိုင် ပုံသဏ္ဍာန် အရရော အကြောင်းအရာအရပါ ပျင်းရိငြီးငွေ့ဖွယ် လုပ်ဇာတ်တခုဖြစ်နေတယ်။ ဒီလိုလုပ်ဇာတ်တွေက ကမ္ဘာတလွှားမှာ မနည်းလှဘူး။ ဥပမာ မက်ဒရစ်မှာဆိုရင် La Vida del Lenin (လီနင်ရဲ့ ဘဝဇတ်ကြောင်း)ဆိုတဲ့ စာအုပ်တအုပ် ပုံနှိပ်ထုတ်ဝေထားတာရှိတယ်။ Malaparte လီဆည် ရေးသားထားတဲ့ နည်းဗျူဟာ ပုံသေနည်းတွေ ကျနော်နဲ့မဆိုင်သလိုပဲ အဲဒီစာအုပ်လည်း ကျနော်နဲ့ ဘာမှမပတ်သက်ဘူး။ ဒါပေမယ့် အဲဒီစာအုပ်ကို ထရော့စကီးရေးတဲ့ လီနင့်ဘဝဇာတ်ကြောင်းလို့ ဆိုနေကြတယ်။ မက်ဒရစ် အပတ်စဉ်ဂျာနယ်တခုဖြစ်တဲ့ Estampa က ဒီစာအုပ် မထွက်ခင်ကတည်းက အခန်းလိုက် ဖော်ပြလာခဲ့တယ်။ ကျနော် တန်ဖိုးထားလေးစားခဲ့တဲ့ လူတယောက်၊ အခုထိလည်း ကျနော်တို့ ခေတ်ပြိုင်တွေထဲမှာ တခြားသူအားလုံးနဲ့ မယှဉ်သာအောင် ကျနော်တန်ဖိုးထားနေရဆဲ လူတယောက်ရဲ့ဘဝကို ရက်ရက်စက်စက် ဖျက်ဆီးပစ်ထားတဲ့ စာအုပ်ပါ။

လူလိမ်တွေကို သူတို့ကြမ္မာအတိုင်း ထားလိုက်ကြပါစို့။ ဘယ်တော့မှ မေ့ပျောက်မသွားနိုင်တဲ့ သူ့ရဲကောင်း ဖိုက်တာကား(လ်)လိ(ဘ်)နက်(ခ်)ရဲ့ ဖခင်ကြီး ဝီ(လ်)ဟမ် လိ(ဘ်)နက်(ခ်)ပြောခဲ့သလိုပဲ "တော်လှန်ရေး နိုင်ငံရေးသမားတယောက်ဟာ အရေထူဖို့လိုတယ်"။ဒေါက်တာစတော့(ခ်)မန်းက ပိုပြီးပေါ်ပေါ်ထင်ထင် အကြံပေးခဲ့သေးတယ်။လူအများစုရဲ့ ထင်မြင်ချက်နဲ့ ဖီလာဆန့်ကျင်လုပ်ကြဖို့ အဆိုပြုသူတယောက်ဟာ ဘောင်းဘီအသစ်အဆန်းတွေ ပြူးပြူးပြဲပြဲ မဝတ်သင့်ဘူး။ ဒီအကြံကောင်းနှစ်ခုကို မှတ်သားပြီး ကျနော်တို့ရှေ့ဆက်ဆန်းစစ်ကြည့်ရအောင်လား။

## အောက်တိုဘာ တော်လှန်ရေးရဲ့ အကြောင်းတရားများ

အောက်တိုဘာ တော်လှန်ရေးကတွေးခေါ်စဉ်းစားတတ်တဲ့လူတယောက်ရဲ့ စိတ်ထဲ ဘယ်လိုမျိုးမေးခွန်းတွေ ဖြစ်ပေါ်စေသလဲ

******* ဒီတော်လှန်ရေးက ဘာ့ကြောင့် ဖြစ်ခဲ့သလဲ၊ ဘယ်လို ဖြစ်ခဲ့သလဲ။ပိုပြီး တိတိကျကျမေးရရင် ဥရောပတိုက်အတွင်း ခေတ်နောက်ကျဆုံး တိုင်းပြည်တခုမှာ ပစ္စည်းမဲ့ တော်လှန်ရေး ဘာ့ကြောင့် အောင်ပွဲရခဲ့သလဲ။***

******* အောက်တိုဘာ တော်လှန်ရေးရဲ့ အသီးအပွင့်တွေက ဘာတွေလဲ။ ပြီးတော့ နောက်ဆုံးအနေနဲ့***

******* အောက်တိုဘာ တော်လှန်ရေးက မှတ်ကျောက်အတင်ခံနိုင်ပြီလား။***

အောက်တိုဘာ တော်လှန်ရေး ဖြစ်ပွားရခြင်း အကြောင်းတရားတွေနဲ့ ပတ်သက်လို့ ပထမမေးခွန်းကို အခုချိန်မှာ ကျယ်ကျယ်ပြန့်ပြန့် ဖြေနိုင်ပါပြီ။ ကျနော့်စာအုပ် History of the Russian Revolution မှာ ဒီအကြောင်းတွေကို အသေးစိတ်ရှင်းပြဖို့ ကြိုးစားထားပါတယ်။ ဒီနေရာမှာတော့ အရေးအကြီးဆုံး နိဂုံးချုပ်ချက်တွေလောက်ပဲ အကြမ်းဖျင်း တင်ပြနိုင်ပါမယ်။

## ဆူကြံ့နိမ့်မြင့် ဖွံ့ဖြိုးမှု နိယာမ

ဇာဘုရင်စနစ် အုပ်စိုးတဲ့ ရုရှားလို ခေတ်နောက်ကျလွန်းတဲ့ တိုင်းပြည်တခုမှာ အလုပ်သမား လူတန်းစားကပထမ ဆုံးအနေနဲ့ အာဏာ အရယူနိုင်ခဲ့တဲ့ အချက်ဟာ ကနဦးမှာပဲ ထူးဆန်းသလို ဖြစ်နေမယ်။ အမှန်တကယ်တော့ ဒီ အချက်ဟာ သမိုင်း နိယာမနဲ့ လုံးဝကိုက်ညီနေပါတယ်။ (ရှေ့တန်းရောက် အရင်းရှင် တိုင်းပြည်တွေမှာ အလုပ်သမား လူတန်းစားက အာဏာ မရနိုင်သေးခင်) ရုရှား အလုပ်သမားက အာဏာရနိုင်လိမ့်မယ်လို့ ကြိုတင်တွက်ဆနိုင်သလို တကယ်လည်း ကြိုပြီး ခန့်မှန်းထားခဲ့တယ်။ ဒါ့အပြင် တော်လှန်သော မာ့က်စ်ဝါဒီတွေက အဆုံးအဖြတ်တိုက်ပွဲ မရောက်ခင် နှစ်ပေါင်းများစွာကတည်းက သူတို့ရဲ့ မဟာဗျူဟာကို ဒီတွက်ချက်မှု အပေါ် အခြေခံပြီး တည်ဆောက် ထားခဲ့ကြတယ်။

ရှေ့တန်းရောက် အရင်းရှင်တိုင်းပြည်



return to contents

တွေမှာ အလုပ်သမားလူတန်းစားက အာဏာမရနိုင်သေးခင် ခေတ်နောက် ကျ လွန်းတဲ့ ရုရှားမှာ အလုပ်သမား လူတန်းစား က ပထမဆုံးဘာ့ကြောင့် အာဏာအရ ယူနိုင်ခဲ့သလဲဆိုတဲ့ အချက်ကို ပထမဆုံးနဲ့ ယေဘုယျအကျဆုံးရှင်းလင်းချက်ပေးရရင်-

ရုရှားဟာ ခေတ်နောက်ကျနေဆဲ တိုင်းပြည်တခုဖြစ်တယ်၊ ဒါပေမယ့် သီးခြားတည်ရှိနေတာ မဟုတ်ဘူး၊ ကမ္ဘာ့ စီးပွားရေးရဲ့ အစိတ်အပိုင်းတခုသာ ဖြစ်တယ်၊ အရင်းရှင်ကမ္ဘာ့စနစ်ရဲ့ အစိတ်အပိုင်းတရပ်အနေနဲ့တည်ရှိနေခြင်း ဖြစ်တယ်။ ဒီအဓိပ္ပါယ်နဲ့ လီနင်က ကျစ်ကျစ်လစ်လစ်ထုတ်ဖော်ပြောခဲ့တယ်၊ "သံကွင်းဆက်ချိန်းကြိုးတန်းကြီးရဲ့ အားအနည်းဆုံးကွင်းဆက်နေရာကနေ ပေါက်ထွက်သွားခဲ့တယ်"ဆိုတဲ့ လီနင့် စကားဟာရုရှား တော်လှန်ရေး နဲ့ ပတ်သက်ပြီး ပဟေဠိလို ရှုပ်ထွေးနေတဲ့ အချက်ကို တိုတိုတုတ်တုတ်နဲ့ ရှင်းသွားစေခဲ့တယ်။ အကြမ်းဖျင်း ပုံဖော်ကြည့်ရင် -

ကမ္ဘာ့အရင်းရှင်နယ်ချဲ့စနစ် ပဋိပက္ခတွေရဲ့ အကျိုးဆက်အနေနဲ့ကမ္ဘာစစ်ကြီးဖြစ်တယ်၊ ဖွံ့ဖြိုးမှုအဆင့်အသီးသီးမှာ ရှိနေကြတဲ့ နိုင်ငံတွေကိုကမ္ဘာစစ် ဝဲဂယက်ကြီးထဲ ဆွဲသွင်းခဲ့တယ်။ ဖွံ့ဖြိုးမှုအဆင့်သာ ဆူကြဲ့နိမ့်မြင့် ဖြစ်နေပေမယ့် ဒီနိုင်ငံအားလုံးအပေါ် တောင်းဆိုချက်တွေကတော့ အတူတူပဲ။ ဒီတော့ ဖွံ့ဖြိုးမှုနောက်ကျဆုံး တိုင်းပြည် တွေအဖို့ စစ်ကြီးရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ဘယ်လိုမှ ဆက်ထမ်းမထားနိုင်တော့ဘူး။ ဒီစစ်တလင်းကနေ မဖြစ်မနေ ဆုတ်ခွာဖို့ ဖြစ်လာတာကတော့ ရုရှား။ ဒါပေမယ့် ဒီလို စစ်တလင်းနဲ့ ကင်းရှင်းသွားနိုင်အောင် ရုရှားလူထုက အုပ်စိုးသူ လူတန်းစားတွေကို ဖြိုချပစ်ခဲ့ရတယ်။ ကမ္ဘာစစ်သံကွင်းဆက် ချိန်းကြိုးတန်းကြီးဟာ ဒီလိုနည်းနဲ့ အား အနည်းဆုံး ကွင်းဆက်ကနေ ပြတ်ထွက်သွားခဲ့ခြင်း ဖြစ်တယ်။

စစ်ဆိုတာ လျှောင်ထလှုပ်လိုက်သလို ပြင်ပကနေ ဖြစ်ပေါ်လာတဲ့ကပ်ဆိုးတစ်ခု မဟုတ်ဘူး၊ အဘိုးကြီး ကလော့(စ်)ဝစ်(တ်ဇ်)* ပြောခဲ့သလိုပဲ နိုင်ငံရေးကိုတခြားနည်းတွေနဲ့ ဆက်လုပ်ခြင်းသာဖြစ်တယ်။ ပြီးခဲ့တဲ့ စစ်ပွဲကြီးဟာ ဆိုရင်အရင်းရှင်နယ်ချဲ့စနစ်ရဲ့ "ငြိမ်းချမ်းရေး"ကာလ တိမ်းညွတ်



return to contents

မှ အင်အားတွေကို ပိုပြီးရုန့်ရင်းကြမ်းတမ်းစွာ ထုတ်ဖော်ပြခဲ့ခြင်းသာ ဖြစ်တယ်။ အထွေထွေကုန်ထုတ်စွမ်းအားစုတွေ ပိုပြီး တိုးတက်မြင့်မားလာလေ ကမ္ဘာ့ဈေး ကွက်ပေါ်မှာ ပြိုင်ဆိုင်မှု ပိုပြင်းထန်လာလေ၊ အရင်းရှင်နယ်ချဲ့ပါဝါတွေကြား ပဋိပက္ခတွေ ပိုပြင်းထန်လာလေဖြစ်သလို စစ်လက်နက်တွေလည်း မိုက်မိုက်ကန်းကန်းနဲ့ ပိုတပ်ဆင်လာကြလေဖြစ်တယ်၊ ဒီလိုဖြစ်လေ အင်အားချိတဲ့ ပါဝင်သူတွေအဖို့ ပိုပြီး ခက်ခဲကြပ်တည်းလေပဲ။ ဒါ့ကြောင့်မို့ ခေတ်နောက်ကျ တိုင်းပြည်တွေက စောစောစီးစီး ပြိုလဲသွားတဲ့ စာရင်းမှာ နေရာယူထားခြင်း ဖြစ်တယ်။ ကမ္ဘာ့အရင်းရှင်စနစ် ချိန်းကြိုးတန်းကြီးဟာ အားအနည်းဆုံး ကွင်းဆက်က နေ ပြတ်တောက်လေ့ရှိတယ်။

[*Karl von Clausewitz (၁၇၈၀-၁၈၃၁): ပရပ်ရှား စစ်တပ်အရာရှိ ၊ဟေဂယ်ရဲ့ နောက်လိုက် စစ်ရေးသဘော တရားဆရာ] ဘာသာပြန်သူ

ခြွင်းချက်လို့ဆိုရလောက်အောင် အလွန်အမင်း ဆိုးရွားတဲ့ အခြေအနေတွေ (ဆိုကြပါစို့၊ နမူနာပေးရရင် ပြင်ပကနေ စစ်ရေးကျူးကျော်မှုတွေ တောက်လျှောက် ခံရတာ ဒါမှမဟုတ် ဆိုဗီယက် အစိုးရကိုယ်တိုင်က ပြင်ဆင်လို့ မရနိုင်တဲ့ အမှားတွေ ကျူးလွန်မိတာ) ရဲ့ အကျိုးဆက်အနေနဲ့ အလွန်ကျယ်ပြောတဲ့ ဆိုဗီယက် မြေပေါ်မှာ အရင်းရှင်စနစ် တကျော့ပြန် ပေါ်ထွန်းလာခဲ့မယ်ဆိုရင်လည်း အဲဒီအရင်းရှင်စနစ်ရဲ့ သမိုင်းဆိုင်ရာ ချို့ငဲ့မှုဟာ မလွဲမသွေပေါ်ထွက်လာမှာပဲ၊ ဒီလိုပေါ်ထွန်းလာတဲ့ အရင်းရှင်စနစ်ဟာ ၁၉၁၇ အတွင်းအုံကြွပေါက်ကွဲမှုမျိုး ဖြစ်ပေါ်စေခဲ့တဲ့အလားတူ ပဋိပက္ခတွေရဲ့ သားကောင်ပြန်ဖြစ်ဦးမှာပဲ။ ရုရှားလူ့အဖွဲ့အစည်းကသာ အဲဒီပဋိပက္ခတွေကို သူ့ဝမ်းဗိုက်အတွင်း သန္ဓေလွယ်မထားခဲ့ဘူးဆိုရင် ဘယ်လိုနည်းဗျူဟာ ဖော်မြူလာမျိုးနဲ့မှ အောက်တိုဘာ တော်လှန်ရေးကို မွေးဖွားမပေးနိုင်ဘူး။ နောက်ဆုံးသတ္တုချလိုက်ရင် တော်လှန်ရေးပါတီဆိုတာ သန္ဓေသားကို သဘာဝမွေးလမ်းကြောင်းအတိုင်း မီးဖွားပေးဖို့ မဖြစ်နိုင်တဲ့အဆုံး ဗိုက်ခွဲမွေးဖို့ ရွေးချယ်လိုက်ရတဲ့ သားဖွားအထူးကုတယောက်ရဲ့



return to contents

အခန်းကဏ္ဍမျိုးပဲ တောင်းဆိုနိုင်တယ်။

ဒီအဆိုကို တစုံတယောက်က အခုလို တုံ့ပြန်ကောင်းတုံ့ပြန်နိုင်တယ် - “ရုရှား လူ့အဖွဲ့အစည်းဟောင်းဟာ ခေတ်နောက်ကျနေဆဲ အရင်းရှင်စနစ် ဖြစ်သလို မွဲတေနုံချာလှတဲ့ လယ်သမား အများစုရှိတဲ့ တိုင်းပြည်တခုလည်း ဖြစ်တယ်၊ သူတို့ရဲ့ အထက်မှာ ပဒေသရာဇ်ကပ်ပါး လူတန်းစားနဲ့ ယိုယွင်းပျက်စီးနေတဲ့ သက်ဦးဆံပိုင် ဘုရင်စနစ်ကသရဖူဆောင်းထားတယ်။ ဒါ့ကြောင့် မင်းပြောတဲ့ ယေဘုယျ စဉ်းစားချက်တွေဟာ ရုရှား လူ့အဖွဲ့အစည်းဟောင်း ပြိုကွဲပျက်စီးသွားရခြင်း အကြောင်းတရားကို ပြည့်ပြည့်စုံစုံ ရှင်းပြကောင်း ရှင်းပြနိုင်မယ်။ ဒါပေမယ့် ချိန်းကြိုးတန်းကြီးနဲ့ အားအနည်းဆုံး ကွင်းဆက်လို့ နမူနာပေး တင်စားပြောတဲ့နေရာမှာ တကယ့်ပဟေဠိရဲ့ သော့ချက် ပျောက်နေဆဲ ဖြစ်တယ်။ တကယ့်ပဟေဠိက အဲဒီလို ခေတ်နောက်ကျနေဆဲ တိုင်းပြည်တခုမှာ ဆိုရှယ်လစ် တော်လှန်ရေးတခု ဘယ်လို အောင်ပွဲခံနိုင်ခဲ့တာလဲ။တိုင်းပြည်တွေနဲ့ ယဉ်ကျေးမှုတွေယိုယွင်းပျက်စီးသွားတယ်၊ အရင် မင်းမူခဲ့တဲ့လူတန်းစား အဟောင်းတွေ ပြိုကျသွားတယ်၊ ဒါပေမယ့် အစားထိုးဖို့ တိုးတက်တဲ့ လူမှုအင်အားစုက မရှိဘူး။ ဒီလိုနမူနာတွေ သမိုင်းမှာ မနည်းလှပါဘူး။ရုရှား လူ့အဖွဲ့အစည်းဟောင်း ပြိုကွဲသွားခြင်းဟာ ရုရှားကို ဆိုရှယ်လစ်နိုင်ငံတခု မဖြစ်စေဘဲ အရင်းရှင်ကိုလိုနီတခု ဖြစ်သွားစေသင့်တယ်။”

ဒီငြင်းဆိုချက်ဟာ အတော်စိတ်ဝင်စားစရာ ကောင်းတယ်။ ပြဿနာတစုံလုံးရဲ့ အတွင်းသားအနှစ်သာရဆီ ဦးတည်သွားစေတယ်။ ဒါပေမယ့်လည်း ဒီငြင်းဆိုချက်ဟာ မှားတယ်၊ ဒီငြင်းဆိုချက်မှာ အတွင်းသား ညီညွတ်မျှတမှု ကင်းမဲ့နေတယ်လို့ ပြောနိုင်တယ်။ တဖက်မှာ ဒီငြင်းဆိုချက်က သမိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု ခေတ်နောက်ကျနေခြင်း ဖြစ်ရပ်ကို ***အလွန်အမင်း ပုံကြီးချဲ့ ယူဆခြင်းကနေ*** အစပြုထားခြင်း ဖြစ်တယ်။

လူသားတွေအပါအဝင် သက်ရှိတွေဟာသူတို့အသက်အရွယ်နဲ့လိုက်ပြီး ဖွံ့ဖြိုးမှု အဆင့်အဆင့်ကို ဖြတ်သန်းသွားကြတယ်

။ ပုံမှန်ငါးနှစ်အရွယ် ကလေးတယောက်မှာ သူ့အသက်အရွယ်နဲ့ ကိုက်ညီတဲ့ ကိုယ်အလေးချိန်၊ အရွယ်အစားနဲ့ ကိုယ်တွင်း အင်္ဂါဖွံ့ဖြိုးမှုတွေ တွေ့ကြရတယ်။ ဒါပေမယ့် လူသား အသိစိတ် ဖွံ့ဖြိုးမှုကတော့ တမူကွဲတယ်။ လူတဦးချင်းစိတ္တဗေဒရော လူမှု စိတ္တဗေဒရောဟာ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒတို့နဲ့ ကွဲပြားခြားနားနေတယ်။ စိတ္တဗေဒမှာ အလွန်ထူးကဲတဲ့ စုပ်ယူထားနိုင်စွမ်း၊ အလိုက်သင့် ပြောင်းလဲနိုင်စွမ်း၊ ပြုလွယ်ပြင်လွယ် ဖြစ်နိုင်စွမ်းတွေ ရှိတယ်။ ဒီအစွမ်းအစတွေ ရှိနေလို့ပဲ လူသားက သူနဲ့ဆွေမျိုးအနီးစပ်ဆုံး လူဝံကြီးတွေထက် ကြီးကျယ်ခမ်းနားတဲ့ အကျိုးကျေးဇူးတွေ ရရှိနေတာ ဖြစ်တယ်။ စုပ်ယူနိုင်စွမ်းကောင်းပြီး အလိုက်သင့် ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိတဲ့ စိတ္တဗေဒဟာ ဇီဝဗေဒ သက်ရှိတွေနဲ့ ကွဲပြားခြားနားပြီး သင်းပင်းစုရုံးနေတတ်တဲ့ သက်ရှိတွေကို အတွင်းပိုင်း ဖွဲ့စည်းတည်ဆောက်ပုံ ထူးထူးကဲကဲလိုက်လျောညီထွေပြောင်းလဲနိုင်စွမ်း ရရှိသွားစေတယ်။ ဒါဟာ သမိုင်းဆိုင်ရာတိုးတက်မှုအတွက် လိုအပ်ချက်တခုလည်း ဖြစ်တယ်။ အမျိုးသားနိုင်ငံတော်တွေ အထူးသဖြင့် အရင်းရှင်နိုင်ငံတွေဖွံ့ဖြိုးတိုးတက်မှု သမိုင်းမှာ ပုံမှန်ဖြစ်မှုဆိုတာ မရှိသလို တူညီမှုဆိုတာလည်းမရှိဘူး။ နိုင်ငံတခုတည်းရဲ့ ဘဝမှာပဲ မတူညီတဲ့ ယဉ်ကျေးမှု အဆင့်တွေ ( တောင်နဲ့မြောက်လို ဆန့်ကျင်ဖက်ဖြစ်နေတဲ့ အဆင့်တွေတောင် ရှိတတ်) ဟာ တခုနဲ့တခု ပူးကပ်ယှက်နွှယ်နေကြတယ်။

## ပေါင်းစပ်ဖွံ့ဖြိုးခြင်း နိယာမ

သမိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု နောက်ကျနေခြင်းဆိုတာ နိုင်ငံရေးသဘောယူဆချက်တခုဆိုတာ မမေ့သင့်ဘူး။ ခေတ်နောက်ကျ တိုင်းပြည်တွေ ရှိသလို တိုးတက်နေတဲ့ တိုင်းပြည်တွေလည်း ရှိတယ်၊ သူတို့ အချင်းချင်းကြားမှာလည်း အပြန်အလှန် လွှမ်းမိုးမှုတွေ ရှိနေတယ်။ တိုးတက်နေတဲ့ တိုင်းပြည်တွေက ခေတ်နောက်ကျနေဆဲ တိုင်းပြည်တွေအပေါ် ဖိအားရှိသလို ခေတ်နောက်ကျနေဆဲ တိုင်းပြည်တွေဘက်မှာလည်း တိုးတက်နေတဲ့ တိုင်းပြည်တွေကို အမီလိုက်ဖို့လိုအပ်ချက်ရှိတယ်၊ ဒီလိုအမီလိုက်နိုင်အောင် ရှေ့တန်းရောက်



return to contents

တိုင်းပြည်တွေဆီကနေ နည်းပညာနဲ့ သိပ္ပံ အစရှိတဲ့အရာတွေကို ဆွဲငင်စားသုံးကြတယ်။ဒီလိုနည်းနဲ့ ပေါင်းစပ်ဖွံ့ဖြိုးခြင်းပုံစံ ပေါ်ထွက်လာတယ် - ခေတ်နောက်ကျနေတဲ့ ဝိသေသတွေကို ကမ္ဘာပေါ်က နောက်ဆုံးပေါ် နည်းပညာတွေ၊ ကမ္ဘာပေါ်က ရှေ့တန်းရောက် အတွေးအခေါ်တွေနဲ့ ပေါင်းစပ်ထားတယ်။ အဆုံးမှာတော့ သမိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု နောက်ကောက်ကျနေဆဲ တိုင်းပြည်တွေဟာ သူတို့ရဲ့ နောက်ကောက်ကျမှုကို ကျော်လွှားသွားနိုင်ဖို့ တခြားတိုင်းပြည်တွေထက် ရှေ့ရောက်အောင် မကြာခဏဆိုသလို တွန်းအားပေးခံရတယ်။

လူမှုအသိစိတ်ရဲ့ ပြုလွယ်ပြင်လွယ်ဖြစ်မှုကြောင့် တချို့သောအခြေအနေတွေမှာ အောင်သီးအောင်ပွင့်ရအောင် လုပ်ပေးနိုင်တယ်၊ တဦးချင်းစိတ္တဗေဒနယ်ပယ်မှာတော့ "အငုံ့စိတ်ကို ကျော်လွှားခြင်း"လို့ ခေါ်ကြတယ်။ ဒီအနက် နဲ့ဆိုရရင် အောက်တိုဘာတော်လှန်ရေးဟာ ရုရှားလူထုက သူတို့ရဲ့ စီးပွားရေးနဲ့ ယဉ်ကျေးမှု နိမ့်ပါးနေဆဲ အခြေအနေကို ကျော်လွှားသွားနိုင်အောင် စွမ်းဆောင်ခဲ့တဲ့ သူ့ရဲကောင်းပီသသော လုပ်ရပ်ဖြစ်တယ်။

စိတ္တဗေဒဆန်ကောင်းဆန်နိုင်တဲ့ ဒီ သမိုင်းဗေဒ အဘိဓမ္မာဆိုင်ရာ ယေဘုယျ အဆိုပြုချက်တွေကနေ အခိုင်အမာ ပြဿနာအဖြစ် ဆန်းစစ်ကြည့်ကြပါစို့။ဆိုလိုတဲ့သဘောက သက်ဝင်လှုပ်ရှားနေတဲ့ ဘောဂဗေဒဆိုင်ရာ အခိုင်အမာ အချက်အလက်တွေနဲ့ ဒီပြဿနာကို ဖော်ထုတ်ကြည့်ရအောင်။ ရုရှားရဲ့နောက်ကောက်ကျမှုဟာ ၂၀ ရာစု အစပိုင်း မှာ ရှင်းရှင်းလင်းလင်း ထုတ်ဖော်လာခဲ့တယ်၊ ရုရှားပြည်ထဲက လယ်သမားထုနဲ့ နှိုင်းစာလိုက်ရင် စက်မှုလုပ်ငန်းက မဆိုစလောက်သာ ရှိခဲ့တယ်။ ခြုံပြောရရင် တပြည်လုံး လုပ်အားရဲ့ ကုန်ထုတ်သတ္တိ နိမ့်ပါးနေခြင်းကို ဆိုလိုတာပဲ။ ပထမကမ္ဘာစစ် ဖြစ်ခါနီး ဇာဘုရင်ခေတ်ရုရှားရဲ့ နိုင်ငံလုံးဆိုင်ရာ ဝင်ငွေဟာ အဲဒီကာလ အမေရိကန် ပြည်ထောင်စု ဝင်ငွေထက် ရှစ်ဆကနေ ဆယ်ဆလောက် ပိုနည်းခဲ့တယ်။ ဒီတချက်နဲ့တင် ရုရှားရဲ့ အခြေအနေကို မြင်သာတယ်။ "လှိုင်းအကျယ်"ဆို

တဲ့ စကားလုံးကို ခေတ်နောက်ကျမှုနဲ့ ဆက်စပ်ပြီး သုံးစွဲလို့ရမယ်ဆိုရင် ဒီအချက်ဟာ ရုရှားရဲ့ သမိုင်းဆိုင်ရာ နောက်ကောက်ကျမှု "လှိုင်းအကျယ်"ကို ကိန်းဂဏန်းအားဖြင့် ဖော်ထုတ်ပြလိုက်တာပဲ။

သို့သော်လည်း တချိန်တည်းမှာ ပေါင်းစပ်ဖွံ့ဖြိုးခြင်း နိယာမက စီးပွားရေးနယ်ပယ်အတွင်း အဆင့်တိုင်းမှာ ရိုးရိုးရှင်းရှင်း ဖြစ်ရပ်အနေနဲ့သာမက ရှုပ်ထွေးတဲ့ ဖြစ်ရပ်အနေနဲ့ပါ ဖော်ထုတ်ပြခဲ့တယ်။ ဟိုင်းဝေးလမ်းကြီးတွေ မရှိသလောက်ဖြစ်နေတဲ့ ရုရှားဟာ ရထားလမ်းမကြီးတွေ ဆောက်လုပ်ပေးခဲ့ရတယ်။ ဥရောပမှာ အရင်းရှင်စနစ်ဆီ မတက်လှမ်းနိုင်ခင် လက်မှုလုပ်ငန်းနဲ့manufacture ခေါ် အလုပ်ရုံကြီးတွေ အရင်ပေါ်ထွန်းခဲ့တယ်။ ရုရှားမှာ အဲဒီအဆင့်တွေ မဖြတ်သန်းခဲ့ရဘဲ စက်ယန္တယားကြီးတွေနဲ့ ကုန်ထုတ်လုပ်ခြင်းဆီ တိုက်ရိုက်တက်လှမ်းသွားခဲ့တယ်။ ကြားအဆင့်တွေကို ကျော်လွှားပြီး အမီလိုက်ဖို့ ကြိုးစားတာဟာ ခေတ်နောက်ကျ တိုင်းပြည်တွေရဲ့ ဖွံ့ဖြိုးမှုပုံစံ ဖြစ်တယ်။

လယ်ယာစိုက်ပျိုးရေးက ၁၇ ရာစုအဆင့်မှာပဲ ရှိနေသေးပေမယ့် ရုရှားစက်မှုကဏ္ဍကတော့ မကျယ်ပြန့်ဘူးဆိုရင်တောင် အမျိုးအစားအားဖြင့် ရှေ့တန်းရောက် တိုင်းပြည်တွေရဲ့ အဆင့်အနေအထားကို ရရှိထားခဲ့တယ်။ မျက်နှာစာတချို့မှာဆိုရင် တိုးတက်နေတဲ့ တိုင်းပြည်တွေထက်ကို ခေါင်းတလုံးပိုသာနေခဲ့တယ်။ အလုပ်သမား ၁၀၀၀ ကျော်ခန့်ပြီး လည်ပတ်နေတဲ့ အမေရိကန်ပြည်ထောင်စုက ရောမလုပ်ငန်းကြီးတွေမှာ စက်မှု အလုပ်သ မား စုစုပေါင်းရဲ့ ၁၈% အောက်ပဲ ရှိတယ်၊ ရုရှားမှာ ၄၁% ကျော် ရှိတယ်။ ဒီတချက်နဲ့တင် မြင်သာပါတယ်။ ရုရှားရဲ့ စီးပွားရေး ဖွံ့ဖြိုးမှုနောက်ကျနေခြင်းကို ထုံးစံအတိုင်းမြင်ထားမယ်ဆိုရင် ဒီအချက်ကို နားလည်နိုင်မှာ မဟုတ်ဘူး။ တဖက်ကကြည့်မယ်ဆိုရင်လည်း ဒီအချက်ဟာ ရုရှားရဲ့ နောက်ကောက်ကျမှုကို ချေဖျက်မပစ်ပါဘူး၊ ခေတ်နောက်ကျမှုကို ဒိုင်ယာလက်တစ်ဆန်ဆန်ပေါင်းဖက်ပေးထားခြင်း ဖြစ်တယ်။



return to contents

ဒီလိုမျိုး ပဋိပက္ခဖြစ်နေတဲ့လက္ခဏာကို အဲဒီနိုင်ငံရဲ့ လူတန်းစားဖွဲ့စည်းပုံက သက်သေထူထားတယ်။ ဥရောပရဲ့ ဘဏ္ဍာအရင်းကရုရှားစီးပွားရေးကို တဟုန်ထိုး စက်မှုထွန်းကားသွားစေခဲ့တယ်။ စက်မှု ဘူဇွာတွေဟာနေ့ချင်းညချင်း အကြီးစား အရင်းရှင်လက္ခဏာ ဆောင်သွားသလို လူထု ဆန့်ကျင်ရေးအသွင်လည်း ဆောင်သွားခဲ့တယ်။ ဒါ့အပြင် နိုင်ငံခြား စတော့(ခ်)ပိုင်ရှင်တွေဟာ ရုရှားနိုင်ငံရဲ့ ပြင်ပမှာပဲ နေထိုင်ကြတယ်။ အခြားတဖက်မှာတော့ အလုပ်သမားတွေဟာ သဘာဝကျစွာပဲ ရုရှားတွေ ဖြစ်နေတယ်။ နေရှင်နယ် ဇစ်မြစ်မရှိတဲ့ ရုရှား ဘူဇွာတွေဟာအရေအတွက်အားဖြင့်လည်းအင်အားနည်းလှပါတယ်၊ သူတို့နဲ့ ဆန့်ကျင်ဖက် ထိပ်တိုက်တိုးလာတဲ့ ပစ္စည်းမဲ့ လူတန်းစားကတော့ လူထုကြားနက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ထားပြီး အတော်လည်း အားကောင်းတယ်။

ခေတ်နောက်ကျ နေဆဲ ရုရှားလို တိုင်းပြည်တခုဟာ သူ့ပြိုင်ဖက် နိုင်ငံတွေကို အမီလိုက်ဖို့ တွန်းအားပေးခံရတယ်၊ ဒီလို နိုင်ငံတခုမှာ သူ့ကိုယ်ပိုင် လူမှု ကွန်ဆာဗေးတစ်ဝါဒ ဒါမှမဟုတ် နိုင်ငံရေး ကွန်ဆာဗေးတစ်ဝါဒ ထုတ်လုပ်ဖို့ မစွမ်းနိုင်ဘူး၊ ဒီအချက်ဟာ ပစ္စည်းမဲ့လူတန်းစားရဲ့ တော်လှန်ရေးလက္ခဏာကို ထပ်လောင်းအားကောင်းစေတယ်။ ဥရောပရဲ့ ကွန်ဆာဗေးတစ်အဆန်ဆုံး (အမှန်တော့ တကမ္ဘာလုံးမှာ ကွန်ဆာဗေးတစ် အဖြစ်ဆုံး) နိုင်ငံကို သက်တမ်းအရင့်ဆုံး အရင်းရှင် တိုင်းပြည်တခုဖြစ်တဲ့ အင်္ဂလန်လို့ ယူဆကြတယ်။ ကွန်ဆာဗေးတစ်ဝါဒ အကင်းဆုံး ဥရောပတိုင်းပြည် ပြပါဆိုရင် ရုရှား ဖြစ်နိုင်တယ်။

ဒါပေမယ့် နုနယ် ပျိုမြစ်ပြီး ပြတ်သားတဲ့ ရုရှား အလုပ်သမား လူတန်းစားဟာ တနိုင်ငံလုံး အတိုင်းအတာအရဆို လက်တဆုပ်စာပဲ ရှိနေသေးတယ်။ ပစ္စည်းမဲ့ လူတန်းစားရဲ့ တော်လှန်ရေးစွမ်းအားဟာ အလုပ်သမား လူတန်းစားပြင်ပက မြေကျွန်တပိုင်း လယ်သမားထုနဲ့ အဖိနှိပ်ခံ လူမျိုးစုတွေကြားမှာ အရံအင်အားတွေအဖြစ် ကိန်းဝပ်နေတယ်။

## လယ်သမားထု



return to contents

မြေယာပြဿနာဟာတော်လှန်ရေးရဲ့ မြေအောက်လွှာ ဖြစ်ခဲ့တယ်။ ခေတ်ဟောင်း ပဒေသရာဇ် သက်ဦးဆံပိုင်ဘုရင်စနစ်ဟာ အသစ်ပေါ်ထွန်းလာတဲ့ အရင်းရှင်စနစ် သွေးစုပ်ခြယ်လှယ်မှု အခြေအနေတွေအောက်မှာ ဘယ်လိုမှ ထမ်းပိုးထားလို့ မရတော့တဲ့ အခြေဆိုက်လာခဲ့တယ်။ လယ်သမားတွေ လုပ်ကိုင်စားသောက်ခွင့်ရှိတဲ့ ကွန်မြူး မြေဧရိယာ အကျယ်အဝန်းဟာ ဒက်ဆီယာတင်း သန်း ၁၄၀ လောက်ပဲ ရှိခဲ့တယ်။ ဒါပေမယ့် ဦးရေ ၃၀၀၀၀ လောက်ရှိတဲ့ မြေရှင်ကြီးတွေကတော့ မြေဧရိယာ အကျယ်အဝန်း ဒက်ဆီယာတင်း ၇ သန်းလောက် ပိုင်ဆိုင်နေကြတယ်။ သဘောက လယ်သမား ၁၀ သန်း လုပ်ကိုင်စားသောက်နိုင်တဲ့ မြေဧရိယာ အကျယ်အဝန်းကို မြေရှင်ကြီး ၃၀၀၀၀ လောက်က ပိုင်ဆိုင်ထားခြင်းဖြစ်တယ်။ အဲဒီစာရင်းအင်းတွေက လယ်သမာ သူပုန်ထခြင်း လုပ်ငန်းစဉ်တခုကို အဆင်သင့် ပြင်ပေးထားလိုက်တာပဲ။

သူကောင်းမျိုးအနွယ် ဘိုကိုရင်က မြူနီစီပယ် ဒူးမားဥက္ကဋ္ဌဆီကို ၁၉၁၇ခုနှစ်မှာ စာရေးခဲ့ဖူးတယ် - "ကျနော်ဟာ မြေရှင်တစ်ဦးဖြစ်တယ်၊ ကျနော်ပိုင်ဆိုင်တဲ့ မြေယာတွေ ဆုံးရှုံးသွားရမယ်ဆိုတဲ့ အတွေးမျိုး ခေါင်းထဲတောင် အရောက်မခံနိုင်ဘူး။ ယုံနိုင်စရာမရှိတဲ့ ရည်ရွယ်ချက်တခုအတွက်၊ ဆိုရှယ်လစ်ဒေသနာကို စမ်းသပ်ကြည့်ဖို့ အတွက် ဒီလိုအတွေးမျိုး ခေါင်းထဲအရောက်မခံနိုင်ဘူး။" ဒါပေမယ့် အုပ်စိုးသူ လူတန်းစားတွေ သူတို့ခေါင်းထဲ အရောက်မခံနိုင်တဲ့အရာတွေကို အကောင်အထည်ဖော်ရတာကို က တော်လှန်ရေးတွေရဲ့ တာဝန်မဟုတ်ပါလား။

၁၉၁၇ ဆောင်းဦးကာလမှာ ရုရှားတပြည်လုံးနီးပါး လယ်သမား သူပုန်ထမှုတွေ တဟုန်းဟုန်းပဲ။ ခေတ်ဟောင်းရုရှားရဲ့ ဌာနကြီး ၆၄၂ ခုအနက် ၄၈၂ဌာန (၇၇%)ကို လူထု လှုပ်ရှားမှုကြီးတွေက လွှမ်းမိုးရိုက်ခတ်သွားခဲ့တယ်။ တော်လှန်မီးတောက်ညီးနေတဲ့ ကျေးလက်ဒေသတွေက ရောင်ပြန်ဟပ်အလင်းဟာ သူပုန်ထ မြို့ပြဒေသတွေကို လင်းထင်းသွားစေခဲ့တယ်။

သို့သော်လည်း ခင်ဗျားကအခုလို ငြင်းချက် ထုတ်နိုင်တယ် - မြေရှင်ကြီးတွေကို ဆန့်ကျင်တော်လှန်တဲ့ လယ်သမား စစ်ပွဲဆိုတာဘူဇွာ တော်လှန်ရေးရဲ့ စံတော်ဝင်ဝိသေသတစ်ခုသာ ဖြစ်တယ်၊ ပစ္စည်းမဲ့ တော်လှန်ရေး လုံးဝမဟုတ်ဘူးလို့။

လုံးဝ မှန်ပါတယ်လို့ ကျနော် ပြန်ပြောမှာပဲ၊ အတိတ်တုန်းက အဲဒီလို ဖြစ်ခဲ့တာပဲ။ ဒါပေမယ့် သမိုင်းဖွံ့ဖြိုးမှုအရ နောက်ကောက်ကျနေတဲ့ တိုင်းပြည်တစ်ခုမှာ အရင်းရှင်စနစ် ရှင်သန်ကြီးထွားနိုင်စွမ်း မရှိခြင်းကို ဟောဒီအချက်မှာ အတိအလင်း ဖွင့်ထုတ်ပြထားတယ် - လယ်သမား သူပုန်ထမှုတွေဟာ ရုရှား ဘူဇွာ လူတန်းစားကို ရှေ့တိုး တော်လှန်လာအောင် တွန်းမပို့ခဲ့ဘူး၊ ဆန့်ကျင်ဖက် အနေနဲ့ ဘူဇွာလူတန်းစားကို ဖောက်ပြန်တဲ့ဘက်ဆီပဲ နောက်ပြန်ခေါက်သွားစေခဲ့တယ်။ လယ်သမားထုအနေနဲ့အလုံးစုံ မပျက်သုဉ်းလိုဘူးဆိုရင် စက်မှုအလုပ်သမား လူတန်းစားနဲ့ လက်တွဲလိုက်ဖို့သာ ရှိတော့တယ်။ အဲဒီအဖိနှိပ်ခံလူတန်းစားကြီးနှစ်ရပ် အတူလက်တွဲတော်လှန်ရေးကို ဉာဏ်အမြော်အမြင် ကြီးမားတဲ့ လီနင်က ကြိုမြင်နိုင်ခဲ့တယ်၊ ဒီအတွက်လည်း တော်လှန်ရေး မဖြစ်ခင် ဟို အရင်ကတည်းက လီနင် ကြိုပြင်ခဲ့တယ်။

ဘူဇွာလူတန်းစားကသာ မြေယာပြဿနာကို သတ္တိရှိရှိ ကိုင်တွယ်ဖြေရှင်းခဲ့တယ်ဆိုရင် ၁၉၁၇ မှာ ရုရှား ပစ္စည်းမဲ့ လူတန်းစားက အာဏာသိမ်းနိုင်ခဲ့မှာ မဟုတ်ဘူး။ ဒါပေမယ့် သမိုင်းစင်မြင့်ပေါ်ကို အလွန်တရာ နောက်ကျပြီးမှ ရောက်ရှိလာတဲ့ ရုရှား ဘူဇွာတွေဟာ အလိုရမ္မက်ကြီးပြီး သတ္တိနည်းတယ်၊ သမိုင်းဇာတ်ခုံပေါ် အလွန်တရာနောက်ကျပြီးမှ ရောက်လာရတော့စောစောစီးစီး အိုမင်းရင့်ရော်မှုရဲ့သားကောင်ဖြစ်ရတယ်။ ဒီလိုဖြစ်နေတဲ့ ဘူဇွာတွေဟာ ပဒေသရာဇ် မြေရှင်ကြီးတွေကို လက်ညှိုးတချက်တောင် မထိုးရဲဘူး။ ဒါတွေကြောင့်ပဲ ပစ္စည်းမဲ့ လူတန်းစားကို အာဏာနှင်းအပ်ခဲ့တယ် ၊ဘူဇွာ လူ့အဖွဲ့အစည်းရဲ့ ကြမ္မာတခုလုံး စီရင်ခြယ်လှယ်ခွင့်ကိုပါ နှင်းအပ်ခဲ့တယ်။

ဆိုဗီယက် နိုင်ငံတော် တည်ရှိလာနိုင်အောင် သမိုင်းဆိုင်ရာ သဘာဝချင်း ခြားနားတဲ့ အကြောင်းအချက် နှစ်ခု ပေါင်းဆုံမိဖို့ လိုအပ်ခဲ့တယ်။ အဲဒီနှစ်ချက်ကတော့ (၁) ဘူဇွာ ဖွံ့ဖြိုးမှု အရဏ်ဦးရဲ့ ဝိသေသဖြစ်သော လယ်သမား စစ်ပွဲနဲ့ (၂) ဘူဇွာ လှုပ်ရှားမှု ကျဆုံးခန်းကို ကြေညာလိုက်တဲ့ ပစ္စည်းမဲ့ အုံကြွမှုပဲ။ ဒီနေရာမှာ ရုရှား တော်လှန်ရေးရဲ့ ***ပေါင်းစပ်ဖွံ့ဖြိုးခြင်း ဝိသေသ***ကို တွေ့ရမယ်။

ဝက်ဝံကို (လယ်သမားထုကို ရည်ညွှန်း) သူ့နောက်ခြေပေါ် ရပ်ခွင့်ပေးလိုက်တာနဲ့ ဒေါသပုန်ထလာမယ်။ ဒါပေမယ့် ခံပြင်းဒေါသထွက်မှုကို သိစိတ်ရှိရှိ ထုတ်ဖော်ပြနိုင်စွမ်း မရှိဘူး။ ဒီလိုလုပ်ပေးနိုင်ဖို့ ခေါင်းဆောင် လိုအပ်တယ်။ သူပုန်ထ လယ်သမားတွေဟာ ကမ္ဘာ့သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် ပစ္စည်းမဲ့ လူတန်းစားဆိုတဲ့ သစ္စာရှိ ခေါင်းဆောင်ကို တွေ့ရှိသွားခဲ့တယ်။

စက်ရုံကြီးတွေနဲ့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေက (၄)သန်းရှိတဲ့ အလုပ်သမားတွေက သန်း(၁၀၀)ကျော် လယ်သမားထုကို ခေါင်းဆောင်သွားခဲ့တယ်။ ဒါဟာ တော်လှန်ရေးအတွင်း ပစ္စည်းမဲ့ လူတန်းစားနဲ့လယ်သမားထုကြား သဘာဝကျကျ မလွဲမသွေ ထွက်ပေါ်လာခဲ့တဲ့အပြန်အလှန် ဆက်နွယ်မှု ဖြစ်ခဲ့တယ်။

## လူမျိုးစု ပြဿနာ

ပစ္စည်းမဲ့ လူတန်းစားရဲ့ တော်လှန်ရေး စွမ်းအင်တွေ သိုမှီးထားတဲ့ ဒုတိယ အင်အားစုက အဖိနှိပ်ခံလူမျိုးစုတွေပဲ။ အဖိနှိပ်ခံ လူမျိုးစုတွေထဲမှာ အများတကာ့ အများစုကြီးက လယ်သမားထု ဖြစ်နေပြန်တယ်။ ရုရှားနိုင်ငံရဲ့ သမိုင်း ဆိုင်ရာ နောက်ကောက်ကျမှုနဲ့အတူ တပူးတည်းတွဲပါလာတာက နိုင်ငံတော်ရဲ့ အလွန်အမင်း ဖြန့်ကျက်အုပ်စိုးမှု ဝိသေသ ဖြစ်ပါတယ် မော်စကိုဆိုတဲ့ ဗဟိုချက်ကနေ ဘေးအနားသတ်တွေဆီ ဖြန့်ထွက်သွားတဲ့ အမဲဆီစက်ကြီးလို ဖြန့်ထွက် အုပ်စိုးနေတယ်။ အရှေ့ဘက် အခြမ်းမှာ သူ့ထက်ပိုနောက်ကောက်ကျနေဆဲ လူမျိုးစုတွေကို လက်အောက်ခံအဖြစ် သွတ်သွင်းအုပ်ချုပ်တယ်။ ဒီအပေါ် ခြေ


return to contents

ကုပ်ယူပြီး အနောက်ဘက်တကျောက ပိုပြီးဖွံ့ဖြိုးတဲ့ လူမျိုးစုတွေကို လည်မျိုညှစ် စိုးမိုးတယ်။ မဟာရုရှား လူမျိုးသန်း ၇၀ ကလူဦးရေရဲ့ အဓိက အုပ်စုကြီး ဖြစ်နေပြီး တခြား လူမျိုးစုအားလုံး စုစုပေါင်းသန်း ၉၀ နဲ့ ထပ်ပေါင်းထားတယ်။

ဒီလိုနည်းနဲ့ အင်ပိုင်ယာကြီး ထွက်ပေါ်လာခဲ့တယ်။ အင်ပိုင်ယာထဲမှာ အုပ်စိုးသူ လူမျိုးစုက လူဦးရေရဲ့ ၄၃% သာ ရှိခဲ့တယ်၊ ကျန် ၅၇% မှာ ယဉ်ကျေးမှု အဆင့်အတန်း နဲ့ ဥပဒေ အကာအကွယ်ကင်းမဲ့မှု အတိုင်းအဆ အမျိုးမျိုး ကွဲပြားနေတဲ့ လူမျိုးစု အသီးသီး ပါဝင်နေတယ်။ လူမျိုးစု ပြဿနာ ဖိအားဟာ အိမ်နီးချင်း တိုင်းပြည်တွေမှာထက် မယှဉ်သာအောင် ကြမ်းတမ်းလှပါတယ်။ ဒီအခြေအနေဟာ လူမျိုးစု ပြဿနာကို ပေါက်ကွဲအား အလွန်ကြီးမားတဲ့ အင်အားစုကြီးတစ်ခု ဖြစ်စေခဲ့တယ်။

ရုရှား လစ်ဘရယ် ဘူဇွာတွေဟာ လူမျိုးစု ပြဿနာမှာပဲဖြစ်ဖြစ်၊ လယ်ယာမြေပြဿနာမှာပဲဖြစ်ဖြစ် ဖိနှိပ်မှုနဲ့ အကြမ်းဖက်မှု မဆိုစလောက် လျှော့ပါးရုံပဲ လုပ်လိုကြတယ်၊ ဒီထက်ပိုပြီး ဖြေရှင်းလိုခြင်း မရှိခဲ့ဘူး။ မဟာရုရှား ဘူဇွာလူတန်းစားနဲ့ ဗျူရိုကရေစီရဲ့ အကျိုးစီးပွားတွေကို ထင်ဟပ်နေတဲ့ မီလျူကော့(မ်)*နဲ့ ကရင်စကီးတို့ရဲ့ "ဒီမိုကရက်တစ်" အစိုးရတွေဟာ သူတို့တည်ရှိခဲ့တဲ့ ရှစ်လတာအတွင်း အဖိနှိပ်ခံ လူမျိုးစုတွေစိတ်ထဲ အခုလို စွဲထင်ကျန်ခဲ့အောင် လုပ်သွားခဲ့ကြတယ် - "အင်အားသုံးပြီး ယူနိုင်သလောက် ခင်ဗျားတို့ရလိမ့်မယ်"။

*Miliukov, Paul (၁၈၅၉ - ၁၉၄၃)။ ။ ရုရှားက အရင်းရှင် ကေဒက်ပါတီ ခေါင်းဆောင်။ ၁၉၁၇ မေလ အထိ နိုင်ငံခြားရေး ဝန်ကြီးလုပ်ခဲ့။

ခွဲထွက်လိုတဲ့ လူမျိုးစု လှုပ်ရှားမှုတွေ မလွဲမသွေ ဖြစ်ပေါ်လာမယ့်အချက်ကို ခပ်စောစောကတည်းက လီနင် အလေးအနက် စဉ်းစားခဲ့တယ်။ ဘော်ရှီဗစ်ပါတီက လူမျိုးစုတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ခွဲထွက်ပြီး သီးခြားနိုင်ငံ ထူထောင်ခွင့်)အတွက် နှစ်ပေါင်းများစွာ ပြတ်ပြတ်သားသား တိုက်ပွဲ


return to contents

ဝင်ခဲ့တယ်။ လူမျိုးစု ပြဿနာအပေါ် ဒီလို ရဲရင့်ပြတ်သားတဲ့ ရပ်တည်ချက်ကြောင့်ပဲ ရုရှား ပစ္စည်းမဲ့ လူတန်းစားက အဖိနှိပ်ခံ လူမျိုးစု ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုကို တဖြည်းဖြည်းချင်း သိမ်းယူနိုင်ခဲ့တယ်။ လူမျိုးစုတွေရဲ့ လွတ်မြောက်ရေး လှုပ်ရှားမှုနဲ့ မြေယာလှုပ်ရှားမှုတွေဟာ ဘူဇွာ ဒီမိုကရက်တွေကို ဆန့်ကျင်လာပြီး ပစ္စည်းမဲ့ လူတန်းစားကို အားကောင်းစေခဲ့တယ်၊ အောက်တိုဘာ အုံကြွမှုရေစီးထဲ အားသွန်ခွန်စိုက် ပါဝင်ခဲ့ကြတယ်။

## စဉ်ဆက်မပြတ် တော်လှန်ရေး (The permanent revolution)

သမိုင်းဖွံ့ဖြိုးမှု နောက်ကောက်ကျနေဆဲ တိုင်းပြည်တစ်ခုမှာ ပစ္စည်းမဲ့တော်လှန်ရေး ဘာ့ကြောင့် အောင်ပွဲရခဲ့သလဲ ဆိုတဲ့ နားလည်ရခက်တဲ့ ပဟေဋ္ဌိကို အပေါ်မှာ ရှင်းပြခဲ့တဲ့ နည်းလမ်းတွေနဲ့ အဖြေထုတ်ပေးနိုင်တယ်။

အရေးတော်ပုံကြီး မဖြစ်ခင် အစောပိုင်းနှစ်တွေကတည်းက တော်လှန်ရေးဖြစ်ပေါ်မယ့်လမ်းကြောင်းနဲ့ ငယ်ရွယ်ပျိုမြစ်ဆဲ ရုရှား ပစ္စည်းမဲ့ လူတန်းစားရဲ့ သမိုင်းဆိုင်ရာ အခန်းကဏ္ဍကို မာ့(က်စ်)ဝါဒီ တော်လှန်ရေးသမားတွေ ကြိုတင်သုံးသပ်ခဲ့ကြတယ်။ ၁၉၀၅ ခုနှစ်မှာ ကျနော်ရေးခဲ့တဲ့ လက်ရာတစ်ခုထဲက စာပိုဒ်တပိုဒ်ကို ထပ်ပြီးကိုးကားပါရစေ -

“ပစ္စည်းမဲ့ လူတန်းစားက ရှေ့တန်းရောက် အရင်းရှင် တိုင်းပြည်ထက် ပိုစောပြီး စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးမှု နောက်ကောက်ကျနေဆဲ တိုင်းပြည်တစ်ခုမှာ အရင် အာဏာရနိုင်တယ်။

“ပစ္စည်းမဲ့ လူတန်းစားလက်ထဲ အာဏာလွှဲပေးနိုင်မယ့် (အောင်မြင်တဲ့ တော်လှန်ရေးတရပ်ဆိုရင် မဖြစ်မနေ လွှဲပေးရမယ့်) အခြေအနေတွေကို ရုရှား တော်လှန်ရေးက ဖန်တီးပေးထားတယ်၊ ဘူဇွာ လစ်ဘရယ်ဝါဒပေါ်လစီမှာ သူ့အုပ်စိုးမှု အစွမ်းအစကိုလက်ကုန်ထုတ်ပြနိုင်တဲ့ အခွင့်အလမ်းမရလိုက်ခင်ကတည်းက ဒီ အခြေအနေတွေ ဖန်တီးပေးခဲ့ပြီး ဖြစ်တယ်။

“လယ်သမားထုရဲ့ အခြေခံအကျ



return to contents

ဆုံး တော်လှန်ရေး အကျိုးစီးပွားကို တော်လှန်ရေး တခုလုံးရဲ့ ကြမ္မာနဲ့ တွဲနှောင် ထားတယ်၊ သဘောကပစ္စည်းမဲ့ လူတန်းစားရဲ့ ကြမ္မာနဲ့ ပူးချည်ထားတယ်။ ပစ္စည်းမဲ့ လူတန်းစားက အာဏာသိမ်း ယူလိုက်တယ်ဆိုရင်ပဲ လယ်သမားထုရဲ့ ရှေ့မှောက်မှာ လွတ်မြောက်ရေး ဖောင်ဆောင်သူ လူတန်းစားအဖြစ် ပေါ်လာလိမ့်မယ်။ "ပစ္စည်းမဲ့ လူတန်းစားက ပြည်သူတရပ်လုံးရဲ့ တော်လှန်ရေး ကိုယ်စားလှယ် အဖြစ်နဲ့ အစိုးရ ဖြစ်လာမယ်၊ သက်ဦးဆံပိုင် ဘုရင်စနစ်နဲ့ မြေကျွန်စနစ်ကို ဆန့်ကျင်တိုက်ဖျက်ရာမှာ လူထုတရပ်လုံးက အသိအမှတ်ပြုထားတဲ့ တပ်ဦးအနေနဲ့ အစိုးရဖြစ်လာမယ်။

"ပစ္စည်းမဲ့ အစိုးရဟာ စပေါ်လာကတည်းက မြေယာပြဿနာ ဖြေရှင်းရေးကို အခိုင်အမာ ရပ်တည်သွားလိမ့်မယ်၊ ဒီပြဿနာဟာ ရုရှားပြည်က အများတကာ့ အများစုသော လူထုကြီးရဲ့ ကြမ္မာနဲ့ သက်ဆိုင်နေတယ်။"

ဒီကနေ့ ကျနော်တင်ပြနေတဲ့ အောက်တိုဘာ တော်လှန်ရေး သီအိုရီဟာ အရေးတော်ပုံပြီးမှ ဖြစ်ရပ်တွေနဲ့ အံဝင်အောင် ပြန်တည်ဆောက်ထားတာ မဟုတ်ကြောင်း ထင်ရှားစေချင်လို့ ဒီစာပိုဒ်တွေကို အကျယ်တဝင့် ပြန်ကိုးကား လိုက်တာပါ။ အောက်တိုဘာ အုံကြွမှုမတိုင်ခင် နှစ်ပေါင်းများစွာကတည်းက နိုင်ငံရေး သုံးသပ်ချက်အနေနဲ့ ဖော်ထုတ်ထားခဲ့ခြင်း ဖြစ်ပါတယ်။ သီအိုရီတစ်ခုက ရှေ့လာမယ့် ဖြစ်ပေါ်တိုးတက်မှုတွေကို ကြိုမြင်နိုင်အောင် လမ်းပြပေးနိုင်မယ်၊ အဲဒီ ဖြစ်ပေါ်တိုးတက်မှုတွေကို ရည်ရွယ်ချက်အတိုင်း လွှမ်းမိုးပေးနိုင်စေမယ်ဆိုရင် တန်းဖိုးရှိတဲ့ သီအိုရီတစ်ခုလို့ ယေဘုယျ ဆိုနိုင်လိမ့်မယ်။လူမှုသမိုင်း ဦးတည်မှုကို လမ်းပြပေးနိုင်သော လက်နက်တခု အနေနဲ့ မာ့(က်စ်)ဝါဒက တန်းဖိုးဖြတ်လို့ မရအောင်အရေးပါနေတာလည်း ဒီအချက်ကြောင့်ပဲလို့ယေဘုယျသဘော ပြောလို့ရတယ်။လက်ချာချိန် အကန့်အသတ်ကြောင့် အထက်ပါ ကောက်စာကို အကျယ်တဝင့် ထပ်မရှင်းနိုင်တာ ဝမ်းနည်းပါတယ်။ ဒါ့ကြောင့် ၁၉၀၅ ခုနှစ်က ရှေး



return to contents

ခဲ့တဲ့ လက်ရာတစ်ခုလုံးကို အကျဉ်းချုပ် ကောက်နှုတ်ချက်နဲ့ပဲ ကျေနပ်ရတော့မယ်။

လက်ငင်း တာဝန်တွေအရဆို ရင် ရုရှား တော်လှန်ရေးဟာ ဘူဇွာ တော်လှန်ရေးတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် ရုရှား ဘူဇွာ လူတန်းစားဟာ တော်လှန်ရေးနဲ့ ဖီလာဆန့်ကျင်ဖြစ်တယ် ။ ဒါ့ကြောင့် တော်လှန်ရေး အောင်ပွဲဟာ ပစ္စည်းမဲ့ လူတန်းစားရဲ့ အောင်ပွဲအနေနဲ့ ပဲ ဖြစ်နိုင်တယ်။ ဒါပေမယ့် အောင်ပွဲဆင် လာတဲ့ ပစ္စည်းမဲ့ လူတန်းစားဟာ ဘူဇွာ ဒီမိုကရေစီ လုပ်ငန်းစဉ်မှာတင် ရပ်နေမှာ မဟုတ်ဘူး၊ ဆိုရှယ်လစ် လုပ်ငန်းစဉ်အထိ ဆက်သွားလိမ့်မယ်။ ရုရှား တော်လှန်ရေး ဟာ ကမ္ဘာ့ ဆိုရှယ်လစ် တော်လှန်ရေး ရဲ့ ပထမခြေလှမ်း ဖြစ်လာလိမ့်မယ်။

ဒါ ဟာ ၁၉၀၅ ခုနှစ်တုန်းက ကျနော် ဖော်ထုတ် ခဲ့တဲ့ စဉ်ဆက်မပြတ် တော်လှန်ရေး သီအိုရီဖြစ်ပါတယ်၊ အဲဒီအချိန်ကစ လို့ "ထရော့စကီးဝါဒ" ခေါင်းစဉ်တပ် ပြီး အပြင်းထန်ဆုံး ဝေဖန်ခံခဲ့ရတယ်။

ဒီထက် ပိုပြီးတိကျအောင် ပြော ရရင် ဒါဟာ အဲဒီသီအိုရီရဲ့ အပိုင်းတ ခုပဲ ဖြစ်ပါတယ်၊ ကျန်တဲ့ မျက်နှာစာ တခြမ်း ရှိသေးတယ်။ ဒီကနေ့ကာလ နဲ့ ပိုဟပ်မိတဲ့ အပိုင်းလည်း ဖြစ် တယ်။ ဘယ်လိုပြောလဲဆိုတော့ -

လက်ရှိကုန်ထုတ်စွမ်းအားစုတွေဟာ အမျိုးသားနိုင်ငံတော်ရဲ့ ကန့်သတ်ချက် တွေကို ကျော်လွန်ကြီးထွားသွားခဲ့ပြီ။ အမျိုးသားနိုင်ငံတော် ဘောင်ထဲကနေ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းတစ်ခုကို တည်ဆောက်လို့ မရနိုင်ဘူး။ သီးခြား ဖြစ်နေတဲ့ အလုပ်သမား နိုင်ငံတော်တ ခုမှာ စီးပွားရေး တိုးတက်မှုတွေ ဘယ့် လောက်ပဲ ကြီးမားပါစေ "တိုင်းပြည် တစ် ခုထဲ ဆိုရှယ်လစ်စနစ် တည်ဆောက်ခြင်း " လုပ်ငန်းစဉ်ဟာ ခနရှင်ပေါက်စ စိတ်ကူး ယဉ်ဝါဒသာ ဖြစ်တယ်။ ဥရောပ ဆိုရှယ်လစ် သမ္မတနိုင်ငံများ ဖက်ဒရေးရှင်းကနေ ကမ္ဘာ့ ဆိုရှယ်လစ် သမ္မတနိုင်ငံများ ဖက်ဒရေးရှင်း အထိ ချီတက်မှသာ ဟာမိုနီကျကျ တိုးတက် ဖွံ့ဖြိုးနိုင်မယ့် ဆိုရှယ်လစ် လူ့အဖွဲ့အစည်း



return to contents

ကိုအမှန်တကယ် ထူထောင်နိုင်မယ်။

ဒီကနေ့ အချိန်မှာ လက်တွေ့ဖြစ်ရပ်တွေက မှတ်ကျောက်တင်ပြီးပြီမို့ ဒီသီအိုရီကို ပုံဖျက်စရာအကြောင်းတရား သိပ်မတွေ့ရတော့ဘူး။

## အောက်တိုဘာ တော်လှန်ရေး ဖြစ်ဖို့ တင်ကူးလိုအပ်ချက်များ

အခုလို ပြောခဲ့ပြီးတဲ့နောက် ဖက်ဆစ် စာရေးဆရာ Malaparte ကို ပြန်အမှတ်ရဖို့ စိတ်ဝင်စားစရာ ကောင်းသေးလား။ ဖက်ဆစ် စာရေးဆရာက ကျနော့်ကို မဟာဗျူဟာနဲ့ ကင်းလွတ်နေတဲ့ နည်းပရိယာယ်တွေ ဖော်စပ်သူလို့ ဆိုထားတယ်၊ အဲဒီနည်းပရိယာယ်တွေက မဟာဗျူဟာနဲ့ ကင်းလွတ်နေတဲ့အပြင် လတ္တီကျူ၊ လောင်ဂျီကျူအားလုံးမှာ အခါခပ်သိမ်း အသုံးတည့်မယ့် သူပုန်ထခြင်းဆိုင်ရာ ဖော်မြူလာတွေလို့လည်း ဆိုထားခဲ့တယ်။ ကံနှိုလှတဲ့ အာဏာသိမ်းခြင်း သဘောတရားဆရာရဲ့ နာမည်ကို အောင်အောင်မြင်မြင် အာဏာသိမ်းခဲ့သူ နာမည်နဲ့ အလွယ်တကူ ခွဲလို့ရတာ တော်သေးတယ်။ ဘယ်သူမှ Malaparte နဲ့ Bonaparte ကို နာမည် မမှားတော့ဘူး။

၁၉၁၇ နိုဝင်ဘာ ၇ရက်နေ့မှာ လက်နက်ကိုင် သူပုန်ထမှု မလုပ်ခဲ့ရင် ဆိုဗီယက် နိုင်ငံတော်ဆိုတာ ရှိလာမှာမဟုတ်ဘူး။ ဒါပေမယ့် လက်နက်ကိုင် သူပုန်ထမှုဆိုတာ မိုးပေါ်က သူ့ဘာသာကျလာခဲ့တာ မဟုတ်ဘူး။ အောက်တိုဘာ တော်လှန်ရေး ဖြစ်ပေါ်ဖို့ သမိုင်းရေး လိုအပ်ချက်တွေ တသီကြီး ရှိခဲ့တယ်။

*** ***အုပ်စိုးသူ လူတန်းစားအဟောင်းများ (ပဒေသရာဇ် သက်ဦးဆံပိုင် လူတန်းစား၊ ဗျူရိုကရေစီ) ဖောက်ပြန်ပျက်စီးလာခြင်း၊***

*** ***လူထုကြား အမြစ်တွယ်မထားနိုင်သော ဘူဇွာ လူတန်းစားရဲ့ နိုင်ငံရေးဆိုင်ရာ အားနည်းမှု၊***

*** ***မြေယာပြဿနာရဲ့ တော်လှန်ရေး လက္ခဏာ၊***



return to contents

***   ***အဖိနှိပ်ခံ လူမျိုးများ ပြဿနာရဲ့ တော်လှန်ရေး လက္ခဏာ၊***

***   ***ပစ္စည်းမဲ့ လူတန်းစားအပေါ် ကျရောက်နေတဲ့ ကြီးမားလှသော သမိုင်းဆိုင်ရာ လူမှုတာဝန်များ။***

အဲဒီလို နဂိုရှိနေပြီးသားအော်ဂဲနစ် အခြေအနေတွေထဲကို အင်မတန်အရေးကြီးလှတဲ့ အခြေအနေတွေ ထပ်ဖြည့် ပေးရဦးမယ် -

***   ***၁၉၀၅ တော်လှန်ရေးဟာအင်မတန်ကြီးကျယ်ခမ်းနားတဲ့ဘဝကျောင်းတော်ကြီး ဖြစ်ခဲ့တယ်၊ဒါမှမဟုတ် လီနင် စကားနဲ့ပြောရရင် ၁၉၁၇တော်လှန်ရေးမတိုင်မီ "ရှေ့ပြေး ပွဲစမ်းကြည့်ခြင်း" ဖြစ်ခဲ့တယ်။ ၁၉၀၅ ခုနှစ်မှာပဲ ပစ္စည်းမဲ့ လူတန်းစား ညီညွတ်ရေးတပ်ဦးရဲ့ အဖွဲ့အစည်းပုံသဏ္ဍာန်အဖြစ်ဆိုဗီယက်တွေကို ပထမဆုံးအကြိမ် ဖန်တီးခဲ့ကြတယ်။***

***   ***နယ်ချဲ့စစ်ပွဲကြီးက ပဋိပက္ခအားလုံးကို စူးရှပြင်းထန်စေခဲ့တယ်၊ နောက်ကောက်ကျနေဆဲ လူထုကြီးကို တုံဏှိဘာဝေအဖြစ်ကနေ ဆွဲရမ်းပစ်လိုက်တယ်၊ ဒါ့ကြောင့် ရှေ့လာမယ့် အင်မတန် ကြီးကျယ်ခမ်းနားသော ဝရုန်းသုန်းကား အခြေအနေကြီးအတွက် တပ်လှန့်ပြင်ဆင်ပေးခဲ့တယ်။***

## ဘော်ရှီဗစ်ပါတီ

ဒီ အ ခြေ အ နေ အား လုံး ဟာ တော် လှ န် ရေး ပေါ က် ကွဲ ထွ က် လာဖို့ အပြည့်အဝလုံလောက်ပေမယ့် တော်လှန်ရေးမှာအလုပ်သမားလူတန်းစား အောင်ပွဲရရှိဖို့တော့မလုံလောက်သေးဘူး ။အလုပ်သမားလူတန်းစား အောင်ပွဲဆင်ဖို့ နောက်အခြေအနေတရပ်လိုအပ်သေးတယ်။ အဲဒါကတော့ -

### *** ဘော်ရှီဗစ်ပါတီ

ဒီအခြေအနေကိုနောက်ဆုံးမှာထားပြောတာဟာလော့ဂျစ်အစဉ်အတိုင်းပြောခြင်းသာဖြစ်ပါတယ်၊ ပါတီရဲ့ အရေးပါမှုက နောက်ဆုံးရောက်နေလို့ မဟုတ်ပါဘူး။



return to contents

ကျနေခဲ့အနေနဲ့ တော်လှန်ရေးပါတီရဲ့ အရေးပါမှုကို အဲ့လို သဘောထားဖို့ အဝေးကြီးပါ။ လစ်ဘရယ် ဘူဇွာတွေက အာဏာကို သိမ်းယူနိုင်တယ်၊ သူတို့မပါခဲ့တဲ့ အရေးတော်ပုံရဲ့ အကျိုးဆက်အနေနဲ့ တကြိမ်မက အာဏာသိမ်းယူနိုင်တယ်။ သူတို့မှာ အဲလို သိမ်းယူနိုင်မယ့် ကိရိယာ တန်ဆာပလာတွေလည်း ပိုင်ဆိုင်ထားပြီးသား။ ဒါပေမယ့် အလုပ်သမားထုကျ အဲ့လို အနေအထားမှာ မရှိဘူး။ အလုပ်သမားထုဟာ တလျှောက်လုံး အပေးနဲ့သာ ကျွမ်းဝင်ခဲ့ တယ်၊ ရယူခြင်းနဲ့ မရင်းနှီးဘူး။ သူတို့ အလုပ်လုပ်တယ်၊ နောက်ဆုံးအချိန်အထိ စိတ်ရှည်သည်းခံတယ်၊ မျှော်လင့်စောင့်စားတယ်၊ ဘယ်လိုမှ သည်းမခံနိုင်တဲ့အဆုံးမှ ရုန်းကြွ၊ တိုက်ပွဲဝင်ကြတယ်၊ အသက်ဆုံးရှုံးကြတယ်၊ အောင်ပွဲကို တခြားလူတန်းစားအတွက် ဆောင်ကျဉ်းပေးတယ်၊ သူတို့သစ္စာဖောက်ခံရတယ်၊ ဝမ်းနည်းစိတ်ပျက်သွားကြတယ်၊ သူတို့ခေါင်းကို ညွတ်ပြီး အလုပ်ပြန်လုပ်ကြတယ်။ အဲဒါ အုပ်စိုးမှုအဆက်ဆက် အလုပ်သမားလူတန်းစား ဖြတ်သန်းလာတဲ့ သမိုင်းပဲ။ ဒါ့ကြောင့် အလုပ်သမားလူတန်းစားကိုယ်တိုင် အာဏာကို အခိုင်အမာရယူနိုင်ဖို့ အလုပ်သမားထုမှာ ပါတီတရပ် လိုအပ်တယ်၊ အဲဒီပါတီက တခြားပါတီအားလုံးထက် အတွေးအခေါ် ရှင်းလင်းရတယ်၊ တော်လှန်ရေး ပိုင်းဖြတ်ချက် ခိုင်မာပြတ်သားရတယ်။

ဘော်ရှီဗစ်ပါတီကို လူသားသမိုင်းတလျှောက် အတော်လှန်ဆုံး ပါတီအဖြစ် တကြိမ်မက ညွှန်းခဲ့ကြပြီးပြီ၊ ဒီလို ပြောကြတာ ကြောင်းကျိုးခိုင်လုံမှု ပြည့်စုံတယ်၊ ဒီပါတီဟာ ခေတ်သစ် ရုရှားသမိုင်းကို ကျစ်ကျစ်လစ်လစ် အသက် သွင်းထားတဲ့ ပါတီတစ်ခု ဖြစ်တယ်။ ဒီပါတီရဲ့ ဘဝဟာ သက်ဝင်လှုပ်ရှား ပြောင်းလဲနေခဲ့တယ်။ ဇာဘုရင်စနစ် ဖြိုချရေးကို စီးပွားရေးနဲ့ ယဉ်ကျေးမှုတွေ တိုးတက်ဖွံ့ဖြိုးဖို့ အခြေခံ လိုအပ်ချက်အဖြစ် နားလည်ခဲ့ကြတာ ကြာပြီ။ ဒါပေမယ့် ဒီအလုပ်ကို ကျေပွန်အောင် လုပ်နိုင်မယ့် အင်အားတွေ မလုံလောက်ခဲ့ဘူး။ ဘူဇွာလူတန်းစားက တော်လှန်ရေးကို ကြောက်တယ်။ ပညာတတ်အလွှာကျ လယ်သမားတွေကို ဆော်ဩပြီး



return to contents

ဇာဘုရင်ကို ဖြုတ်ချဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့်လည်း သူတို့ရဲ့ ဒုက္ခဆင်းရဲ အပေါင်းနဲ့ ရည်မှန်းချက်တွေကို စုပေါင်း နိဂုံးချုပ်နိုင်စွမ်း မရှိတဲ့ လယ်သမားထုဟာ ပညာတတ်အလွှာရဲ့ ဆော်ဩသံကို တုံ့ပြန်ခြင်း မရှိခဲ့ဘူး။ ဒီအခါ ပညာတတ် အလွှာက သူ့ဘာသာ ဒိုင်းနမိုက်တပ် ဆင်တော့တယ်။ လူငယ်မျိုးဆက်တခုလုံး အဲဒီတိုက်ပွဲမှာ စတေးခဲ့ရတယ်။

၁၈၈၇ မတ်လ ၁ရက်နေ့မှာ အလက်ဇန်းဒါး အူလျာနော့ဟာခမ်းနားတဲ့ အကြမ်းဖက် လုပ်ကြံရေးအစီအမံတွေထဲက နောက်ဆုံးလုပ်ရပ်ကို အကောင်အထည်ဖော်ခဲ့တယ်။ ဇာဘုရင် အလန်းဇန်းဒါး ၃ ကို လုပ်ကြံရေး ကြိုးပမ်းမှု အရေးနိမ့်သွားခဲ့တယ်။ အူလျာနော့နဲ့ သူ့ရဲဘော်တွေ ကွပ်မျက်ခံခဲ့ရတယ်။ တော်လှန်သော လူတန်းစားတရပ် နေရာကို ခါတုဗေဒ ပြင်ဆင်မှုနဲ့ အစားထိုးဖို့ ကြိုးပမ်းခြင်းဟာ ရင်နင့်ဖွယ် အဖြစ်နဲ့ နိဂုံးချုပ်ခဲ့ရတယ်။ သူရဲကောင်းအဆန်ဆုံး ပညာတတ်တွေတောင်မှ လူထုမပါရင် ဘာမှမဟုတ်ဘူး။ အူလျာနော့ရဲ့ ညီအရင်းဖြစ်သူ ဗလာဒီမာဟာ နောင်အခါ ရုရှားသမိုင်းမှာ အခမ်းနားဆုံးပုဂ္ဂိုလ် ဖြစ်လာမယ့် လီနင်။ ဗလာဒီမာရဲ့ လူငယ်ဘဝကို အဲဒီအချက်တွေနဲ့ နိဂုံးကောက်ချက်တွေက လွှမ်းမိုးခဲ့တယ်။ ဒါ့ကြောင့် အင်မတန်နုနယ်သေးတဲ့ အရွယ်ကတည်းက သူ့ကိုယ်သူ မာ့(က်စ်)ဝါဒ အုတ်မြစ်ပေါ် အခြေခိုင်အောင် တည်ဆောက်ပြီး အလုပ်သမားလူတန်းစားဘက်ကို မျက်နှာမူခဲ့တယ်။ သူဟာ ကျေးလက်လူမှုဘဝကို တခဏလေးတောင် မျက်ချေအပြတ်မခံဘဲ လယ်သမားထု လွတ်မြောက်ရေးကို အလုပ်သမားလူတန်းစားကတဆင့် ရှာဖွေခဲ့တယ်။ လီနင်ဟာ သူ့ရှေ့မျိုးဆက် တော်လှန်ရေးသမားတွေဆီကနေ စွန့်လွှတ်အနစ်နာခံနိုင်စွမ်းနဲ့ အဆုံးအစွန်အထိ ပိုင်းဖြတ်ချက်ခိုင်မာမှုကို အမွေရရှိထားသူဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ မျိုးဆက်သစ် ပညာတတ်လူငယ်တွေ၊ ရှေ့တန်းရောက်အလုပ်သမားတွေရဲ့ ဆရာဖြစ်လာခဲ့တယ်။ အလုပ်သမားတွေဟာ သပိတ်တွေ၊ လမ်းမပေါ်ကတိုက်ပွဲတွေ၊ နယ်နှင်ခံရခြင်းတွေ၊အကျဉ်းထောင်တွေ ကနေ ထုသားပေသား ကျထားပြီးသား ဖြစ်ပါတယ်။အကြွင်းမဲ့ သက်ဦးဆံပိုင်

ဘုရင်စနစ် အမှောင်ထုကြီးထဲမှာ သူတို့ရဲ့ သမိုင်းရေးလမ်းကြောင်းကို အလင်းပြပေးနိုင်မယ့် မာ့(က်စ်)ဝါဒ မီးအိမ်ကိုသာ အလုပ်သမားထု လိုအပ် နေခဲ့တယ်။

ပြည်ပခိုလှုံရသူတွေထဲကနေပထမဆုံး မာ့(က်စ်)ဝါဒီ အဖွဲ့တခု ၁၈၈၃ ခုနှစ်မှာ ထွက်ပေါ်ခဲ့တယ်။ ၁၈၉၈ ခုနှစ်၊ တခုသော လျှို့ဝှက်အစည်းအဝေးတခုကနေ ရုရှား ဆိုရှယ်ဒီမိုကရက်တစ် အလုပ်သမားပါတီကို စတင်ထူထောင်ကြောင်း ကြေညာခဲ့တယ်(အဲဒီတုန်းက ကျနော်တို့အားလုံးဟာ ဆိုရှယ်ဒီမိုကရက်တွေလို့ပဲ နာမည်ခံကြတယ်)။ ၁၉၀၃ ခုနှစ်မှာ ဘော်ရှီဗစ်နဲ့ မင်ရှီဗစ်ရယ်လို့ စကွဲတယ်။ ၁၉၁၂ ခုနှစ်မှာ ဘော်ရှီဗစ် အင်အားစုက သီးခြားလွတ်လပ်တဲ့ ပါတီတခု ဖြစ်လာခဲ့တယ်။

၁၂နှစ်တာ (၁၉၀၅-၁၉၁၇) ကာလအတွင်း တိုက်ပွဲတွေမှာ လူ့အဖွဲ့အစည်းရဲ့ လူတန်းစား မဏ္ဍာင်းနစ်ကို ဖမ်းဆုပ်မိအောင် သင်ယူခဲ့ကြတယ်။ ဘော်ရှီဗစ်ပါတီက သူ့အင်အားစုတွေကို တက်တက်ကြွကြွ ဦးဆောင်လှုပ်ရှားခြင်းနဲ့ စည်းကမ်းလိုက်နာခြင်းကို အချိုးညီညီ လုပ်တတ်အောင် သင်ပေးခဲ့တယ်။ ဘော်ရှီဗစ်ပါတီရဲ့ တော်လှန်လှုပ်ရှားမှုစည်းကမ်းဟာ သဘောတရားရေးညီညွတ်မှုအပေါ် အခြေခံထားခြင်း ဖြစ်တယ်၊ အတူလက်တွဲ တိုက်ပွဲဝင်ခဲ့တဲ့ အစဉ်အလာပေါ် အခြေတည်ထားခြင်း ဖြစ်တယ်။ မှတ်ကျောက်တင်စမ်းသပ်ခံထားတဲ့ ခေါင်းဆောင်မှုအပေါ် ယုံကြည်မှုကို အခြေခံပြီး စည်းကမ်းလိုက်နာကြခြင်းလည်း ဖြစ်တယ်။

၁၉၁၇ မှာ အဲဒီလို ပါတီမျိုး ရှိခဲ့တယ်။ တရားဝင် "အများအမြင်"ဆိုတာတွေ၊ ပညာတတ်တွေရဲ့ စာမျက်နှာထက်က ထစ်ချုံးသံတွေကို နည်းနည်းလေးမှ ဂရုမစိုက်ဘဲ လူထု လှုပ်ရှားမှုနဲ့ ချိန်သားကိုက်ဖို့သာ လုပ်ခဲ့တယ်။ စက်ရုံ တွေ၊ တပ်ရင်းတွေထဲမှာ ဘော်ရှီဗစ်ပါတီက အခိုင်အမာခြေကုပ်ယူထားခဲ့တယ်။ ဒီအခြေအနေမှာ လယ်သမားထုက ဘော်ရှီဗစ်ပါတီဘက်ကို မျက်နှာမူလာခဲ့တယ်။ "တိုင်းပြည်"ဆိုတာကို အခွင့်ထူးခံတွေနဲ့ မသတ်မှတ်ဘဲ အများ စုသောလူထုကြီး (အလုပ်သမား



return to contents

၊လယ်သမားများ)လို့ နားလည်မယ်ဆိုရင် ဘော်ရှီဗစ်တွေဟာ ၁၉၁၇ခုနှစ်အတွင်း တပြည်လုံးဆိုင်ရာ ရုရှားပါတီကြီး အမှန်တကယ် ဖြစ်လာခဲ့တယ်။

၁၉၁၇ စက်တင်ဘာမှာ လီနင်ကပုန်းခိုနေရာကနေ "အကြပ်အတည်းက ရင့်မှည့်ပြီ၊ လက်နက်ကိုင် သူပုန်ထ အုံကြွဖို့ အချိန်ရောက်ပြီ"လို့ အချက်ပေးခဲ့တယ်။ လီနင်ဆော်ဩတာ မှန်ပါတယ်။ အဲဒီအချိန်မှာ အုပ်စိုးသူ လူတန်းစားက စစ်ပွဲပြဿနာတွေ၊ မြေယာနဲ့လွတ်မြောက်ရေး ပြဿနာတွေကို ရင်ဆိုင်နေရပြီ၊ ဒီသပွတ်အူ ပြဿနာတွေကနေ ဘယ်လိုမှ ရုန်းမထွက်နိုင်တော့ဘူး။ ဘူဇွာ လူတန်းစားလည်း လမ်းပျောက်သွားပြီ။ ဒီမိုကရက် ပါတီတွေ၊ မင်ရှီဗစ်တွေနဲ့ ဆိုရှယ်ရက်ဗလူရှင်နရီ ပါတီတွေကလည်း နယ်ချဲ့စစ်ပွဲကို ဆက်ထောက်ခံကြတာရယ်၊ ပဒေသရာဇ် လူတန်းစားနဲ့ ဘူဇွာတွေကို အလျှော့ပေး စေ့စပ်တာတွေရယ်ကြောင့် သူတို့ပေါ် ရှိနေသေးတဲ့ လူထုရဲ့ လက်ကျန် ယုံကြည်မှုလေးတွေကို ဖျောက်ဖျက်ပစ်လိုက်တော့တယ်။ နိုးကြားလာတဲ့ စစ်တပ်က သူတို့နဲ့ဘာမှမဆိုင်တဲ့ နယ်ချဲ့ ရည်မှန်းချက်တွေအတွက် ဆက်ပြီးအသေမခံချင်တော့ဘူး။ ဒီမိုကရက်တွေရဲ့ အကြံကို ပစ်ပယ်ပြီး လယ်သမားထုက မြေရှင်ကြီးတွေကို မီးတိုက်မောင်းထုတ်ခဲ့ကြတယ်။ နယ်စွန်နယ်ဖျားက အဖိနှိပ်ခံလူမျိုးတွေကလည်း ပီထရိုဂရက် မြို့တော်က ဗျူရိုကရေစီကို ဆန့်ကျင်အုံကြွလာခဲ့တယ်။ အခရာအကျဆုံး အလုပ်သမားနဲ့ စစ်သား ဆိုဗီယက်တွေမှာ ဘော်ရှီဗစ်တွေက ဩဇာလွှမ်းထားပြီ။ အနာက မှည့်ပြီ။ ခွဲတချက်ပဲ ဖောက်ပေးဖို့ လိုနေတာ။

အဲဒီလို လူမှုအခြေအနေတွေ၊ နိုင်ငံရေး အခြေအနေတွေအောက်မှာပဲ လက်နက်ကိုင် အုံကြွမှု ဖြစ်နိုင်တယ်။ အဲဒီလို ရင့်မှည့်လာရင် လက်နက်ကိုင်သူပုန်ထမှု မလွဲမရှောင် ဖြစ်လာမယ်။ ဒါပေမယ့် လက်နက်ကိုင် အုံကြွမှုနဲ့ သွားဆော့လို့တော့ မရဘူး။ ခွဲစိတ်ဓားကို ရမ်းသမ်းသုံးတဲ့ ခွဲစိတ်ဆရာဝန်ဟာ ဒုက္ခရောက်တတ်တယ်။ သူပုန်ထအုံကြွမှုဆိုတာ အနုပညာတရပ်ဖြစ်တယ်။ သူပုန်ထ အုံကြွမှုမှာ သူ့ကိုယ်ပိုင်နိယာမတွေ၊ စည်းမျဉ်းတွေ ရှိတယ်။



return to contents

ဘော်ရှီဗစ်ပါတီဟာ အောက်တိုဘာ သူပုန်ထမှုကြီးရဲ့ ပကတိအရှိတရားတွေကို ခေါင်းအေးအေးနဲ့ တွက်ချက်စဉ်းစားတယ်၊ ခိုင်မာပြင်းထန်တဲ့ ပိုင်းဖြတ်ချက်နဲ့ ရင်ဆိုင်တယ်။ ဒါ့ကြောင့်ပဲ အထိအခိုက်မရှိသလောက်နဲ့ အောင်ပွဲရခဲ့ခြင်းဖြစ်တယ်။ ဘော်ရှီဗစ်တွေ ဦးဆောင်မှုနဲ့ ဆိုဗီယက်တွေ အောင်ပွဲဆင်ခဲ့တယ်၊ ဒီလိုနဲ့ ဘော်ရှီဗစ်တွေဟာ ကမ္ဘာ့မျက်နှာပြင်ရဲ့ ၆ပုံ၁ပုံလောက် နေရာယူထားတဲ့တိုင်းပြည်တစ်ခုရဲ့ ခေါင်းဆောင်ပိုင်းကို ရောက်သွားခဲ့တယ်။

ဒီကနေ့ လက်ချာကို နားထောင်နေကြသူ အများစုက ၁၉၁၇ ခုနှစ် နိုင်ငံရေးတွေနဲ့ အလှမ်းဝေးနေပြီလို့ ယူဆရတယ်။ ဒါလည်း ကောင်းပါတယ်။ ဒီကနေ့ လူငယ်မျိုးဆက်ရဲ့ ရှေ့မှာ စိတ်ဝင်စားစရာတွေ အများကြီး ရှိနေတယ်။ လွယ်ကူချင်မှ လွယ်ကူလိမ့်မယ်။ ဒီခန်းမထဲက မျိုးဆက်ဟောင်း ကိုယ်စားလှယ်တွေကတော့ ဘော်ရှီဗစ်တွေ ဦးဆောင်ပြီး အလုပ်သမား လူတန်းစား အာဏာသိမ်းယူခဲ့ခြင်းကို ဘယ်လို လက်ခံခဲ့သလဲဆိုတာ ကောင်းကောင်း မှတ်မိပါလိမ့်မယ် - အထူးအဆန်းတရပ်လို၊ နားလည်မှုလွဲမှားခြင်းတခုလို၊ လက်မခံနိုင်ဖွယ် တုန်လှုပ်ခြောက်ခြား စရာတခုလို။ ဖြစ်လေ့ရှိသလိုပဲ အိပ်မက်ဆိုးတခုက မိုးသောက်ရောင်နီနဲ့အတူ လွင့်ပြယ်သွားမှာလို့ ထင်ခဲ့ကြတယ် ဘော်ရှီဗစ်တွေ ၂၄နာရီပဲ ခံမှာပါ၊ တပတ်ပဲ၊ တလပဲ၊ တနှစ်ပဲ ခံမှာပါလို့ တွက်ခဲ့ကြတယ်။ သူတို့ခန့်မှန်းတဲ့ ကြာချိန် ကို ထပ်ထပ်ပြီးသား တိုးလာခဲ့ရတယ်။ တကမ္ဘာလုံးကအုပ်စိုးသူတွေဟာ ပထမဆုံးပေါ်ထွက်လာတဲ့ အလုပ်သမား နိုင်ငံတော်တခုကို လက်နက်နဲ့ ချေမှုန်းဖို့ ကြိုးပမ်းခဲ့တယ်၊ ပြည်တွင်းစစ်မီးကို မွှေးပေးခဲ့ကြတယ်၊ စစ်တပ်တွေနဲ့ အကြိမ်ကြိမ် ကျူးကျော်ဝင်ရောက်ခဲ့တယ်၊ ပိတ်ဆို့ချေမှုန်းဖို့ အားထုတ်ခဲ့ကြတယ်။ ဒီလိုနဲ့ တနှစ်ပြီးတနှစ် ဖြတ်သန်းသွားခဲ့တယ်။ ဒီလိုဖြတ်သန်းသွားရင်း ဆိုဗီယက် အာဏာ ၁၅နှစ်သက်တမ်းကို သမိုင်းကမှတ်တမ်းတင်ထားခဲ့ပြီ။

## အောက်တိုဘာ တော်လှန်ရေး ဆင်နွှဲခဲ့တာ မှန်ကန်ကြောင်း



return to contents

# သက်သေထူနိုင်သလား

တချို့သော ဆန့်ကျင်သူတွေက“ သက်သေထူနိုင်တယ်”လို့ ပြောလိမ့်မယ်၊“အောက်တိုဘာ စွန့်စားမှုဟာ ကျနော်တို့ အတော်များများ ထင်ထားတာထက် ပိုပြီးလေးနက်ကြောင်း သက်သေပြပြီးပြီ။ ‘စွန့်စားမှု’လို့တောင် မဆိုနိုင်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလောက် ကြီးကြီးမားမားရင်းပြီး တိုက်ခဲ့ရတာ အောင်သီးအောင်ပွင့် ဘာတွေ ရခဲ့ပြီလဲဆိုတဲ့မေးခွန်းကတော့ အားအပြည့်ရှိနေတုန်းပဲ။ တော်လှန်ရေးဖြစ်ခါနီးတုန်းက ဘော်ရှီဗစ်တွေပေးခဲ့တဲ့ ရွှေရောင်ကတိတွေကို ဖြည့်ဆည်းနိုင်ခဲ့ပြီလား။”

စိတ်ကူးနဲ့ပုံဖော်ထားတဲ့ အဆိုပါ ဆန့်ကျင်သူရဲ့ အမေးကို မဖြေခင် ဒီလိုမျိုး မေးခွန်းက အသစ်အဆန်း မဟုတ်ဘူးဆိုတာအရင်ပြောပါရစေ။ အောက်တိုဘာ တော်လှန်ရေး စတင်မွေးဖွားချိန်ကစပြီး ထပ်ကြပ်မကွာ မေးလာကြတဲ့ မေးခွန်းပဲ။

တော်လှန်ရေး ဖြစ်နေဆဲကာလ ပီထရိုဂရက်မှာရှိနေတဲ့ ပြင်သစ်ဂျာနယ်လစ် ကလတ် အန်နေးက ၁၉၁၇ ခုနှစ် အောက်တိုဘာ ၂၇ရက်နေ့မှာ အခုလို ရေးခဲ့တယ် -

“maximalist တွေ (အဲဒီကာလတုန်းက ဘော်ရှီဗစ်တွေကို ပြင်သစ်တွေခေါ်တဲ့ နာမည်)က အာဏာသိမ်းလိုက်ပြီ၊ ကြီးကျယ်ခမ်းနားတဲ့ နေ့ရက်တော့ ရောက်လာခဲ့ပြီ။ ငါတို့တတွေကို နှစ်ပေါင်းများစွာ ကတိပေးလာခဲ့တဲ့ဆိုရှယ်လစ် လောကနိဗ္ဗာန်ကြီးကို ငါကိုယ်တိုင် အကောင်အထည်လိုက် မြင်တွေ့ရတော့မယ်လို့ ငါ့ဘာသာ ပြောနေမိတယ်။ လေးစားအားကျစရာ စွန့်စားခန်းပဲ။ ဒီအခါသမယကို မြင်တွေ့ခွင့်ရတာ အခွင့်ထူးတမျိုးပေါ့။”

ဒီလိုထွေလုံးငေါ့လုံးတွေ မနည်းမနော ရှိခဲ့ပါတယ်။ သရော်တော်တော်ဂုဏ်ပြုမှုရဲ့နောက်ကွယ်မှာ စစ်မှန်တဲ့ အမုန်းတရားတွေ ဘယ်လောက်တောင် ပုန်းခိုနေလိုက်သလဲ။ ဟောမန္တနန်းတော်ကို ဝင်သိမ်းပြီး နောက်တမနက်မှာပဲ ဖောက်ပြန်လုတဲ့ ဂျာနယ်လစ်က အဒေင်ဥယျာဉ်ကြီးထဲ ဝင်ခွင့်လက်မှတ်ရဖို့ အပြေးအလွှား



return to contents

မှတ်ပုံတင်ခဲ့တယ်။တော်လှန်ရေးဖြစ်ခဲ့တာ ၁၅နှစ်ရှိသွားပြီ။ ဒီကနေ့အချိန်ထိ ဆိုဗီယက်မြေက သုခံအလုံးစုံ ပြည့်လျှံနေတဲ့ နိဗ္ဗာန်ဘုံတခု ဖြစ်မလာသေးတဲ့အချက်ကိုငါတို့ရဲ့ရန်သူတွေ နှစ်ထောင်းအားရဖြစ်နေကြတယ်။ ဒီလိုဖြစ်မလာမှတော့ဘာ့ကြောင့် တော်လှန်နေရမှာလဲ၊ဘာ့ကြောင့် စွန့်လွှတ်စွန့်စားရမှာလဲ။

ဆိုဗီယက် အစိုးရစနစ်ရဲ့ အတွင်းပဋိပက္ခတွေ၊ အခက်အခဲတွေ၊ အမှားအယွင်းတွေ၊ ချို့တဲ့မှုတွေနဲ့ပတ်သက်လို့ တခြားလူတွေ သိကြတာထက် ကျနော်လည်းမလျော့ဘူးဆိုတာ ထုတ်ပြောပါရစေ။ ကျနော်ကိုယ်တိုင်လည်း ဒီအကြောင်းတွေကို တခါမှ မဖုံးကွယ်ခဲ့ဖူးပါ၊ ကျနော့်ရဲ့ အရေးအသားမှာဖြစ်ဖြစ်၊ မိန့်ခွန်းတွေမှာဖြစ်ဖြစ်။ ကွန်ဆာ့ဗတစ် နိုင်ငံရေးနဲ့ ကွဲပြားခြားနားသော တော်လှန်ရေးနိုင်ငံရေးကို လိမ်ညာဖုံးကွယ်မှု အခြေခံပေါ်မှာ တည်ဆောက်မရနိုင်ဘူးလို့ ကျနော် ယုံကြည်ခဲ့တယ်၊ အခုလည်း ယုံကြည်နေတုန်းပဲ။ “ပကတိအမှန်ကို ထုတ်ပြောရေး”ဟာ အလုပ်သမား နိုင်ငံတော်ရဲ့ အခရာအကျဆုံး မူ ဖြစ်နေရမယ်။

ဒါပေမယ့် ဖန်တီးမှု အလုပ်မှာလိုပဲ ဝေဖန်ရေးမှာလည်း ရှုမြင်ပုံ လိုအပ်တယ်။ အတ္တဝါဒကတော့ အတော် ညံ့ဖျင်းတဲ့ အကြံပေးသမားလိုပဲ၊ အထူးသဖြင့် အင်မတန်ကြီးမားတဲ့ ပြဿနာတွေမှာပေါ့။ အချိန်ကာလတွေကို ပြောတဲ့အခါ သက်ဆိုင်ရာ အလုပ်တာဝန်နဲ့ အပ်စပ်တဲ့ အပိုင်းအခြား ဖြစ်ရမယ်၊ လူတဦးချင်း စိတ်ကူးတည့်သလို ပိုင်းခြားသတ်မှတ်မှုမျိုး ဖြစ်လို့မရဘူး။ ၁၅ နှစ်တဲ့လား။ လူသားတယောက်ရဲ့ ဘဝသက်တမ်းမှာ ဘယ့်လောက် ရှည်ကြာတဲ့ နှစ်အပိုင်းအခြားလဲ။ ဒီကာလအတွင်းမှာ ကျနော်တို့မျိုးဆက်ထဲက မနည်းလှတဲ့လူတွေ ကွယ်လွန်သွားခဲ့ကြပြီ၊ ကျန်နေသေးတဲ့ သူတွေမှာလည်း ဆံတွေ ဖြူကုန်ကြပြီ။ ဒါပေမယ့်လည်း ဒီ ၁၅ နှစ်ဆိုတာ ပြည်သူတရပ်ရဲ့ ဘဝမှာ ဘာမှမပြောပလောက်တဲ့ အချိန်တခုပဲ။ သမိုင်းဆိုတဲ့နာရီကြီးပေါ်က အချိန်တမိနစ်သာ။

အရင်းရှင်စနစ်ဟာဆိုရင် အလယ်ခေတ်ကို ဆန့်ကျင်တိုက်ပွဲဝင်ရာ

မှာ ရာစုနှစ်နဲ့ချီအောင် အချိန်တွေ ကြာခဲ့တယ်။ သိပ္ပံနဲ့နည်းပညာ အဆင့်အတန်းမြင့်မားလာဖို့၊ ရထားလမ်းကြီးတွေ ဖောက်လုပ်နိုင်ဖို့၊ လျှပ်စစ်ကို အသုံးပြုနိုင်ဖို့ အရင်းရှင်စနစ်ဟာ ရာစုနှစ်ပေါင်းများစွာ အချိန်ယူခဲ့ရတယ်။ ဒီနောက်ဘာဆက်ဖြစ်လဲ။ အရင်းရှင်စနစ်ကလူသားမျိုးနွယ်ကို ကပ်ဘေးတွေနဲ့ စစ်ပွဲငရဲခန်းတွေဆီ တွန်းပို့ခဲ့တယ်။

ဒါပေမယ့် ဆိုရှယ်လစ်စနစ်ကိုတော့ ကမ္ဘာမြေပေါ် နိဗ္ဗာန်ဘုံတည်ဆောက်ဖို့ သူ့ရန်သူတွေ (ဆိုလိုတာက အရင်းရှင်စနစ် ဘက်တော်သားတွေ)က အချိန် ၁၅နှစ်ပဲ ပေးထားတယ်။ ဆယ်စုနှစ်တခုကျော် ကာလအတွင်းမှာ မော်ဒန်တိုးတက်မှုတွေအားလုံး ပြည့်စုံနေရမယ်တဲ့။ ဒီလိုပေးအပ်လာတဲ့ တာဝန်မျိုးကိုတော့ ကျနော်တို့ ဘယ်တုန်းကမှ မယူခဲ့ဘူး။

အင်မတန်ကြီးမားတဲ့ အပြောင်းအလဲ ဖြစ်စဉ်တွေကိုဆီလျော်အပ်စပ်တဲ့ အတိုင်းအထွာတွေနဲ့ သာ တိုင်းတာရမယ်။ ဆိုရှယ်လစ် လူ့အဖွဲ့အစည်းက သမ္မာကျမ်းစာလာ ကောင်းကင်ဘုံနဲ့ ဆင်တူမလား ကျနော် မသိဘူး။ ကျနော်တော့ သံသယရှိတယ်။ ဆိုဗီယက် ယူနီယံက ဆိုရှယ်လစ်စနစ်ကို မရောက်သေးဘူး။ ဆိုဗီယက်ယူနီယံရဲ့ အခြေအနေက ကူးပြောင်းနေဆဲ အဆင့်ပဲ ၊ ပဋိပက္ခတွေ အပြည့်ရှိနေတယ်၊ အတိတ်က အမွေတွေကို လေးလေးလံလံ ထမ်းပိုးထားရတယ်၊ ဒါ့အပြင် အရင်းရှင် နိုင်ငံတွေက ရန်လိုတဲ့ ဖိအားမျိုးစုံကိုလည်း ကြုံနေရသေးတယ်။ အောက်တိုဘာ တော်လှန်ရေးက လူ့အဖွဲ့အစည်းအသစ်ရဲ့ အခြေခံမူတွေကို ရှင်းရှင်းလင်းလင်း ဖော်ထုတ်ပေးခဲ့တယ်။ ဆိုဗီယက် သမ္မတနိုင်ငံဟာ လူ့အဖွဲ့အစည်းအသစ် တည်ဆောက်ရေး ပထမအဆင့်ကိုပဲ လက်တွေ့ပြခဲ့တာ ဖြစ်တယ်။ အက်ဒီဆင်ရဲ့ ပထမ ဆုံးမီးလုံးဟာ အတော်ဆိုးရွားခဲ့ပါတယ်။အနာဂတ်ကို ဘယ်လိုပုံဖော်မလဲ သိနိုင်အောင် အဲဒီလို ကနဦး စမ်းသပ်ချက်တွေကနေ ကျနော်တို့ သင်ယူကြရမယ်။

ဒါပေမယ့် ပူဆွေးမှုက သက်ရှိ လူသားတွေအပေါ် ဒလဟောစီးဆင်းလာတယ်။ တော်လှန်ရေး အသီးအပွင့်တွေ



return to contents

က တော်လှန်ရေးကြောင့် စတေးခဲ့ရတာတွေကို ကာမိရဲ့လား။ ကြွေးကြော်သံဆန်လွန်းတဲ့ အဓိပ္ပါယ်မဲ့ မေးခွန်းပဲ။ သမိုင်းဖြစ်စဉ်တွေကပဲ အရှုံးအမြတ်တွက်ချက်ပြီး လက်ကျန်စားရင်းရှင်းတမ်း ထုတ်ပေးသလိုလို။ အဲသလို မေးကြစတမ်းဆိုရင် ကျနော်တို့လည်း အခုလို မေးလို့ရနိုင်ကောင်းရဲ့ - လူဖြစ်ရတဲ့ ဒုက္ခတွေ၊ အခက်အခဲ အကြပ်အတည်းတွေ ဒီလောက်များလှတာ "လူအဖြစ် မွေးဖွားလာဖို့ တန်ရဲ့လား" ။ Heine က ရေးခဲ့တယ် "ဒီမေးခွန်း အဖြေကို ရူးနေသူပဲ စောင့်စားလိမ့်မယ်"။ ဒီလို ပူဆွေးဝမ်းနည်းစရာ ပြန်လည်ဆင်ခြင်မှုတွေကြောင့် လူသားတွေ မွေးဖွားလာခြင်း ၊ လူသားအသစ်တွေ မွေးထုတ်ပေးခြင်း နည်းနည်းလေးမှ ရပ်တန့်မသွားခဲ့ပါဘူး။

တခါမှမကြုံဖူးအောင် ကမ္ဘာတဝှမ်းအကြပ်ဆိုက်နေတဲ့ ဒီကနေ့ခေတ်မှာတောင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုဟာ အင်မတန် နည်းပါးတဲ့ ရာခိုင်နှုန်းပဲ ရှိသေးတယ်။ လူထုက သေကြောင်းကြံတဲ့လမ်းကို မရွေးပါဘူး။ သူတို့အပေါ်ပစ်တင်ထားတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ဘယ်လိုမှ သည်းမခံနိုင်တဲ့အဆုံးတော်လှန်ပုန်ကန်ပြီး လွတ်မြောက်ရာလမ်းကိုပဲ ရှာဖွေကြတယ်။

လူထု အုံကြွမှုကြီးဒဏ် ခံခဲ့ရသူတွေကို သနားပြပြီး ဒေါသထွက်နေကြတာ ဘယ်သူတွေပါလိမ့်။ အရင်းရှင်နယ်ချဲ့စစ်ပွဲကြီးဒဏ် ခံခဲ့ရအောင်လုပ်ခဲ့သူတွေဖြစ်နေတယ်။ နယ်ချဲ့စစ်ကြီးကို ထောပနာပြုခဲ့ကြသူတွေ၊အနည်းဆုံးတော့ နယ်ချဲ့စစ်ကြီးနဲ့ တသားတည်းဖြစ်ခဲ့သူတွေ။ ဒီတခါတော့ကျနော်တို့ ပြန်မေးရမယ့်အလှည့်ပဲ၊"အဲဒီစစ်ကြီးကိုရော မှန်ကန်ကြောင်းသက်သေပြထားနိုင်သလား။ ဒီစစ်ကြီးက ကျနော်တို့ကို ဘာတွေ ပေးခဲ့သလဲ။ ဘာတွေ သင်ကြားသွားခဲ့သလဲ။"

ဖောက်ပြန်ရေးသမား သမိုင်းပညာရှင် Hippolyte Taine က ကြီးကျယ်ခမ်းနားလှတဲ့ ပြင်သစ် တော်လှန်ရေးကြီးကို အတွဲ(၁၁)တွဲရှိတဲ့ စာအုပ်ထူထူကြီးရေးပြီး ဆန့်ကျင်တိုက်ခိုက်ခဲ့တယ်။ အဲဒီထဲမှာ ဂျက်ကိုဘင်[1] အာဏာရှင်စနစ်နဲ့ ဒီနောက် မရေးမနှောင်း ကာလတွေမှာ ပြင်သစ်ပြည်သူတွေ ဒုက္ခတွေ ဘယ်လို



return to contents

ကြုံတွေ့ခဲ့ရကြောင်း ဖော်ပြထားတယ် ။ အဆိုးဆုံးခံခဲ့ရတာကတော့ မြို့နေ အောက်ခြေလူတန်းစားတွေပဲ၊ အဲဒီ နင်းပြားသာမန်လူထုက တော်လှန်ရေး မှာ အရဲရင့်ဆုံး ပေးဆပ်တိုက်ပွဲဝင်သွားခဲ့ ကြတယ်။ တော်လှန်ရေးကြီး ပြီးသွားတဲ့ အခါကျ သူတို့တတွေ/ သူတို့ဇနီးမယား တွေဟာ ပေါင်မုန့်လေးရဖို့အရေး အေးခဲ တဲ့ ညတွေမှာ တန်းစီစောင့်ဆိုင်းခဲ့ကြရ တယ်၊ ပြီးတော့လည်း အနွေးဓာတ် ကင်းမဲ့ နေတဲ့ အိမ်ဂေဟာဆီ လက်ဗလာနဲ့ လှည့် ပြန်ခဲ့ရတယ်။ (ပြင်သစ်) တော်လှန်ရေး ကြီး ဖြစ်ပြီးလို့ ဆယ်နှစ်အကြာမှာ ပါရီဟာ အရင်ကထက် ပိုမွဲသွားခဲ့ပြီ။ Taine က (၁၈ရာစု ပြင်သစ်) တော်လှန်ရေးကြီးကို အပျက်သဘောစီရင်ချက်ချတဲ့နေရာမှာ အသေအချာရွေးထုတ်ပြီး သူ့သဘောကျ ဖန်တီးရက်ဖောက်ထားတဲ့ အချက်အလက် တွေနဲ့ သက်သေထူသွားတယ်။ ကြည့်စမ်း ၊အခြေခံနင်းပြားတွေဟာ အာဏာရှင် တွေ ဖြစ်ချင်ခဲ့ကြတယ်၊ အခုတော့ ဒုက္ခ တွင်းကြီးထဲ ကိုယ့်ဘာသာ တူးဆင်း သွားတာနဲ့ အတူတူ ဖြစ်နေပါရောလား။

[1] ပြင်သစ်တော်လှန်ရေးကြီး တုန်းက ရယ်ဒီကယ် တောင်ပံမှာရှိ ခဲ့ကြတဲ့ Society of the Friends of the Constitution အဖွဲ့ဝင်တွေကို ဂျက်ကိုဘင်တွေလို့ ခေါ်ခဲ့ကြတယ်။

ဒီထက် ပိုငြိးငွေ့ဖွယ်ကောင်းတဲ့ ကိုယ်ကျင့်တရားဘောင်သွင်း ရေးသား ချက်မျိုး စိတ်ကူးကြည့်ဖို့ မလွယ်ဘူး။ ပထမဆုံးပြောလိုတာက၊ တော်လှန်ရေး ကြောင့် တိုင်းပြည် ဒုက္ခနွံနစ်ခဲ့ရတယ် ဆိုရင် လူထုကို တော်လှန်ရေးဆီ တွန်းပို့ လိုက်တဲ့ အုပ်စိုးသူ လူတန်းစားတွေ ကိုပဲ အဓိက အပြစ်ဖို့ရမယ်။ ဒုတိယ အချက်၊ ပြင်သစ် တော်လှန်ရေးကြီးက ဆာလောင်မွတ်သိပ်ပြီး ပေါင်မုန့်ဖိုတွေ ရှေ့ ကြိတ်ကြိတ်တိုးနေတဲ့ လူတန်းကြီး အနေနဲ့ အဆုံးသတ်သွားခဲ့တာ မဟုတ် ဘူး။ မော်ဒန် ပြင်သစ် လူ့အဖွဲ့အစည်း တခုလုံး၊ ဒီထက်ပြောရရင် မျက်နှာစာ အတော်များများမှာ မော်ဒန် ယဉ်ကျေးမှု ကြီးတခုလုံးကိုက ပြင်သစ် တော်လှန်ရေး ကြီး က နေ မွေး ဖွား လာ ခဲ့ တာ ပဲ ။



return to contents

ပြီးခဲ့တဲ့ ရာစုနှစ်က ဖြစ်ဖွားခဲ့တဲ့ စစ်ပွဲများမှာဖြစ်ခဲ့တဲ့ အမေရိကန် ပြည်တွင်းစစ်ကြီးအတွင်း လူပေါင်း ၅၀၀၀၀၀ကို သတ်ခဲ့ကြတယ်။ ဒီလိုစတေးခဲ့တာတွေကိုရော မှန်ကန်ကြောင်းတရားထူထောင် ပေးနိုင်သလား။

အမေရိကန် ကျွန်ပိုင်ရှင်တွေ၊ သူတို့နဲ့အတူ တသားတည်း ရပ်တည်ခဲ့ကြတဲ့ ဗြိတိန် အုပ်စိုးသူ လူတန်းစားတွေရဲ့ အမြင်က ကြည့်ရင် မမှန်ဘူး။ နီဂရိုးတွေဒါမှမဟုတ် ဗြိတိန် အလုပ်သမားတွေ ရှုထောင့်ကကြည့်ရင် အကြွင်းမဲ့ မှန်တယ်။ ဒါ့အပြင် လူသားမျိုးနွယ် တိုးတက်ဖွံ့ဖြိုးမှု ရှုထောင့်ကကြည့်မယ်ဆိုရင်လည်း ဘာမှ သံသယဝင်စရာ မရှိနိုင်ဘူး၊ အကြွင်းမဲ့ မှန်တယ်။ အဲဒီပြည်တွင်းစစ်ကြီးကနေပဲ အချုပ်အနှောင်ကင်းပြီး တက်ကြွနိုးကြားတဲ့၊ ခေတ်မီနည်းပညာတွေ၊ တောင့်တင်းတဲ့ စီးပွားရေးအင်းအားတွေ ပိုင်ဆိုင်ထားတဲ့ ဒီကနေ့ အမေရိကန် ပြည်ထောင်စုဆိုတာ ဖြစ်ပေါ်လာခဲ့တာ။ အမေရိကန်ဝါဒရဲ့ အဲဒီအောင်မြင်မှု အသီးအပွင့်တွေမှာ လူသားတွေက လူ့ဘောင်သစ်ကို ထူထောင်ကြလိမ့်မယ်။

လူ့အဖွဲ့အစည်းရဲ့ အထွတ်အမြတ်ထားရာ ပိုင်ဆိုင်မှု ဆက်ဆံရေးတွေထဲကို အောက်တိုဘာ တော်လှန်ရေးက နှောင်တော် တော်လှန်ရေးတွေ အားလုံးထက် အနက်ရှိုင်းဆုံး ထိုးဖောက်သွားခဲ့တယ်။ လူ့ဘဝနယ်ပယ် အားလုံးမှာ ဒီတော်လှန်ရေးကြီးရဲ့ ဖန်တီးနိုင်စွမ်းတွေ ဖွင့်ထုတ်ပြနိုင်ဖို့ ရှည်လျားလှတဲ့အချိန်ကာလတခု လိုအပ်ပါတယ်။ လူမှုအပြောင်းအလဲကြီးရဲ့ ယေဘုယျဦးတည်ချက်ကတော့ ရှင်းနေပြီးသားပါ၊ ဆိုဗီယက် သမ္မတနိုင်ငံအနေနဲ့ အရင်းရှင် လူတန်းစား ပုတ်ခတ်သူတွေရှေ့ ဦးညွတ်ပြီး တောင်းပန်စကားဆိုစရာ ဘာအကြောင်းမှ မရှိဘူး။

စနစ်သစ်တခုကို လူသားမျိုးနွယ် တိုးတက်မှု ရှုထောင့်ကနေအကဲဖြတ်ကြည့်နိုင်အောင် ပထမဆုံးဟောဒီ မေးခွန်းကို ဖြေကြည့်ရမယ်၊ "လူမှု တိုးတက်မှုက ဘယ်လိုနည်းနဲ့ ထုတ်ဖော်ပြတတ်သလဲ၊ ဘယ်လိုနည်းနဲ့ တိုင်းတာလို့ ရနိုင်မလဲ"။

**အောက်တိုဘာ တော်လှန်ရေး**



return to contents

# နိဂုံးချုပ်ချက်

အနက်ရှိုင်းဆုံး၊ ခမ္ဘမိဠာန်အကျဆုံးနဲ့ ငြင်းပယ်လို့မရအောင် အခိုင်မာဆုံး စံသတ်မှတ်ချက်က ဒီလိုဆိုတယ် - တိုးတက်မှု ဘယ့်လောက်ရှိသလဲ ဆိုတာကို စုပေါင်း လုပ်အားရဲ့ ကုန်ထုတ်သတ္တိ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုင်းတာကြည့်နိုင်တယ်။ ဒီရှုထောင့်ကကြည့်မယ်ဆိုရင် အောက်တိုဘာ တော်လှန်ရေးရဲ့ တိုးတက်မှု အတိုင်းအဆကိုလက်တွေ့ အခိုင်အမာပြခဲ့ပြီး ဖြစ်တယ်။ ဆိုရှယ်လစ်လူ့အဖွဲ့အစည်းရဲ့အခြေခံမှုအနေနဲ့ တိုတောင်းလှတဲ့အချိန်တခုအတွင်း တခါမှ မကြားဖူးလောက်အောင် ကုန်ထုတ်လုပ်မှုတွေစံချိန်တင် တိုးတက်သွားတဲ့အထိ စွမ်းဆောင်နိုင်ကြောင်း သမိုင်းမှာ ပထမဆုံးအကြိမ် လက်တွေ့ပြနိုင်ခဲ့ပြီ။

ရုရှား စက်မှုတိုးတက်မှု curve မျဉ်းကြောင်းကို အညွှန်းကိန်းတချို့နဲ့ အခုလို အကြမ်းဖျင်း ဖော်ပြနိုင်တယ်၊ ပထမ ကမ္ဘာစစ်ကြီး မစခင် ၁၉၁၃ ခုနှစ်ကို စမှတ်အဖြစ် ၁၀၀ သတ်မှတ်လိုက်မယ်။ အောက်တိုဘာ တော်လှန်ရေးအပြီး ပြည်တွင်းစစ် အမြင့်ဆုံးကာလ ၁၉၂၀ ခုနှစ်မှာ စက်မှုလုပ်ငန်း အနိမ့်ဆုံးအဆင့်ကို ရောက်သွားခဲ့တယ်၊ အဲဒီနှစ်မှာ ၂၅ ပဲ ရှိတော့တယ်၊ စစ်ကြီးမတိုင်ခင် ၁၉၁၃ ခုနှစ်ရဲ့ လေးပုံတပုံ အခြေအနေပဲ ကျန်တော့တယ်။ ၁၉၂၅ မှာကျ ၇၅ အထိ တိုးတက်သွားခဲ့တယ်၊ သဘောက စစ်ကြီးမတိုင်ခင် ထုတ်လုပ်မှုရဲ့ လေးပုံသုံးပုံကို ပြန်ရောက်သွားခဲ့တယ်။ ၁၉၂၉ ရောက်တော့ ၂၀၀ အထိ တိုးတက်သွားခဲ့တယ် ၊၁၉၃၂ ကျ ၃၀၀ အထိ ရောက်ခဲ့တယ် ၊စစ်ကြီး မစခင် ကုန်ထုတ်လုပ်မှုထက် သုံးဆ ပိုတိုးတက်သွားခဲ့တဲ့ သဘောပဲ။

ဒီပုံကားချပ်ကို နိုင်ငံတကာအညွှန်းကိန်းတွေနဲ့ ချိန်ထိုးကြည့်လိုက်ရင် ပိုပြီးတော့တောင် ထင်ရှားပေါ်လွင်သွားဦးမယ်။ ၁၉၂၅ နဲ့ ၁၉၃၂ ခုနှစ်အတွင်းဂျာမနီရဲ့ စက်မှုလုပ်ငန်းဟာ ၁ဆခွဲ ကျုံ့ဝင်သွားခဲ့တယ်။ အမေရိကမှာ နှစ်ဆ သေးကျုံ့သွားခဲ့တယ်။ ဆိုဗီယက် ယူနီယံက လေးဆ ကြီးထွားလာခဲ့တယ်။ဒီကိန်းဂဏန်း အချက်အလက်တွေကသူတို့ဘာသာ စကားပြောသွားတာပဲ။



return to contents

ဆိုဗီယက် စီးပွားရေးရဲ့ အဆိုးဘက်ခြမ်းကို ငြင်းဆန်ဖို့/ ဖုံးကွယ်ထားဖို့ ရည်ရွယ်ချက် ကျနော့်မှာ မရှိပါဘူး။ စက်မှု ထုတ်လုပ်ရေး ညွှန်းကိန်းတွေကို စိုက်ပျိုးရေး ကဏ္ဍ အားမကောင်းသေးတဲ့ ဖွံ့ဖြိုးမှု ညွှန်းကိန်းတွေက အုပ်မိုးထားတယ်။ ဆိုလိုတာက စိုက်ပျိုးရေးနယ်ပယ်မှာ ဆိုရှယ်လစ် နည်းလမ်းတွေကို မသုံးနိုင်သေးဘူး၊ ဒါ့အပြင် လုံလောက်တဲ့ပြင်ဆင်မှုမရှိဘဲ ဗျူရိုကရေစီ နည်းသက်သက်နဲ့ စုပေါင်းလယ်ယာစနစ်ဆီ အမိန့်ပေး ချီတက်နေပြန်တယ်။ ဒီပြဿနာက ကျနော့် လက်ချာရဲ့ နယ်နိမိတ်ကို အများကြီးကျော်သွားတဲ့၊ ကြီးမားတဲ့ ပြဿနာတရပ် ဖြစ်ပါတယ်။

အခုဖော်ပြခဲ့တဲ့ အညွှန်းကိန်းတွေကို သံသယနဲ့ ကြည့်ဖို့လိုတယ်။ ဆိုဗီယက် စက်မှုလုပ်ငန်း ကြီးထွားလာခြင်းရဲ့ ရလဒ်တွေဟာ ငြင်းဖျက်လို့မရနိုင်သလို အံ့ဩမှင်သက်ဖို့လည်းကောင်းတယ်၊ ဒါပေမယ့် စီးပွားရေးဘဝရဲ့ အစိတ်အပိုင်း အသီးသီးကြားက အပြန်အလှန် သက်ရောက်မှုတွေ၊ သူတို့ကြား ဆက်နွှယ်မှုရဲ့ ဒိုင်နမ်းမစ်(ခ်) မျှခြေ၊ ဒါနဲ့တဆက်တည်း သူတို့ရဲ့ ကုန်ထုတ်လုပ်မှုစွမ်းပကား၊ အစရှိတဲ့ ရှုထောင့်တွေကနေဖော်ပြပါ ရလဒ် အညွှန်းကိန်းတွေကိုဘောဂဗေဒနည်းနဲ့ ဆန်းစစ်ကြည့်ဖို့ လိုအပ်သေးတယ်။ ဒီနေရာမှာ ကြီးမားတဲ့ အခက်အခဲတွေ မလွဲမသွေရှိမှာပဲ၊ ချို့ယွင်းချက် ပြဿနာတွေတောင် ပေါ်လာနိုင်တယ်။ မီနားဗားက ဂျူပီတာရဲ့ ဦးခေါင်းထဲကနေ မွေးဖွားလာသလို ဒါမှမဟုတ်လည်း ပင်လယ်ရေလှိုင်း အမြှုပ်တောထဲကနေ ဗီးနပ်(စ်) ပေါက်ဖွားလာသလို ငါးနှစ်စီမံကိန်းထဲကနေ ဆိုရှယ်လစ်စနစ်ကြီး အတောင်အလက် အစုံအလင်နဲ့ မွေးဖွားလာမှာ မဟုတ်ဘူး။ ဒီမတိုင်ခင် ရှေ့ဆယ်စုနှစ်တွေမှာ တစိုက်မတ်မတ် ကြိုးပမ်းအလုပ်လုပ်ခဲ့ကြရတယ်၊ အမှားတွေ ရှိခဲ့သလို အမှန်တွေလည်း ပြင်ခဲ့ကြတယ်၊ တဖန်ပြန်လည်ဖွဲ့စည်းမှုတွေ လုပ်ခဲ့ရတယ်။ ဒါ့အပြင် ဆိုရှယ်လစ် လူ့ဘောင် တည်ဆောက်တဲ့ အလုပ်ဟာ သူ့သဘာဝအရ အင်တာနေရှင်နယ် အတိုင်းအတာနဲ့ပဲ ပြီးပြည့်စုံတဲ့ အခြေအနေကို ရောက်နိုင်တယ်ဆိုတာ

မေ့ထားလို့မဖြစ်ဘူး။အခုထိ ရရှိထားသမျှ ကုန်ထုတ်လုပ်ငန်း တိုးတက်မှု ရလဒ်တွေကို နိဂုံးချုပ်ချက်ဆွဲကြည့်မယ်ဆိုရင် အစောပိုင်း တွက်ချက်မှုတွေ လွဲမှားခဲ့တာ ၊ စီမံကိန်းနဲ့ ဦးတည်ချက် အမှားတွေကိုပဲ လှစ်ဟပြလိမ့်မယ်။ လက်တွေ့ရလဒ်တွေနဲ့ အခိုင်အမာတည်ဆောက်ထားတဲ့ အချက်ကိုတော့ ဘယ်လိုနည်းနဲ့မှ ငြင်းချေလို့ရမှာ မဟုတ်ဘူး၊ အဲဒီအခိုင်အမာအချက်က ဆိုရှယ်လစ် နည်းလမ်းတွေ အကူအညီနဲ့ စုပေါင်း လေဘာရဲ့ ကုန်ထုတ်သတ္တိကို မကြုံဖူး မကြားဖူးလောက်အောင် မြှင့်တင်ပေးနိုင်တယ်ဆိုတဲ့ အချက်ပဲ။ ကမ္ဘာ့သမိုင်းဆိုင်ရာ အရေးပါမှုရှိတဲ့ ဒီအောင်သီးအောင်ပွင့်ကို ကျနော်တို့ဆီကနေ ဘယ်သူ / ဘယ်အရာကမှ ဖယ်ရှားမပစ်နိုင်ဘူး။

ဒီအချက်တွေ တင်ပြခဲ့ပြီးပြီမို့ အောက်တိုဘာ တော်လှန်ရေးကြောင့် ရုရှား လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှု ျကက်သုဉ်းသွားခဲ့ရပါတယ်ဆိုတဲ့ဆူညံသံတွေကို အချိန်ကုန်ခံ ဖြေရှင်းဖို့ မလိုတော့ပါဘူး။ ဂနာမငြိမ် ဖြစ်နေရတဲ့ အုပ်စိုးသူ လူတန်းစားရဲ့ အိမ်ဂေဟာနဲ့ ဧည့်ခန်းဆောင်တွေက ထွက်လာတဲ့အသံတွေပါ။ ပစ္စည်းမဲ့ လူတန်းစား အုံကြွမှုကနေ ဖြိုချလိုက်တဲ့ ပဒေသရာဇ် ဘူဇွာ"ယဉ်ကျေးမှု "ဆိုတာ တကယ်တမ်းကျ ဆေးရောင်စုံပန်းပွားအလှ ဆင်ထားတဲ့ (ဘားဘာရစ်ဇင် ) အရိုင်းပါပဲ။ အဲဒီ"ယဉ်ကျေးမှု"ဆိုတာနဲ့ ရုရှား ပြည်သူတွေ ထိတွေ့ခွင့်မရခဲ့သလို လူသားမျိုးနွယ်ရဲ့ ယဉ်ကျေးမှု ဘဏ္ဍာတိုက်ကြီးထဲ အသစ်ထပ်မံ ဖြည့်ဆည်းပေးခဲ့တာလည်း မရှိသလောက်ပဲ။

ပြည်ပြေး အုပ်စိုးသူအဟောင်းတွေ နားပူအောင် ဓာတ်နာပြကြတဲ့ အဲဒီယဉ်ကျေးမှုဆိုတာနဲ့ ပတ်သက်လို့လည်း မေးခွန်းကို အခုလို အတိအကျ ဖော်ထုတ်ပေးရမယ် - ယဉ်ကျေးမှုတွေ ဖျက်စီးပစ်လိုက်တယ်လို့ ဘယ်အဓိပ္ပါယ်နဲ့ ပြောကြတာလဲ။ လူလက်တဆုပ်စာလေးက ယဉ်ကျေးမှု ဘဏ္ဍာတိုက်ကြီး တခုလုံး မောင်ပိုင်စီးထားတာကို ဖယ်ရှားပစ်ခဲ့တယ်ဆိုတဲ့ အဓိပ္ပါယ်တခုပဲ ရှိတယ်။ ခေတ်ဟောင်း ရုရှား ယဉ်ကျေးမှုကြီးထဲက ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးရှိတဲ့ ဘယ်တခုကိုမှ မတို့ထိကြပါဘူး။ ဘော်ရှီဗစ် "



return to contents

အရိုင်းကောင်တွေ”က စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု အသီးအပွင့်တွေကို မရိုက်ချိုးခဲ့သလို အနုပညာ ဖန်တီးမှုတွေကိုလည်း ဖျက်စီးမပစ်ကြပါဘူး။ ဒါနဲ့ပြောင်းပြန်ပဲ၊ ဘော်ရှီဗစ်တွေက လူသား ဖန်တီးမှု လက်ရာတွေကို စနစ်တကျ စုဆောင်းပြီး သေသေသပ်သပ် နေရာ စီစဉ်ပေးခဲ့ကြတယ်။ အခုဆိုရင် ဘုရင်စနစ်၊ ပဒေသရာဇ် သူကောင်းမျိုးတွေနဲ့ ဘူဇွာ လူတန်းစားရဲ့ ယဉ်ကျေးမှုတွေကို သမိုင်း ပြတိုက်တွေထဲ ဂရုတစိုက် ခင်းကျင်း ပြထားပါတယ်။

လူထုက အဲဒီပြတိုက်တွေဆီ စိတ်ပါလက်ပါ လာကြည့်ကြတယ်။ ဒါပေမယ့် အဲဒီပြတိုက်ထဲမှာ သူတို့ မရှင်သန်ကြဘူး။ လူထုက လေ့လာကြည့်တယ်။ သူတို့ တည်ဆောက်ကြတယ်။ အောက်တိုဘာ တော်လှန်ရေးက ရုရှားပြည်သူတွေ၊ ဇာဘုရင် အုပ်စိုးခဲ့တဲ့ ဒါဇင်ပေါင်းများစွာသော ပြည်သူတွေကို စာရေးစာဖတ် တတ်အောင် သင်ကြားပေးခဲ့တယ်ဆိုတဲ့ တချက်နဲ့တင် အရင်ခေတ်ဟောင်း ရုရှား ယဉ်ကျေးမှုကြီး တစ်ခုလုံးထက် ယဉ်ကျေးမှု အဆင့်အတန်း အဆ ပေါင်းများစွာ မြင့်မားသွားခဲ့ပြီ။

အောက်တိုဘာ တော်လှန်ရေးကြီးက လက်တဆုပ်စာ ကွက်ကွက်လေး အတွက် ရည်ရွယ်ထားတာမျိုး မဟုတ်ဘဲ လူအားလုံးအတွက်ယဉ်ကျေးမှုအသစ်တခု ထူထောင်နိုင်ရေး အုတ်မြစ်တွေ ချပေးထားတယ်။ ဒါကိုလည်း ကမ္ဘာ့ လူထုကြီးက ခံစားသိရှိပါတယ်။ ဒါ့ကြောင့်လည်း တခါတုန်းက ဇာဘုရင့် ရုရှားကို ရွံမုန်းကြသလောက် ဆိုဗီယက် ယူနီယံကို ကမ္ဘာ့ လူထုက စာနာရိုင်းပင်းမှု ရှိနေကြတယ်။

လူသား ဘာသာစကားဟာ ဖြစ်ရပ် အကြောင်းချင်းရာတွေကို အမည်နာမတပ်ပေးတဲ့ နေရာမှာပဲ အစားထိုးလို့ မရတဲ့ ကိရိယာ မဟုတ်ဘူး၊ အဲဒီဖြစ်ရပ်အကြောင်းချင်းရာတွေရဲ့ တန်ဖိုးကို အကဲဖြတ်ကြည့်ရာမှာလည်း ဘာနဲ့မှ မလဲနိုင်တဲ့ ကိရိယာ လက်နက်တခု ဖြစ်တယ်။ ရှောင်တခင် ဖြစ်တဲ့အရာတွေ၊ ကြိုကြားကြိုကြား ဖြစ်တဲ့ အရာတွေ၊ လူ့ပယောဂကြောင့် ပေါ်လာတတ်တာတွေကို စစ်ထုတ်ပြီး အရေးကြီး အနှစ်သာရအပိုင်း နဲ့ ဝိသေသကျတဲ့ အချင်းအရာတွေကိုပဲ စုပ်ယူပေးတဲ့ လက်နက်ဖြစ်


return to contents

တယ်။ ရုရှားရဲ့ ဖွံ့ဖြိုးတိုးတက်မှု ခေတ်ကြီးနှစ်ခေတ်ကို လူ့ယဉ်ကျေး တိုင်းပြည်ကြီးတွေရဲ့ ဘာသာစကားတွေက ဘယ်လို ခံစားသက်ဝင်မှုနဲ့ ပိုင်းခြားပေးခဲ့သလဲ သတိမူကြည့်ပါ။ ပဒေသရာဇ် ယဉ်ကျေးမှုက ကမ္ဘာ့ရေစီးထဲကို ဇာဘုရင်၊ ကော့ဆက်(ခ်)၊ ပေါ့ဂရမ် (လူနည်းစု လူမျိုးစုတွေ၊ အထူးသဖြင့် ရုရှားမှာဆို ဂျူးလူမျိုးတွေကို ရန်ပြုတိုက်ခိုက်ခြင်း၊ nagaika (Nogai လူမျိုးတွေဆီက ဆင်းသက်လာတဲ့ ကော့ဆက်ခ်တွေရဲ့ လက်စွဲ ကြာပွတ်) အစရှိတဲ့ အရိုင်းအစိုင်းတွေကို ဆောင်ကျဉ်းပေးခဲ့တယ်။ ဒီစကားလုံးတွေကို ခင်ဗျား တို့ ရင်းနှီးပြီးသားပါ၊ ဒီစကားလုံးတွေရဲ့ ဆိုလိုရင်းကိုလည်း သိပြီးဖြစ်ပါတယ်။ အောက်တိုဘာ တော်လှန်ရေးက ကမ္ဘာ့ဘာသာစကားထဲကို ဘော်ရှီဗစ်၊ ဆိုဗီယက်၊ kolkhoz (စုပေါင်းလယ်ယာ)၊ Gosplan (စီမံကိန်း စီးပွားရေးကိုကြီးကြပ်ကွပ်ကဲပေးတဲ့ ဗဟိုအစိုးရ ကော်မရှင်) အစရှိတဲ့ စကားလုံးတွေကို မိတ်ဆက်ပေးခဲ့တယ်။ ဒီနေရာမှာ လက်တွေ့ဆန်တဲ့ ဘာသာဗေဒက သမိုင်းဆိုင်ရာ တရားရုံးချုပ်ကို ခေါ်ယူကျင်းပပြီး စီရင်ချက်ချသွားပါလိမ့်မယ်။

လက်ငင်းတိုင်းတာကြည့်ဖို့ အင်မတန်ခက်ပေမယ့် တော်လှန်ရေးဆိုတာရဲ့ အလေးနက်ဆုံး အဓိပ္ပါယ်ထဲမှာ တော်လှန်ရေးက လူထုရဲ့ စရိုက်လက္ခဏာကို ပုံလောင်းပေးတယ်၊ ခိုင်မာသွားစေတယ် ဆိုတဲ့အချက် ပါဝင်နေတယ်။ ရုရှားလူထုလို့ ဆိုလိုက်တာနဲ့ ထိုင်းမှိုင်း၊ လေးလံတယ်၊ ပူပန်သောကရောက်နေတယ်၊ ယုတ္တိလွန် အချင်းအရာတွေကို ယုံကြည်ကြတယ်လို့ပဲ လူအများက မြင်ထားကြတယ်။ ဒါလည်း အကြောင်းမဲ့ မဟုတ်ဘူး။ ဒီအမြင် ဖြစ်ပေါ်လာရတဲ့ အကြောင်းရင်းက အတိတ်သမိုင်းမှာ မြစ်ဖျားခံပါတယ်။ ဒါပေမယ့် (အောက်တိုဘာ) တော်လှန်ရေးကြီးက (ရုရှား) လူထုရဲ့ စရိုက်လက္ခဏာ ဖြစ်ပေါ်မှုမှာ ပြောင်းလဲမှုတွေ ကြီးကြီးမားမား ဖြစ်စေခဲ့တယ်၊ အဲဒီလောက်ကြီးမားကျယ်ပြန့်တဲ့ အပြောင်းအလဲမျိုး အနောက်နိုင်ငံတွေမှာ ဒီကနေ့အချိန်ထိ အသေအချာ စဉ်းစားမကြည့်ဖူးကြသေးဘူး။ အောက်တိုဘာလို တော်လှန်ရေးမျိုး မဖြတ်သန်းရသေးဘဲ အလားတူ ပြောင်းလဲမှုတွေ ဖြစ်နိုင်မတဲ့လား။


return to contents

ဘဝအတွေ့အကြုံရှိတဲ့ လူတိုင်းလူတိုင်း ကိုယ်သိကျွမ်းဖူးတဲ့ လူငယ်တချို့အကြောင်း ပြန်စဉ်းစားကြည့်လို့ ရပါတယ်။ အရင်က အလွယ်တကူ နားဝင်တတ်ပြီး သူ့ခံစားချက်သူ တက်တက်ကြွကြွ ထုတ်ဖော်တတ်တဲ့ လူငယ်တချို့ အားကြီးလှတဲ့ ကိုယ်ကျင့်တရားတွန်းအားတခုခုရဲ့ လွှမ်းမိုးမှုနဲ့ ရုတ်တရက် ပိုပြင်းထန်လာ၊ ပိုပြီးချင့်ချိန်တတ်လာလို့ မမှတ်မိနိုင်အောင် ပြောင်းလဲသွားတာမျိုး ကြုံရတတ်တယ်။ လူထုတရပ်လုံးရဲ့ တိုးတက် ဖြစ်ထွန်းမှုမှာ အဲသလိုကိုယ်ကျင့်ပိုင်း ပြောင်းလဲမှုတွေကိုတော်လှန်ရေးက ဖြစ်ပေါ်စေတယ်။

ဘုရင်အုပ်စိုးမှု၊ ပဒေသရာဇ် လူတန်းစားနဲ့ နယ်ချဲ့စစ်ကို ဆန့်ကျင်ပြီး ငြိမ်းချမ်းရေး၊ မြေယာနဲ့ လူမျိုးစုများ တန်းတူရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ ဖေဖော်ဝါရီ သူပုန်ထမှုကြီး၊ ဘူဇွာ လူတန်းစားနဲ့ သူ့လက်ဝေခံ ပါတီတွေကို ဖြိုချခဲ့တဲ့ အောက်တိုဘာ သူပုန်ထမှုကြီး၊ ဒီနောက် မိုင် ၅၀၀၀ စစ်မျက်နှာမှာ ဆင်နွှဲခဲ့ရတဲ့ သုံးနှစ်ကြာ ပြည်တွင်းစစ်၊ အရင်းရှင် နိုင်ငံတွေ ဝိုင်းပိတ်ထားခဲ့တဲ့ နှစ်ကာလများ၊ အငတ်ဘေးနဲ့ ကပ်ဘေး ဒုက္ခတွေ ဒင်းကြမ်း ပြည့်နေခဲ့တဲ့ သက္ကရာဇ်များ၊ စီးပွားရေး အဆောက်အအုံတွေ အပြင်းအထန် ထူထောင်ခဲ့ရတဲ့ နှစ်များ၊ မကြုံဖူးခဲ့တဲ့ အခက်အခဲ အသစ်တွေ၊ အတင်းအကြပ် ခြိုးခြံရခြင်းတွေ . . .၊ ဒီဖြတ်သန်းမှု အတွေ့အကြုံတွေဟာ ကြမ်းတမ်း ခက်ခဲပေမယ့် ကောင်းမွန်တဲ့ ကျောင်းတော်ကြီး တခုလို ဖြစ်ခဲ့တယ်။ ထုထည်ကောင်းတဲ့ တူတလက်ဟာ ဖန်ချပ်ကို အစိတ်စိတ် အမွှာမွှာ ကွဲကြေစေပေမယ့် သံမဏိကိုတော့ မာကြောစေတယ်။ တော်လှန်ရေးဆိုတဲ့ တူကြီးဟာ လူထုရဲ့ စရိုက်လက္ခဏာ သံမဏိကို ခိုင်မာအားကောင်းသွားစေတယ်။

ဇာဘုရင့်လက်ထက် စစ်ဗိုလ်ချုပ်ဖြစ်ခဲ့တဲ့ Zalweski က လူထု အုံကြွမှုကြီး ဖြစ်ပြီး မရေးမနှောင်းမှာ မကျေမချမ်းသံနဲ့ အခုလို ရေးခဲ့တယ် - "ဘယ်သူ ယုံမတဲ့လဲ၊ ဒရဝမ်ကနေ တရားသူကြီးချုပ်၊ ဆေးရုံစောင့်က ဆေးရုံ ဒါရိုက်တာ၊ ဆံသဆရာက အစိုးရအရာရှိ၊ တပ်ကြပ်က ကာချုပ်၊ နေ့စား



return to contents

အလုပ်သမားက မြို့ဝန်၊ သေ့ာပြင်သမား က စက်ရုံ ဒါရိုက်တာ … နေ့ချင်းညချင်း ဖြစ်သွားကြမယ်လို့ ဘယ်သူများ ယုံမလဲ။” “ဒါကို ဘယ်သူတွေ ယုံမတဲ့လဲ”။ အဲ သလို မေးခဲ့ပေမယ့် ယုံခဲ့ကြရပါတယ်။ အောက်ခြေတပ်သားတွေက ဗိုလ်ချုပ် ကြီးတွေကို ပုန်ကန်ခြားနားလိုက်တဲ့အခါ ၊ မြို့ဝန်တဖြစ်လဲ နေ့စားအလုပ်သမားက ဗျူရိုကရေစီဟောင်းရဲ့ ကန့်လန့်တိုက် ဖီဆန်မှုကို ရိုက်ချိုးပစ်လိုက်တဲ့အခါ၊ စက် ပြင်သမားက ပို့ဆောင်ရေး စနစ်ကို ပဲ့ကိုင် အသက်သွင်းလိုက်တဲ့အခါ၊ ဒါရိုက်တာတ ဖြစ်လဲ သေ့ာပြင်သမားက စက်ယန္တယား တွေကို လည်ပတ်မောင်းနှင်စေတဲ့အခါ တခြားလည်း သူတို့ဘာမှ မတတ်နိုင်ခဲ့ ပါ၊ ယုံပေးရုံပဲ တတ်နိုင်တော့တယ်။ “ဒါ ကို ဘယ်တွေများ ယုံမတဲ့လဲ”။ မယုံဘဲ နေဖို့ ကြိုက်တဲ့သူ စမ်းကြည့်လိုက်ပါ။

## တော်လှန်ရေးနဲ့ သမိုင်းဖြစ်စဉ် အတွင်းက တော်လှန်ရေးရဲ့ အဆင့်နေရာ

အခု ဒီလက်ချာ အဆုံးသတ်အနေ နဲ့ အောက်တိုဘာ တော်လှန်ရေးက ရုရှား သမိုင်းမှာသာမက ကမ္ဘာ့သမိုင်း မှာပါ ဘယ်အဆင့်နေရာက ရှိနေသလဲ ဆန်းစစ်ကြည့်ပါရစေ။ ၁၉၁၇ ခုနှစ်ရဲ့ ရှစ်လတာ ကာလအတွင်း သမိုင်းဆိုင်ရာ မျဉ်းကြီးနှစ်ကြောင်း တခုကိုတခု ယှက်နွှ ယ် ဖြတ်သန်းသွားကြတယ်။ လွန်ခဲ့သော ရာစုနှစ်တွေက ဟော်လန်၊ အင်္ဂလန်၊ ပြင် သစ်နဲ့ ဥရောပတိုက် နိုင်ငံအားလုံးလောက် မှာ ဆင်နွှဲခဲ့ကြပြီးဖြစ်တဲ့ အရေးတော်ပုံ ကြီးတွေလို ဘူဇွာ တော်လှန်ရေးတရပ် ကို ရုရှားမှာ ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီ ကျမှ ဆင်နွှဲနိုင်ခဲ့တယ်။ ဖေဖော်ဝါရီ တော်လှန်ရေးအပြီး ရှစ်လအတွင်း ဆင် နွှဲလိုက်တဲ့ အောက်တိုဘာတော်လှန်ရေး ကြီးက အလုပ်သမား လူတန်းစား အုပ်စိုး မှုကို စတင် အုတ်မြစ်ချပေးခဲ့တယ်။ ကမ္ဘာ့ အရင်းရှင်စနစ်ကြီးဟာ ပထမဆုံးအကြိမ် အရေးနိမ့်မှုကြီးကို ရုရှားမြေပေါ်မှာ မရှုမလှ ခံလိုက်ရတယ်။ သံကွင်းဆက် ချိန်းကြိုး ကြီးရဲ့ အချိန့်ဆုံး ကွင်းဆက်ကနေ ပြတ် ထွက်သွားခဲ့တယ်။ ကွင်းဆက်လေးပဲ ပြတ် ထွက်သွားတာ မဟုတ်ဘူး၊ သံကွင်းဆက် ချိန်းကြိုးကြီး ပြတ်ထွက်သွားခဲ့တာပါ။



return to contents

အရင်းရှင်စနစ်က ကမ္ဘာ့စနစ်တခုအနေနဲ့ သူ့သက်တမ်းကို ကျော်သွားခဲ့ပြီး ဖြစ်တယ်။ လူသား ဓနဥစ္စာနဲ့ လူသားပါဝါတွေ မြှင့်တင်ပေးနိုင်ခြင်းဆိုတဲ့ အရေးတကာ့ အရေးအကြီးဆုံး သူ့တာဝန်ကို အရင်းရှင်စနစ်က ဖြည့်ဆည်းပေးနိုင်စွမ်း မရှိတော့ဘူး။ လူသားတွေအနေနဲ့ လက်ရှိရောက်ပြီးသား နေရာမှာပဲ ငြိမ်သက်မနေနိုင်ဘူး။ ကုန်ထုတ်စွမ်းအားစုတွေ အင်တိုက်အားတိုက် တိုးတက်မှုရယ်၊ ကောင်းမွန်တဲ့ စီမံကိန်း၊ဆိုလိုတာက ဆိုရှယ်လစ်နည်းကျ ကုန်ထုတ်လုပ်မှုနဲ့ ခွဲဝေမှု စနစ်နဲ့သာ လူသားအားလုံး နှစ်လိုဖွယ်ကောင်းတဲ့ လူနေမှု အဆင့်အတန်းကို ရရှိနိုင်မယ်၊တချိန်တည်းမှာ လူ့အဖွဲ့အစည်းရဲ့ စီးပွားရေးဘဝနဲ့ အဟပ်ညီညီ တန်ဖိုးကြီးမားတဲ့ လွတ်လပ်မှု အရသာကိုလည်း လူသားအားလုံး ခံစားနိုင်မယ်။ လွတ်လပ်မှုကို အဓိပ္ပါယ်နှစ်မျိုးနဲ့ ပြောချင်တယ်၊ ပထမဆုံးအနေနဲ့ လူသားအားလုံးဟာ သူတို့ဘဝရဲ့ အစိတ်အပိုင်း အတော်များများကို ကုန်းရုန်း အလုပ် လုပ်နေရတာနဲ့ပဲ အချိန်မကုန်ရတော့ဘူး။ ဒုတိယအချက်ကတော့ လူသားမျိုးနွယ်အနေနဲ့ ဈေးကွက်ဥပဒေသတွေအပေါ် မှီခိုနေရတဲ့ဘဝကလွတ်မြောက်သွားမယ်၊ ဆိုလိုတာက လူသားထိန်းချုပ်မှုအောက် မရှိဘဲ သူ့သဘောနဲ့သူ ထင်ရာစိုင်းနေတဲ့ အင်အားစုတွေအပေါ် မှီခိုအားထားနေဖို့ မလိုတော့ဘူး။ လူသားက သူ့လက်ထဲမှာ လမ်းပြသံလိုက်အိမ်မြှောက် ဆွဲကိုင်ပြီး စီမံကိန်းနဲ့အညီ စီးပွားရေးစနစ်ကို လွတ်လပ်စွာ တည်ဆောက်သွားလိမ့်မယ်။ ဒီခေတ်မှာတော့ လူ့အဖွဲ့အစည်း ခန္ဓာဗေဒကို X-ray နဲ့ အသေအချာရိုက် ဆန်းစစ်ကြည့်မယ်၊ မြင်ရခက်ခဲခဲ့တဲ့ လူ့အဖွဲ့အစည်း အလုပ်လုပ်ပုံ လျှို့ဝှက်ချက်အားလုံးကို ဖွင့်ထုတ်ပြီး သူ့လုပ်ငန်းဆောင်တာ အားလုံးကို လူသားမျိုးနွယ်ရဲ့ ဆင်ခြင်တုံတရားနဲ့ ဆန္ဒအတိုင်း ပဲ့ကိုင်မောင်းနှင်သွားမယ်။ ဆိုရှယ်လစ်စနစ်က လူသားမျိုးနွယ်ရဲ့ သမိုင်းဆိုင်ရာ တိုးတက်မှုလမ်းကြောင်းမှာ အဆင့်သစ်တခု ဖြစ်လာမယ်လို့ဒီသဘောနဲ့ ဆိုလိုခြင်း ဖြစ်တယ်။ ကျောက်ပုဆိန်လောက်သာ ကိုင်စွဲထားနိုင်သေးတဲ့ ကျနော်တို့ ဘိုးဘေး ရှေးဦး လူသားရဲ့ ရှေ့မှောက်



return to contents

မှာ သဘာဝကြီး တခုလုံးက လျှို့ဝှက်ဆန်းကြယ်ပြီး ရိုင်းစိုင်းကြမ်းကြုတ်တဲ့ အင်အားစုတွေ ဖြစ်နေခဲ့တယ်။ အဲဒီကနေစလို့ သဘာဝသိပ္ပံပညာရပ်တွေနဲ့ လက်တွေ့နည်းပညာဗေဒဟာ လက်ချင်းတွဲ လျှောက်လှမ်းရင်း သဘာဝတရားရဲ့ လျှို့ဝှက်ဆန်းကြယ်လှသော နက်နဲမှုတွေကို လက်ကုန်နှိုက် ဖွင့်ထုတ်ပြလာခဲ့ကြတယ်။ လျှပ်စစ်စွမ်းအင်ကို အသုံးချပြီး ရူပဗေဒပညာရှင်က အက်တမ်ရဲ့ နျူကလိယပ်ကို စီရင်ချက်ချလိုက်တယ်။ (ဓာတုဗေဒပညာရှင်တွေရဲ့ ရှေ့ပြေး) အင်္ဂါရတ်ဆရာတွေ လုံးပမ်းခဲ့ကြဖူးတဲ့ အလုပ်ကို သိပ္ပံက အလွယ်တကူ ဖြေရှင်းပေးနိုင်တော့မယ့် အချိန်ဟာ သိပ်မဝေးတော့ဘူး၊ မြေဩဇာကနေ ရွှေဖြစ်အောင်၊ ရွှေကနေ မြေဩဇာဖြစ်အောင် လုပ်ပေးလာနိုင်လိမ့်မယ်။ သဘာဝအရိုင်းရဲ့ နတ်ဆိုးနဲ့ ဘီလူးကြီးတွေ အုပ်စိုးခဲ့တဲ့ နေရာမှာ ရဲစွမ်းသတ္တိပိုကြီးမားပြီး ပြင်းထန်အားကောင်းတဲ့ လူသား စိတ်ဆန္ဒက မင်းမူသွားလိမ့်မယ်။

လူသားဟာသဘာဝအရိုင်းကိုအောင်အောင်မြင်မြင် ဇာတ်ခွဲ့မောင်းနှင်လာနိုင်ပြီဆိုပေမယ့် လူမှုဆက်ဆံရေးတွေကိုတော့ ပျားတွေလို/ ပုရွက်ဆိတ်တွေလို "မျက်ကန်း" တည်ဆောက်ခဲ့တယ်။ လူသား အဖွဲ့အစည်းပြဿနာတွေကို တုံ့ဆိုင်းတုံ့ဆိုင်းနဲ့နှေးကွေးလေးလံစွာ ချဉ်းကပ်ခဲ့တယ်။

Reformation* ဟာ အသက်မဲ့ အစဉ်အလာတွေ ကြီးစိုးနေတဲ့ နယ်ပယ်ထဲ ဘူဇွာ တသီးပုဂ္ဂလဝါဒ ပထမဆုံးအောင်ပွဲရရှိလာခြင်းကို ကိုယ်စားပြုခဲ့တယ်။ သုံးသပ်ဝေဖန်တဲ့ အတွေးအခေါ်ဟာ ဘုရားကျောင်းတော်ကနေ နိုင်ငံတော်အထိ ရောက်သွားခဲ့တယ်။သက်ဦးဆံပိုင်စနစ်နဲ့ အလယ်ခေတ် အခွင့်ထူးခံ လူတန်းစားတွေကို ဆန့်ကျင်တိုက်ပွဲဝင်ရင်း မွေးဖွားလာခဲ့တဲ့ ပြည်သူ့ အချုပ်အခြာအာဏာ အယူအဆ၊ လူတဦးချင်းစီနဲ့ နိုင်ငံသား အခွင့်အရေး အယူအဆတွေဟာ ခိုင်မာအားကောင်းလာခဲ့တယ်။ ဒါ့ကြောင့် ပါလီမန်စနစ်ပေါ်ထွန်းလာခဲ့တယ်။ ဝေဖန်ပိုင်းခြားတတ်တဲ့ အတွေးအခေါ်ဟာ အစိုးရ အုပ်ချုပ်ရေးနယ်ပယ်အထိ ထိုးဖောက်သွားခဲ့တယ်။ ဒီမိုကရေစီဆိုတဲ့ နိုင်ငံရေးဆိုင်ရာ ဆင်ခြင်တုံတရား



return to contents

အခြေပြုဝါဒဟာ တော်လှန်သော ဘူဇွာတွေရဲ့အမြင့်ဆုံး အောင်မြင်မှု ဖြစ်ခဲ့တယ်။

(*= ဂျွန်ကယ်ဗင်နဲ့ မာတင် လူသာတို့ ခေါင်းဆောင်ခဲ့တဲ့ ၁၆ရာစု ဥရောပ အလယ်ခေတ်နှောင်းပိုင်းက ကတ်သလစ် အာဏာပိုင် ကျောင်းတော်ကို ဆန့်ကျင်တော်လှန်ပြီး ပရိုတက်စတန့် ဂိုဏ်း ပေါ်ထွန်းလာစေတဲ့ လှုပ်ရှားမှု)

ဒါပေမယ့် သဘာဝနဲ့ နိုင်ငံတော်ကြားမှာ စီးပွားရေးဘဝ ခံနေသေးတယ်။ နည်းပညာနဲ့ သိပ္ပံကြောင့် သဘာဝအင်အားတွေ (မြေ၊ ရေ၊ လေ၊ မီး) ရဲ့ ဗိုလ်ကျမှုတွေက လွတ်မြောက်လာတဲ့ လူသားဟာ လူသားအချင်းချင်း ဗိုလ်ကျစိုးမိုးမှုကို ခံနေရတယ်။ လူသားဟာ စက်ယန္တရားရဲ့ အစေအပါးဖြစ်လာဖို့ သဘာဝရဲ့ အစေအပါးဘဝကနေ လွတ်လာခဲ့တယ်၊ ဒီထက်ပိုဆိုးတာက ဝယ်လိုအားနဲ့ ရောင်းလိုအားရဲ့ အစေအပါးဖြစ်သွားခဲ့တာပဲ။ သမုဒ္ဒရာ ကြမ်းပြင်အထိ ငုပ်ဆင်းသွားနိုင်တဲ့ လူသား၊ ဝေဟင်အထိ ပျံတက်သွားနိုင်တဲ့ လူသား၊ ဆန့်ကျင်ဘက် ဝင်ရိုးစွန်းတွေကလာတဲ့ မမြင်နိုင်သော လှိုင်းတွေကို ပြောင်းလဲပစ်နိုင်တဲ့ လူသား၊ ဒီလောက်တောင် ရဲစွမ်းသတ္တိကြီးမားပြီး ဝင့်ကြွားလှတဲ့ သဘာဝရဲ့ အရှင်သခင် လူသားဟာ သူကိုယ်တိုင် ဖန်တီးထားသော စီးပွားရေးစနစ်ရဲ့ မျက်ကန်း အင်အားစုတွေ စိုးမိုးမှုအောက် ရောက်နေတဲ့ အစေအပါးမျှသာ ဖြစ်နေသေးကြောင်း လက်ရှိကမ္ဘာ့ (အရင်းရှင်စနစ်) အကြပ်အတည်းကြီးက သက်သေပြနေတယ်။ ကျနော်တို့ခေတ်ရဲ့ သမိုင်းရေး တာဝန်က ဈေးကွက်ရဲ့ ထင်ရာစိုင်း အုပ်စိုးမှုကို ဆင်ခြင်တုံတရား အခြေခံသော စီမံကိန်းနဲ့ အစားထိုးဖို့၊ ကုန်ထုတ်စွမ်းအားစုတွေကို ပွဲကိုင်ပြီး ဟာမိုနီကျကျ လည်ပတ်သွားစေရင်း လူသားမျိုးနွယ်ရဲ့ လိုအပ်ချက်တွေကို ကျိုးကျိုးနွံနွံနဲ့ ဖြည့်ဆည်းပေးစေဖို့ ဖြစ်ပါတယ်။ အဲဒီလို လူမှုအခြေခံအသစ်ပေါ်ကပဲ လူသားဟာ နွမ်းနယ်နေတဲ့ သူ့ခြေလက်တွေကို ဆန့်ထုတ်ပစ်နိုင်လိမ့်မယ်၊ လက်ရွေးစင် လူနည်းစုလေးသာ မဟုတ်တော့ဘဲ လူသားအားလုံးက အတွေးအခေါ် နယ်ပယ်မှာလည်း စွမ်းအား အပြည့်ရှိတဲ့ နိုင်ငံသားတွေ ဖြစ်လာကြမယ်။



return to contents

# လူသား အနာဂတ်

ဒါပေမယ့် အဲဒါက လမ်းဆုံး မဟုတ်သေးဘူး။ အစပဲ ရှိသေးတယ်။ လူက သူ့ကိုယ်သူ သက်ရှိလောကရဲ့ သရဖူလို့ သမုတ်တယ်။ အဲဒီလို ဆိုရအောင်လည်း သူ့မှာ အခွင့်အရေး တစုံတရာ ရှိတယ်။ ဒါပေမယ့် ဒီကနေ့ လူသားဟာ ဟိုမို ဆေးပီးယန်းမျိုးစိတ်ရဲ့ နောက်ဆုံးနဲ့ အမြင့်ဆုံး သက်ရှိလို့ ဘယ်သူ ပြောထားသလဲ။ မဟုတ်ပါဘူး၊ ကိုယ်ကာယပိုင်းအရရော စိတ်ပိုင်းအရပါ ပြီးပြည့်စုံဖို့ အဝေးကြီး လိုပါသေးတယ်။ လူသားဟာ ဇီဝဗေဒအရ လိုအပ်ချက်တွေ အများကြီးနဲ့ ပေါက်ဖွားလာတယ်၊ လူသား အတွေးအခေါ်ဟာ အားနည်းနေတုန်းပဲ၊ လူသားဟာ အော်ဂဲနစ် မျှခြေအသစ် တရပ်ကိုလည်း မထုတ်လုပ်ရသေးဘူး။

လူသားမျိုးနွယ်ထဲကနေ အတွေးအခေါ်နဲ့ လုပ်ဆောင်မှုပိုင်း ထူးချွန်ထက်မြက်လှတဲ့ ရောမ လူသားတွေတကြိမ်မက ပေါ်ထွက်ခဲ့ဖူးတယ်ဆိုတာ အမှန်ပါပဲ၊ သူတို့တတွေဟာ တောင်တန်းတွေကြားထဲက အမြင့်ဆုံး တောင်ထွတ်တွေလို သူတို့ခေတ်ပြိုင် လူသားတွေထက် ပိုကြီးကျယ်ခမ်းနားကြတယ်။ အဲရစ်(စ်)တတယ(လ်)၊ ရှိတ်(ခ်)စပီးယား၊ ဒါဝင်၊ ဘေထိုဗင်၊ ဂါ့ထ၊ မာ့(က်စ်)၊ အက်ဒီဆင်နဲ့ လီနင်တို့လို မဟာလူသားတွေ ပေါ်ထွက်ခဲ့ဖူးလို့ လူသားမျိုးနွယ်အနေနဲ့ ဂုဏ်ယူဝင့်ကြွားခွင့် ရှိပါတယ်။ ဒါပေမယ့် မေးစရာရှိတာက သူတို့လို လူသားတွေ ဘာ့ကြောင့် ဒီလောက် ရှားပါးတာလဲ။ အဓိကကတော့ သူတို့အားလုံးလိုလိုဟာအလတ်တန်းစားနဲ့ အထက်တန်းစားတွေကနေ ပေါက်ဖွားလာခဲ့ကြသူတွေချည်းပါပဲ။ ရှားရှားပါးပါး ခြွင်းချက်တွေကလွဲရင် အဖိနှိပ်ခံ လူထုကြားက ဂျီးနီးယပ်(စ်) မီးပွားလေးတွေဟာ မီးတောက်အဖြစ် ထမတောက်နိုင်သေးခင်မှာပဲ နင်းချေ ငြိမ်းသတ်ခံကြရတယ်။ ဒါ့အပြင်လူသားတယောက် တိုးတက်ဖွံ့ဖြိုးလာအောင် ဖန်တီးပျိုးထောင် ပညာသင်ပေးရတဲ့ ဖြစ်စဉ်တွေဟာ အခွင့်အလမ်းပေါ် အဓိကမူတည်နေခဲ့တယ်၊ မူတည်နေတုန်းပဲ၊ သီအိုရီနဲ့ လက်တွေ့ကလမ်းပြ ဖော်ဆောင်ပေးတာမျိုး မဟုတ်သေးဘူး၊ လူသား အသိစိတ်



return to contents

နဲ့လိုအင်ဆန္ဒရဲ့ ပဲ့ပြင်မှုအောက် မရှိဘူး။

မနုဿဗေဒ၊ ဇီဝဗေဒ၊ ဇီဝကမ္မဗေဒနဲ့ စိတ္တဗေဒ ပညာရပ်တွေဟာ လူသားမျိုးနွယ်ရဲ့ ခန္ဓာပိုင်း၊ စိတ်ပိုင်း တိုးတက် ဖွံ့ဖြိုးရေးနဲ့ အလုံးစုံ ပြည့်စုံလာစေရေး တာဝန်တွေကို အပြည့်အဝ အကောင်အထည် ဖော်နိုင်အောင် အသိပညာ အရပ်ရပ်ကို တောင်ပုံရာပုံ စုဆောင်းပေးထားတယ်။ ဆစ်(ဂ်)မန် ဖရွိုက်(ဒ်)ရဲ့ ရှေ့ဆောင်လှုပ်နှိုးမှုနဲ့ စိတ်သရုပ်ခွဲပညာရပ်က ကဗျာဆန်ဆန်တင်စားခေါ်ကြတဲ့ “ဝိညာဉ်”ဆိုသော ရေတွင်းကြီးရဲ့ အဖုံးကို ဖွင့်ပေးလိုက်ပြီ။ အဲဒီလို ဖွင့်လိုက်တော့ ဘာတွေ တွေ့လိုက်ရသလဲ။ ကျနော်တို့ရဲ့ အသိစိတ်အတွေးဆိုတာ နက်ရှိုင်းလှသောစိတ်ပိုင်း အင်အားစုများ လုပ်ဆောင်မှုရဲ့အစိတ်အပိုင်း သေးသေးလေးတခုသာ ဖြစ်နေတယ်။ ကျွမ်းကျင်တဲ့ ရေငုပ်သမားတွေက သမုဒ္ဒရာ ကြမ်းပြင်အထိ ထိုးဆင်းသွားပြီး အံ့ဩဘနန်းငါးတွေကို ခတ်ပုံရိုက် ယူကြတယ်။ လူသား အတွေးအခေါ်က သူ့ရဲ့ စိတ်ပိုင်းရင်းမြစ်တွေဆီ နက်နက်နဲနဲ ထိုးဆင်းသွားပြီး ရှုပ်ထွေးဆန်းပြားလှသော စိတ်ရဲ့ စေ့ဆော်ရေး အင်အားစုတွေကို မီးမောင်းထိုးပြပေးရမယ်၊ ဆင်ခြင်တုံတရားနဲ့ လိုအင်အတိုင်း ပဲ့ကိုင်ပေးရမယ်။

လူသားက သူ့လူ့အဖွဲ့အစည်းရဲ့ထင်ရာစိုင်း မင်းမူနေသော အင်အားစုတွေကို ခုတ်ခွဲစီမံပြီးတာနဲ့ သူ့ကိုယ်သူ ခွဲခွဲ ဆန်းစစ်တဲ့ အလုပ် စတင်လိမ့်မယ်။ ပထမဆုံးအကြိမ်အဖြစ် လူသားက သူ့ကိုယ်သူ ကုန်ကြမ်းတခုလို ဒါမှမဟုတ် တပိုင်းတစပဲ သွန်းလုပ်ထားရသေးတဲ့ စိတ်ပိုင်း ရုပ်ပိုင်း ထုတ်ကုန်တခုလို သဘောထားလိမ့်မယ်။ ဆိုရှယ်လစ်ဇင်ဆိုတာ လိုအပ်ခြင်း နိယာမတွေ ကြီးစိုးထားတဲ့ လွှင်ပြင်ကနေ လွတ်လပ်မှု လွင်ပြင်ဆီ ခုန်ကူးသွားခြင်းလို့ ဆိုရလိမ့်မယ် - ပဋိပက္ခတွေ၊ သဟဇာတမဖြစ်မှုတွေ ဒင်းကြမ်းပြည့်နေတဲ့ ဒီကနေ့ လူသားက ပိုပြီးပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ မျိုးနွယ် အသစ်တခု ပေါ်ထွန်းလာဖို့ လမ်းဖွင့်ပေးလိမ့်မယ် ဆိုတဲ့အနက်နဲ့လည်း ‘လွတ်လပ်မှု လွင်ပြင်ဆီ ခုန်ကူးသွားခြင်း’လို့ ဆိုနိုင်လိမ့်မယ်။

**မေဝတ်မှုန် ဘာသာပြန်သည်**



# Individual terrorism ကို ပြတ်ပြတ်သားသား ဆန့်ကျင်ကြ

ဒီကနေ့မနက် ၉ နာရီ ၄၀ မိနစ်က ရန်ကုန်မြို့၊ အင်းစိန်ထောင်ရဲ့ ထောင်ဝင်စာပါဆယ်လက်ခံဌာနမှာ ဗုံးနှစ်လုံး ပေါက်ကွဲခဲ့တယ်၊ တဆက်တည်းမှာပဲ အင်းစိန်ထောင်တွင်း လုံခြုံရေးမျှော်စင်ပေါ်ကနေ စစ်တပ်/ အကျဉ်းထောင် ဂတ်တပ်ဖွဲ့က သေနတ်နဲ့ ဆယ်ချက်ထက် မနည်း ပစ်ခတ်ခဲ့တယ်။ ဗကသ ကျောင်းသားဟောင်း ကိုလင်းထက်နိုင်ရဲ့ မိခင်အပါအဝင် အရပ်သား ၅ ဦး သေဆုံးခဲ့ရပြီး အကျဉ်းထောင်ဝန်ထမ်း ၃ဦး သေဆုံးခဲ့ရတယ်လို့ Myanmar Now သတင်းဌာနက ဖော်ပြပါတယ်။

ဒီဖြစ်စဉ်နဲ့ပတ်သက်လို့ တုံ့ပြန်မှုအမျိုးမျိုး သုံးသပ်မှုအမျိုးမျိုး ထွက်ပေါ်လာ

ခဲ့တယ်။ နိုင်ငံရေး အကျဉ်းသားတွေရဲ့ မိဘဆွေမျိုးတွေ အပါအဝင် အရပ်သား တွေထိခိုက်သေဆုံးခဲ့ရလို့ ဝမ်းနည်းကြ ရတယ်။ ဒါပေမယ့် ဒီလို အရပ်သားပြည် သူတွေ ထိခိုက်သေဆုံးစေတဲ့ လုပ်ရပ်မျိုး ကို ပြစ်တင်ရှုတ်ချမှု လုပ်လာတဲ့အခါမှာ တော့ အသံအမျိုးမျိုး ကွဲလာတော့တယ် ။ ဒီလို လုပ်ရပ်မျိုးကို ပြစ်တင်ရှုတ်ချပါ တယ်လို့ ပြောတာကိုတောင် လက်မခံနိုင် တဲ့ လေသံတွေ ထွက်လာကြတယ်။ ပြစ် တင်ရှုတ်ချကြောင်း စာထုတ်ကန့်ကွက် တဲ့ အဖွဲ့အစည်းတွေကို အုံလိုက်ကျင်း လိုက် ဝိုင်းဆဲတာမျိုးအထိ မြင်တွေ့ လာရတယ်။ အဲဒီလူတွေကို မေးစရာရှိ တာက အခုလိုလုပ်ရပ်မျိုးကို ထောက်ခံ လို့ ဝိုင်းဆဲနေကြတာလား။ အရပ်သား ပြည်သူတွေကို ထိခိုက်စေတဲ့၊ နိုင်ငံရေး အကျဉ်းသားတွေရဲ့ မိဘဆွေမျိုးတွေ၊ မိတ်ဆွေတွေကို သေဆုံးစေတဲ့ လုပ်ရပ် မျိုးကို ပြတ်ပြတ်သားသား ဆန့်ကျင်ဖို့ တောင် ဘာ့ကြောင့် မလုပ်နိုင်ကြတာလဲ။ ဒီလုပ်ရပ်မျိုးဟာ တော်လှန်ရေး လုပ်ရပ် လုံးဝမဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း မြင်ဖို့ အရေးကြီးပါ တယ်။ အဆိုးရွားဆုံး individual terrorism နည်းလမ်းကို တော်လှန်ရေး မစ်ရှင် လို့ ထင်မိရင် အဖတ်ဆယ်မရအောင် မှား ကြလိမ့်မယ်။

တဆက်တည်းပြောရရင် individual terrorism နည်းလမ်းကို အခု လို အရပ်သားပြည်သူတွေ ထိခိုက်မှုရှိမှ ပဲ လက်မခံတာမျိုးဟာလည်း မှားတယ် ။ ရန်သူကို ဘယ်နည်းနဲ့တိုက်တိုက် မှန် တယ်၊ တရားတယ်ဆိုတာ မဟုတ်ဘူး ။ တရားတယ်၊ မတရားဘူး ရှုထောင့် ကနေ ငြင်းနေတာကိုက ရေလိုက်လွဲ သွားပြီ။ တော်လှန်ရေး strategy and tactic ရှုထောင့်ကနေ သုံးသပ်နိုင်ဖို့ အရေးကြီးတယ်။ terrorist နည်းလမ်း ကို အင်းစိန်ထောင်ဝမှာ သွားလုပ်လို့ ပဲ မှားတာ မဟုတ်ဘူး၊ စကစ ထိပ်သီး တွေကို ဒီနည်းနဲ့ ရှင်းပစ်နိုင်ခဲ့ရင်တောင် အဲဒါ တော်လှန်ရေး မဟုတ်ဘူး၊ တော်လှန်ရေးလုပ်ငန်းစဉ်ကိုလည်း ဘာ တခုမှ အထမြောက်အောင် လုပ်နိုင်မှာ မဟုတ်ဘူး။ လူထုလွတ်မြောက်ရေးဆို တာ အဝေးကြီး။ ရုရှားမှာ မာ့(က်စ်)ဝါဒ


return to contents

အုတ်မြစ်မချနိုင်ခင်က အခုလို individual terrorism နည်းလမ်းတွေကို နရော့နစ်(ခ်) လူငယ်တွေ လုပ်ခဲ့ကြဖူးတယ်။ အင်းစိန်အကျဉ်းထောင်က အောက်ခြေဝန်ထမ်းအဆင့်လောက်ကို လုပ်ကြံတာမျိုး မဟုတ်ဘူး။ ဇာဘုရင် အလက်ဇန်းဒါးကို သတ်နိုင်တဲ့အထိ အောင်မြင်ခဲ့ကြတယ်။ ဒါပေမယ့် ဘာဖြစ်ခဲ့သလဲ။ ဇာဘုရင်စနစ် ချုပ်ငြိမ်းခဲ့လား။ ဇာဘုရင်စနစ် မချုပ်ငြိမ်းတဲ့အပြင် နရော့နစ်(ခ်)အဖွဲ့သာ အမြစ်ပြတ်ခဲ့တယ်။ ဒီလိုဆိုလို့ ဇာဘုရင်စနစ်ကို မတော်လှန်ရဘူး ပြောတာ မဟုတ်ဘူး။ ဇာဘုရင်စနစ်ကို

အဲသလို လက်တဆုပ်စာ လူငယ်တွေရဲ့ individual terrorist နည်းတွေနဲ့ တိုက်လို့ မအောင်မြင်ခဲ့ဘူးဆိုတာ ပြောချင်တာ။



ဇာဘုရင်စနစ်ရဲ့ အမြင့်ဆုံး အာဏာပိုင်ကို လုပ်ကြံမှု အောင်မြင်ခဲ့တာတောင် အဲဒါတော်လှန်ရေး မဟုတ်ခဲ့ဘူး။ ၁၉၁၇ ဖေဖော်ဝါရီမှာ စက်မှုဇုံ အမျိုးသမီး အလုပ်သမားထုကြီး စတင်ဖောက်ခွဲလိုက်တဲ့ လူထု လှုပ်ရှားမှုကြီးနဲ့သာ ဇာဘုရင်စနစ် ပြိုကျခဲ့ခြင်း ဖြစ်တယ်။ ကမ္ဘာ့တော်လှန်ရေး သမိုင်းတွေ



return to contents

ကို လေ့လာကြည့်သင့်တယ်။ ဘယ်တော်လှန်ရေးမှ အခုလို terrorist နည်းတွေနဲ့ မအောင်မြင်ခဲ့ဖူးဘူး။ တချို့ကျပြန်တော့ terrorist နည်းတွေကို မထောက်ခံဘူးလို့ ဆိုတယ်၊ တဖက်မှာကျ terrorist နည်းတွေ လက်တွေ့လုပ်နေတာကိုတော့ terrorist နည်းမဟုတ်ဘူးလို့ မျက်စိပိတ်ငြင်းပြီး ဒါ တော်လှန်ရေး လုပ်နေတာလို့ ဆိုတတ်ကြတယ်။

ဒါ့ကြောင့် အင်းစိန်ထောင်ဝမှာ လုပ်ခဲ့တဲ့ terrorist နည်းလမ်းတွေကို မလွဲမသွေ ပြစ်တင်ရှုတ်ချရမှာဖြစ်သလို အလားတူ နည်းလမ်းတွေကို တော်လှန်ရေး ခေါင်းစဉ်တပ်ပြီး ပြုလုပ်နေတာမျိုးကိုပါ ဆန့်ကျင်ဖို့ လိုအပ်တယ်။ ကိုယ့်ထိတဲ့အခါ နာလိုက်မယ်၊ ကိုယ့်မထိသရွေ့ ဒီနည်းတွေကို အားပေးလိုက်မယ်ဆိုရင် မဟုတ်သေးဘူး။

တော်လှန်ရေး တခုကို အောင်မြင်အောင် ဆင်နွှဲနိုင်ဖို့ဆိုရင် ဘာကို ဆန့်ကျင်နေတာလဲ ဆိုတာနဲ့ မပြီးသေးဘူး။ ဘာအတွက် တိုက်ပွဲဝင်နေတာလဲ ဆိုတဲ့ တော်လှန်ရေး ပရိုဂရမ်ဟာ အင်မတန် အရေးကြီးတယ်၊ ဒါ့အပြင် အဲဒီ တော်လှန်ရေး ပရိုဂရမ်ကို ဘယ်လူတန်းစားက ဦးဆောင်ပြီး




ဘယ်လို တိုက်ပွဲနည်းလမ်းတွေနဲ့ ဖော်ဆောင်နိုင်သလဲ ဆိုတာကလည်း သေရေးရှင်ရေးတမျှ အရေးကြီးတယ်။ စကစ ကို ဆန့်ကျင်တယ်၊ သူ့ဒေါက်တိုင်တွေ ရှင်းရပြီးရော၊ အကုန်တရားတယ်ဆိုတဲ့ moralist အမြင်လောက်ပဲရှိရင် အဲဒါ တော်လှန်ရေးနဲ့ အဝေးကြီး။

ဘယ်နည်းနဲ့တိုက်တိုက် တရားတယ်၊ မှန်တယ်ဆိုတာ sentimental အရပဲ ဟစ်ကြွေးလို့ ကောင်းတာ။လက်တွေ့မှာ တော်လှန်ရေးကို ဆိုးကျိုးပဲ သက်ရောက်စေတယ်။ ကိုယ့်ရဲ့ignorance ဖြစ်မှုကို ဖုံးကွယ်ချင်လို့ ပြောတဲ့ စကားသက်သက်ပဲ ဖြစ်သွားမယ်။ တကယ်တမ်း မေးရမှာက လူထုလွတ်မြောက်ရေး၊ တော်လှန်ရေး အောင်မြင်ဖို့ အထိရောက်ဆုံး တိုက်ပွဲနည်းလမ်း (form of struggle) က ဘာလဲ၊ ဘယ်လို တိုက်ပွဲနည်းလမ်းတွေက လူထုရဲ့ လူတန်းစား အသိစိတ်ကို စူးရှထက်မြက်စေသလဲ၊ ဘယ်လို နည်းလမ်းတွေက လူထုရဲ့ လူတန်းစား အသိစိတ်ကို မမြင့်တင်နိုင်တဲ့အပြင် ကယ်တင်ရှင်မျှော်စေပြီး ဘေးကရပ်ကြည့်သူအဖြစ် ရောက်သွားစေသလဲ။

မာ့(က်စ်)ဝါဒီတွေ terrorism နည်းလမ်းတွေကို ဒီရှုထောင့်က နေဆန့်ကျင်တာ ဖြစ်ပါတယ်။ အုပ်စိုးသူဘက်ကအကြမ်းဖက်သတ်ဖြတ်နေတာကိုအကြမ်းမဖက်ရေးနည်းပဲ ထာဝရကိုင်စွဲပြီး ငုံ့ခံရမယ်ဆိုတဲ့ ရွှေပြည်အေးဝါဒအရ ဆန့်ကျင်တာ မဟုတ်ဘူး။ အဲဒါဒေါ်စုတို့ ဂန္ဒီတို့နည်းလမ်း။ ဒါပေမယ့် တော်လှန်ရေးခေါင်းစဉ်တပ်တိုင်း၊ လူထုလွတ်မြောက်ရေးအော်တိုင်း terrorist နည်းတွေကို အဟုတ်ထင် ထောက်ခံမိရင်တော့ တော်လှန်ရေး တခုလုံးကိုပါ ဒုက္ခပေးလာလိမ့်မယ်။

**ဂျက်(က်) ရေးသည်။**



# Zizek ရဲ့ ယုံတမ်းတွေကို ချေဖျက်ခြင်း
# (သို့)
# လီနင် နဲ့ ထရော့စကီးဘက်မှ ခုခံချေပခြင်း



return to contents

# Zizek ရဲ့ ယုံတမ်းတွေကို ချေဖျက်ခြင်း (သို့) လီနင် နဲ့ ထရော့စကီးဘက်မှ ခုခံချေပခြင်း



ယူကျူမှာ Zizek ရဲ့ ဗီဒီယို တခုကို အမှတ်မထင် တွေ့မိရာက ဒီဆောင်းပါးရေးဖို့ ဖြစ်လာတယ်။ သူ့လက်ချာခေါင်းစဉ်က “Trotsky Vs Lenin: How to organize a revolution” လို့ ဆိုထားတယ်။ ခေါင်းစဉ်မှာကတည်းက ပြဿနာ ရှိနေပြီ။ လီနင် နဲ့ ထရော့စကီး ကို ဆန့်ကျင်ဖက်လို ပုံဖော်ထားတယ်။ ဒီလက်ချာရဲ့ နိဂုံးပိုင်းမှာ Zizek က အီတာလျံ ဖက်ဆစ်စာရေးဆရာ Malaparte ရဲ့ စာအုပ်ကို ကိုးကားပြီး လီနင်နဲ့ ထရော့စကီးကို ဆန့်ကျင်ဖက်သဖွယ် လိမ်လည်ပုံဖျက်ထားတာ တွေ့ရမယ် ။ Zizek ကတော့ Malaparte ကို ဖက်ဆစ်စာရေးဆရာလို့ တလုံးမှမပြောပါဘူး။ ဒီစာအုပ်ထွက်ပြီး မကြာခင် ၁၉၃၂ခုနှစ်ထဲ ကိုပင်ဟေဂင်မြို့မှာ ပြုလုပ်ခဲ့တဲ့ အောက်တိုဘာ တော်လှန်ရေး ၁၅ နှစ်ပြည့် အထိမ်းအမှတ်ပွဲမှာ ထရော့စကီးက In Defence of October ခေါင်းစဉ်နဲ့ လက်ချာပေးခဲ့တယ်။ ဒီလက်ချာထဲမှာ Zizek အထင်တကြီး ကိုးကားထားတဲ့ ဖက်ဆစ်

စာရေးဆရာရဲ့ စာအုပ်နဲ့ ပတ်သက်လို့ ထရော့စကီးက အခုလို ဝေဖန်ထားတယ် -

"တော်လှန်ရေး ပါတီတခုကတိုးတက်သော လူတန်းစားဆိုတဲ့ပန်းမာလာကို သူ့ကိုယ်ထည်အတွင်း ပေါင်းစည်းထားတယ်။ သူ့ရဲ့ဝန်းကျင်မှာ မှန်ကန်တဲ့ လမ်းကြောင်းပေါ် သူ့ကိုယ်သူဦးတည်နိုင်စွမ်းရှိတဲ့၊ ဖြစ်ရပ်တွေရဲ့ရစ်သမ်နဲ့ တိုးတက်မှုကို သုံးသပ်နိုင်စွမ်းရှိပြီး လူထုရဲ့ ယုံကြည်မှုကို စောစောစီးစီး ရယူထားနိုင်တဲ့ ပါတီတခုမရှိဘဲ အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး အောင်ပွဲ မရနိုင်ဘူး။ ဒါတွေက တော်လှန်ရေး နဲ့ သူပုန်ထခြင်းတို့ရဲ့ ပကတိဘာဝ အကြောင်းအချက်တွေနဲ့ အတ္တဘာဝ အကြောင်းအချက်တွေကြားက အပြန်အလှန်သက်ရောက်နေတဲ့ ဆက်ဆံရေးတွေပဲ။ အငြင်းပွားကြတဲ့အခါ (အထူးသဖြင့် ဘာသာရေးကိစ္စတွေ) သိပ္ပံနည်းကျအမှန်တရားတခုကို အဓိပ္ပါယ်ကင်းမဲ့တဲ့ အရာတခုဖြစ်သွားအောင် တွန်းပို့ပြီး ပုံဖျက်ပစ်လေ့ရှိကြတယ်။ ဒီလိုမျိုးနည်းလမ်းကို Reductio ad absurdum လို့ ခေါ်ပါတယ်။ ကျနော်တို့ကတော့ အမှန်တရားဆီ ပိုပြီးဘေးကင်းကင်းနဲ့ ချဉ်းကပ်သွားနိုင်အောင် အဓိပ္ပါယ်ကင်းမဲ့နေတဲ့ အရာကနေပဲ အစပြုရလိမ့်မယ်။ အဓိပ္ပါယ်ကင်းမဲ့နေတဲ့ အရာတွေ မရှိဘူးလို့ ကျနော်တို့ စောဒကမတက်နိုင်ပါဘူး။ လတ်တလော ပူပူနွေးနွေး အဖြစ်ဆုံး၊ ကြမ်းတမ်းခက်တရော်တဲ့ နမူနာတခုနဲ့ စလိုက်ရအောင်။

ဖက်ဆစ်သဘောတရားဆရာ တယောက်ဖြစ်တဲ့ (ဟုတ်ပါတယ်၊ အဲလို သဘောတရားဆရာမျိုးလည်း ရှိသေးတယ်) အီတာလျံ စာရေးဆရာ Malaparte က သိပ်မကြာသေးခင်ကပဲ လူတစုရဲ့ အာဏာသိမ်းပွဲ နည်းနာဆိုင်ရာ (the technique of the coup d'état) စာအုပ်တအုပ် ထုတ်ဝေခဲ့တယ်။ ထုံးစံအတိုင်း စာရေးသူက အောက်တိုဘာ အုံကြွမှုကို "စုံစမ်းစစ်ဆေးခြင်း" စာမျက်နှာတွေ မနည်းမနော ဖော်ပြထားတယ်။



return to contents

၁၉၁၇ ရုရှားရဲ့ လူမှုစီးပွား အခြေအနေတွေ၊ နိုင်ငံရေး အခြေအနေတွေနဲ့ အမြဲချိတ်ဆက်ထားသော လီနင့် "မဟာဗျူဟာ"နဲ့ ဆန့်ကျင်ဖက်အဖြစ်ပုံဖော်ပြီး "ထရော့စကီးရဲ့ နည်းဗျူဟာတွေကို တိုင်းပြည်တခုရဲ့ ယေဘုယျ အခြေအနေတွေက ကန့်သတ်မထားဘူး"လို့ Malaparte က ဆိုထားတယ်။ အဲဒီစာအုပ်ရဲ့ အဓိက သဘောတရားက ဒါပဲ။ Malaparte က သူ့စာအုပ်ထဲမှာ လီနင်နဲ့ ထရော့စကီးကို ဒိုင်ယာလော့(ဂ်)တွေ အများကြီး ပြောခိုင်းထားတယ် ။ သဘာဝတရားကြီးက Malaparte တဦးတည်းအလိုကျ ခြယ်လှယ်ခွင့်ပေးထားသလောက် သူဖန်တီးထားတဲ့ ဒိုင်ယာလော့(ဂ်)တွေထဲမှာ လီနင်နဲ့ ထရော့စကီးတို့က နက်ရှိုင်းတဲ့ ဆင်ခြင်သုံးသပ်နိုင်စွမ်းကို ထုတ်ပြကြတယ်။ လူထုအုံကြွမှုတခုဖြစ်ဖို့ လူမှုစီးပွားနဲ့ နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်တွေကို လီနင်က ထည့်သွင်း စဉ်းစားပြရင် Malarparte က သူလုပ်ကြံဖန်တီးထားတဲ့ ထရော့စကီးကို အခုလို ပြောခိုင်းတယ် "ခင်ဗျားရဲ့ မဟာ ဗျူဟာကို အကောင်အထည်ဖော်ဖို့ဆိုရင် တင်ကူးလိုအပ်တဲ့ အခြေအနေတွေ အရမ်းများတာပဲဗျာ၊ လက်နက်ကိုင်သူပုန်ထဖို့ ဘာမှမလိုပါဘူး၊ အုံကြွပုန်ကန်မှုဆိုတာ မိမိကိုယ်တိုင် စွန့်လွှတ်စွန့်စားရခြင်း ဖြစ်တယ်"။ ခင်ဗျားတို့ကြားတဲ့အတိုင်းပဲ၊ Malaparte ကတော့ "လက်နက်ကိုင် သူပုန်ထဖို့ ဘာမှမလိုပါဘူး"လို့ ပြောထားတယ်။ ဒါဟာ ကျနော်တို့ကို အမှန်တရားဆီ ချဉ်းကပ်နိုင်အောင် ကူညီပေးသွားမယ့် အဓိပ္ပါယ်ကင်းမဲ့နေတဲ့အရာပဲ။ Malaparte က သူ့စာအုပ်ထဲမှာ ထပ်တလဲလဲဆိုထားတယ်၊ အောက်တိုဘာ တော်လှန်ရေး အောင်ပွဲခံနိုင်ခဲ့တာ လီနင်ရဲ့ မဟာ ဗျူဟာကြောင့်မဟုတ်ဘူး၊ ထရော့စကီးရဲ့ နည်းဗျူဟာတွေကြောင့်တဲ့။ သူ့စကားတွေအတိုင်းဆိုရင် အဲဒီ နည်းဗျူဟာတွေက ဥရောပ တိုင်းပြည်တွေရဲ့ ငြိမ်းချမ်းရေးကိုဒီကနေ့အထိ ခြိမ်းခြောက်နေတုန်းပဲ။ သူ့စကားလုံး အတိုင်း အတိအကျ ကိုးကားဖတ်ပြပါမယ် "လီနင့် မဟာဗျူဟာက ဥရောပ အစိုးရတွေကို လက်ငင်း အန္တရာယ် မကျရောက်စေနိုင်ဘူး။ ဒါပေမယ့် ထရော့စကီးရဲ့ နည်းဗျူဟာတွေ



return to contents

ကတော့ ဥရောပ အစိုးရတွေကို အမှန်တကယ် အန္တရာယ်ကျစေနိုင်တယ်၊ အမြဲတမ်း ခြိမ်းခြောက်နေတယ်။" သူက အခိုင်အမာ ဥပမာတောင် ထည့်ပေးထားတယ် "ကရင်စကီးနေရာမှာ Poincar� ကို စဉ်းစားကြည့်လိုက်ပါ၊ ၁၉၁၇ အောက်တိုဘာ ဘော်ရှီဗစ် အာဏာသိမ်းပွဲမျိုး အောင်အောင်မြင်မြင် ဖြစ်သွားလိမ့်မယ်"။ ဒီလိုစာအုပ်မျိုးကို ဘာသာစကားအမြောက်အမြား ပြန်ဆိုပြီး အလေးထားပြောနေကြတာ မယုံနိုင်စရာပါပဲ။"

စာဖတ်သူတွေကိုယ်တိုင် ဆင်ခြင်သုံးသပ်နိုင်အောင် ရှည်ရှည်လျားလျား ကောက်နှုတ် ကိုးကားလိုက်တာပါ။ထရော့စကီးက ဆက်ပြောသေးတယ် - "Malaparte ပုံဖျက်ပြောသလို "ထရော့စကီးရဲ့ နည်းဗျူဟာတွေ"က အခါခပ်သိမ်း ဒီအလုပ်တွေကို အောင်မြင်အောင် လုပ်နိုင်စွမ်း ရှိတယ်ဆိုရင် သမိုင်းဆိုင်ရာ အခြေအနေတွေနဲ့ ချိတ်ဆက်ထားတဲ့ လီနင့် မဟာဗျူဟာ ဖြစ်ပေါ်လာရခြင်း နိယာမကို ရှာနေလည်း အချည်းနှီးသာ ဖြစ်မယ်။ နောက်ပြီး တော်လှန်ရေးတွေ အောင်ပွဲဆင်နိုင်ဖို့ နည်းပရိယာယ်ပုံသေနည်း အနည်းအပါးပဲ လိုတယ်ဆိုရင် အောင်မြင်ခဲ့တဲ့ တော်လှန်ရေးတွေ ဘာ့ကြောင့် ဒီလောက် ရှားပါးနေရသလဲ။

ဖက်ဆစ် စာရေးဆရာ တင်ဆက်ထားတဲ့ လီနင်နဲ့ ထရော့စကီး ဒိုင်ယာ့လော့(ဂ်)ဟာ အစကနေ အဆုံးတိုင် ပုံသဏ္ဍာန်အရရော အကြောင်းအရာအရပါ ပျင်းရိငြီးငွေ့ဖွယ် လုပ်ဇာတ်တခုဖြစ်နေတယ်။ ဒီလိုလုပ်ဇာတ်တွေက ကမ္ဘာတလွှားမှာ မနည်းလှဘူး။ ဥပမာ မက်ဒရစ်မှာဆိုရင် La Vida del Lenin (လီနင်ရဲ့ ဘဝဇာတ်ကြောင်း)ဆိုတဲ့ စာအုပ်တအုပ် ပုံနှိပ်ထုတ်ဝေထားတာ ရှိတယ် ။ Malaparte လီဆည်ရေးသားထားတဲ့ နည်းဗျူဟာ ပုံသေနည်းတွေ ကျနော်နဲ့ မဆိုင်သလိုပဲ အဲဒီစာအုပ်လည်း ကျနော်နဲ့ ဘာမှမပတ်သက်ဘူး။ ဒါပေမယ့် အဲဒီစာအုပ်ကို ထရော့စကီး ရေးတဲ့ လီနင့်ဘဝဇာတ်ကြောင်းလို့ ဆိုနေကြတယ်။ မက်ဒရစ် အပတ်စဉ်ဂျာနယ်တခုဖြစ်တဲ့ Estampa က ဒီစာ အုပ် မထွက်ခင်ကတည်းက အခန်းလိုက် ဖော်ပြလာခဲ့တယ်။ ကျနော်



return to contents

တန်ဖိုးထားလေးစားခဲ့တဲ့ လူတယောက် ၊ အခုထိလည်း ကျနော်တို့ ခေတ်ပြိုင်တွေထဲမှာ တခြားသူအားလုံးနဲ့ မယှဉ်သာအောင် ကျနော်တန်ဖိုးထားနေရဆဲ လူတယောက်ရဲ့ဘဝကို ရက်ရက်စက်စက် ဖျက်ဆီးပစ်ထားတဲ့ စာအုပ်ပါ။” Zizek အထင်တကြီးနဲ့ ညွှန်းဆိုလိုက်တဲ့ Malaparte ရဲ့ စာအုပ်ကို လီဆည်လုပ်ကြံရေးထားတဲ့ လုပ်ဇာတ်တခုလို့ ထရော့စကီးကိုယ်တိုင် အတိအလင်း ရှင်းထားပြီး ဖြစ်တယ်။ အဲဒီစာအုပ်ထဲမှာ လီနင်နဲ့ ထရော့စကီးတို့ မပြောခဲ့တဲ့စကားတွေကို ဒိုင်ယာလော့(ဂ်)တွေ အများကြီးနဲ့ ပြောခိုင်းထားကြောင်း ကာယကံရှင်ဖြစ်တဲ့ ထရော့စကီးကိုယ်တိုင် ပြောသွားခဲ့တယ်။ အဲဒီစာအုပ်ရဲ့ လိုရင်းကတော့ အောက်တိုဘာ တော်လှန်ရေးဟာ “coup d’�tat” တခုလို့ စွပ်စွဲပုံဖျက်ဖို့ရာ လီနင်ရဲ့ မဟာဗျူဟာနဲ့ ထရော့စကီးရဲ့ နည်းပရိယာယ်ဆိုပြီး လုပ်ကြံဇာတ်ဖန်တီးထားတာပဲ။ အဲဒီလို လုပ်ကြံလီဆည်ရေးထားတဲ့ စာအုပ်ကို Zizek က “wonderful but I think correct analysis of Bolshevik revolution” လို့ဆိုထားတယ်။ ဖက်ဆစ်စာရေးဆရာကို ဆရာတင်ပြီး ဒီကနေ့ လူငယ်တွေကို အဆိပ်ခတ်နေပါရောလား။ အောက်တိုဘာ တော်လှန်ရေးဟာ coup d’�tat နည်းပရိယာယ်တွေကြောင့် အောင်ပွဲရခဲ့တာဆိုရင် အောင်မြင်ခဲ့တဲ့ တော်လှန်ရေးတွေ ဘာ့ကြောင့် ဒီလောက် ရှားပါးနေရတာလဲလို့ ထရော့စကီးက မေးခွန်းထုတ်ခဲ့တယ်။ ဖက်ဆစ်စာရေးဆရာလည်း မဖြေနိုင်သလို သူ့နောက်လိုက် Zizek လည်း မဖြေနိုင်ပါဘူး။ Malaparte နဲ့ Zizek တို့အလိုအရ ဘော်ရှီဗစ်တွေရဲ့ အောက်တိုဘာ အာဏာသိမ်းပွဲ (သူတို့အမြင်မှာ တော်လှန်ရေး မဟုတ်ဘူး) အောင်မြင်ခဲ့တာ လူမှုစီးပွားအခြေအနေ၊ နိုင်ငံရေးအခြေအနေတွေနဲ့ အမြဲချိတ်ဆက်ထားတဲ့ လီနင့် မဟာဗျူဟာကြောင့် မဟုတ်ဘူး၊ အင်မတန်ပါးနပ်တဲ့ ထရော့စကီးရဲ့ အာဏာသိမ်းခြင်းဆိုင်ရာ နည်းပရိယာယ်ဖော်မြူလာကြောင့်လို့ ဆိုထားတယ်။ သမိုင်းအမှန်ကိုသာ မသိရင် ထရော့စကီးကို ချီးကျူးထားတယ်လို့ ထင်ကြမှာပဲ။ တကယ်က လီနင်နဲ့ ထရော့စ

ကီးနှစ်ယောက်လုံးကို ပုံဖျက်ထားတာ။

အောက်တိုဘာ တော်လှန်ရေးဟာ လူတစုရဲ့ အာဏာသိမ်းပွဲ မဟုတ်သလိုလီနင် Vs ထရော့စကီးဆိုပြီး ဆန့်ကျင်ဖက် ဖြစ်နေတာ မဟုတ်ဘူး။ ထရော့စကီးကို လူမှုစီးပွား၊ နိုင်ငံရေးအခြေအနေတွေနဲ့ ချိတ်ဆက်ထားတဲ့ မဟာဗျူဟာတွေကို ထည့်သွင်းမစဉ်းစားဘဲ အင်မတန်ရိုးစင်းတဲ့ နည်းနာဖော်မြူလာတွေ ဖော်စပ်သူလို့ ထင်ရင် ထရော့စကီးရေးတဲ့ Theory of Permanent Revolution တအုပ်ကိုပဲ အရင်ဖတ်ကြည့်လိုက်ပါ။ အလားတူပဲ၊ လီနင်ကို နည်းနာပိုင်း နားမလည်တဲ့ မဟာဗျူဟာသမားသက်သက် ထင်နေရင် သူ့ရဲ့နာမည်ကျော် “Left-wing Communism: An Infantile Disorder” တစ်အုပ်ပဲ အရင်ဖတ်ကြည့်လိုက်ပါ။ လီနင်နဲ့ ထရော့စကီးတို့ရဲ့ ဆောင်းပါးတပုဒ်စီလောက် မြည်းဖူးသူဆိုရင်တောင် အခုလို ဖက်ဆစ်စာရေးဆရာရဲ့ လီဆည်ပုံဖျက်မှုကို အဟုတ်ထင်မှာမဟုတ်ဘူး။ Zizek ကတော့ ထရော့စကီးကိုယ်တိုင် ချေဖျက်ခဲ့ပြီးသား ဖက်ဆစ်စာရေးဆရာရဲ့ စာအုပ်ကို ဘာရည်ရွယ်ချက်နဲ့ပြန်ကိုးကားပြီး သူ့နောက်လိုက် လူငယ်တွေကို အဆိပ်ခတ်နေသလဲ သူကိုယ်တိုင်ပဲ သိပါလိမ့်မယ်။ Zizek ရဲ့ လက်ချာထဲမှာ ဖက်ဆစ်စာရေးဆရာကို ကိုးကားပြီး ထရော့စကီးမပြောခဲ့တဲ့ ဒိုင်ယာလော့(ဂ်)တွေရွတ်ပြသွားတယ်။ ထရော့စကီးက ‘အာဏာသိမ်းနိုင်ဖို့ လူထုအုံကြွမှုကြီး မလိုဘူး၊ သူ့ကို လူတစ်ထောင်သာ ပေးပါလို့ ပြောတာမျိုး၊ ခေတ်သစ်နိုင်ငံတော်က ဘယ်လိုအလုပ်လုပ်နေသလဲ ကြည့်၊ bullshit တွေ မေ့ထားလိုက်၊ ခေတ်သစ် နိုင်ငံတော်က technical centre of power ကနအလုပ်လုပ်တာ မဟုတ်ဘူး၊ စသဖြင့်’ လံကြုတ်ဇာတ်တွေ တသီကြီးရွတ်ပြတယ်။ ဒီကနေ လွဲလွဲမှားမှား ကောက်ချက်တွေ ဆွဲပြတယ်။ ‘ပြန့်ကျဲနေတဲ့ လူနည်းနည်းက စာတိုက်တွေ၊ မီးရထားပို့ဆောင်ရေးတွေကို ပိတ်ဆို့ချလိုက်ပြီး အာဏာသိမ်းနိုင်တယ်၊ နိုင်ငံတော် အာဏာရဲ့ဗဟိုချက်ကို သွားသိမ်းစရာမလိုဘူး’လို့ကောက်ချက်ဆွဲတယ်။ ဒီကနေ့ခေတ်ဆိုရင်ဒစ်ဂျစ်တယ် ကွန်ယက်ကို ထိန်းချုပ်နိုင်ရေးက အဓိကဆိုတာမျိုး



return to contents

လုပ်တယ်။ထရော့စကီးကို ပုံဖျက်ရုံတင် မကဘဲ အောက်တိုဘာ တော်လှန်ရေး ဘယ်လိုဆင်နွှဲခဲ့သလဲဆိုတာပါ သမိုင်းကိုလိမ်လည်ပုံဖော်သွားခြင်း ဖြစ်တယ်။

ဒီဘက်ခေတ် နမူနာနဲ့ပဲ လက်တွေ့စဉ်းစားကြည့်ရအောင်။ Zizek တို့ လံကြုတ်ဇာတ်ခင်းသလို ခေတ်သစ်နိုင်ငံတော်က Technical Centre of Power ကနေ လည်ပတ်တာ မဟုတ်တော့ဘူးဆိုရင် မင်းအောင်လှိုင်တို့ အာဏာသိမ်းစစ်အုပ်စုက ဘာ့ကြောင့် နေပြည်တော်ကို အရင်ကာကွယ်ခဲ့ရသလဲ။ ရန်ကုန်ကို မဖြိုခွင်းခင် နေပြည်တော်က လူထုအုံကြွမှုကို အရင်သတ်ဖြတ်ဖြိုခွဲခဲ့တာ ယတြာချေဖို့လား။ အဲလိုပဲ စစ်ကိုင်းကရွာတွေကို မီးမရှို့ခင် ရန်ကုန် မြောက်ဥက္ကလာ၊ လှိုင်သာယာက လူထုအုံကြွမှုကို လူသတ်ပွဲကြီးတွေပြုလုပ်ပြီး ဘာ့ကြောင့် အရင်ချေမှုန်းခဲ့ရသလဲ။ ဒီထက်ဆယ်စုနှစ်သုံးခုစောတဲ့ တရုတ်ပြည် ထန်းအန်းမင်ရင်ပြင် လူသတ်ပွဲကြီးကို ကြည့်ဦးမလား။

ဘယ်တော်လှန်ရေးမှမပါဝင်ခဲ့ဖူးသူတယောက်က ဖက်ဆစ်စာရေးဆရာကို ကိုးကားပြီး လီနင်နဲ့ ထရော့စကီးကိုဆန့်ကျင်ဖက်လို ရန်တိုက်ပေးတဲ့အပြင် “တော်လှန်ရေးတခုကို ဘယ်လို ဦးစီးကြမလဲ”ခေါင်းစဉ်နဲ့ bullshit တွေ လက်ချာရိုက်နေတာ မရယ်ရတဲ့ ပြက်လုံးတပုဒ်ပဲ။ လီနင်၊ ထရော့စကီးတို့ တော်လှန်ရေးမဟာဗျူဟာ၊နည်းနာတွေ ဘယ်လိုချခဲ့ကြသလဲ သိချင်ရင် မူရင်းလက်ရာတွေကနေ လေ့လာမှသာ အမှန်အတိုင်းသိရမယ်။ ဖက်ဆစ်စာရေးဆရာဆီကနေ တဆင့်ခံ ဖောက်သည်ပြန်ချတဲ့ Zizek ဆီကတော့ လီဆည်ထားတဲ့ လံကြုတ်ဇာတ်တွေပဲ သိရလိမ့်မယ်။

သူရိန်မွန်




return to contents

## Leon Trotsky ရဲ့ လက်ချာ In Defence of October မြန်မာပြန်

အပိုင်း ၁ - https://m.facebook.com/story.php?story_fbid=564759425262788&id=103392111399524

အပိုင်း ၂ - https://www.facebook.com/103392111399524/posts/616158000122930/




# ဘော်ရှီဗစ်ဇင်လား၊ စတာလင်-မော်ဝါဒလား



return to contents

# ဘော်ရှီဗစ်ဇင်လား၊ စတာလင်-မော်ဝါဒလား



ဗမာပြည်ကို မော့(က်စ်)ဝါဒဆိုပြီးစတင်ရောက်ရှိလာကတည်းက genuine မော့(က်စ်)ဝါဒ မဟုတ်တော့ဘူး။အဲဒီအချိန်မှာ စတာလင်ခေါင်းဆောင်တဲ့ ဗျူရိုကရေစီက အောက်တိုဘာတော်လှန်ရေး အစဉ်အလာနဲ့ ဘော်ရှီဗစ် method တွေကို ဖျက်စီးပစ်ထားပြီးပြီ၊ ဒါ့အပြင် လီနင့်ပါတီကို physical destruction ပါ လုပ်ထားပြီးပြီ။

တချက်ပဲကြည့်ပါ။

၁၉၁၇ အောက်တိုဘာတော်လှန်ရေးကာလက ဘော်ရှီဗစ်ဗဟိုကော်မတီဝင်တွေထဲမှာ စတာလင်ကလွဲလို့ တယောက်မှ အသက်မရှင်တော့ဘူး။ လီနင်နဲ့အတူ အောက်တိုဘာတော်လှန်ရေးကို ခေါင်းဆောင်ခဲ့တဲ့ လီယွန် ထရော့စကီးကိုလည်း ၁၉၄၀ မှာ စတာလင် ဗျူရိုကရေစီက နှစ်ကြိမ်တိတိ လုပ်ကြံပြီး ချောင်းမြောင်းသတ်ပစ်ခဲ့တယ်။ ၁၉၂၆ လောက်ကတည်းက လီနင်ရဲ့ ဇနီးလည်းဖြစ်၊ ဘော်ရှီဗစ်ပါတီရဲ့ အရေးကြီး ခေါင်းဆောင်လည်းဖြစ်တဲ့ ကရုပ်စကားယာက ပြောခဲ့ဖူးတယ်။ လီနင်သာ သက်ရှိထင်ရှားရှိ

နေသေးရင်လည်း အခုနေ စတာလင် ဗျူရိုကရေစီရဲ့ ထောင်သွင်းအကျဉ်းချထားတာ ခံနေရလောက်ပြီတဲ့။

ဒီလို ဗျူရိုကရက်တစ် ယိုယွင်းပျက်စီးမှုတွေအောက်က ထွက်လာရတဲ့ Caricature of Marx-ism ကို မာ့(က်စ်)ဝါဒလို့ မှတ်ယူခဲ့ကြရတယ်။ အောက်တိုဘာ တော်လှန်ရေးအရှိန်ကြောင့် အဲဒီကာလ မာ့(က်စ်)ဝါဒ လိုလားသူ လူငယ်တွေ စတာလင်ဝါဒကို ဘော်ရှီဗစ်ဇင်နဲ့ အမှတ်မှားခဲ့ကြတာ အပြစ်ဆိုလို့ မဖြစ်နိုင်ဘူး။

နမူနာတခုပဲ ပေးပါရစေ။

စတာလင်တယောက်တည်းရဲ့ လက်ထဲမှာ အာဏာတွေ တစတစ စုပြုံလာမှန်း သဘောပေါက်လာချိန် လီနင့် ကျန်းမာရေးအခြေအနေအရ ပါတီတွင်း အလုပ်လုပ်နိုင်တဲ့ အနေအထား မရှိတော့ဘူး။ ၁၉၂၂ ပါတီကွန်ဂရက်အထိပဲ လီနင်ပါဝင်နိုင်တော့တယ်။ ဒါ့ကြောင့် လီနင်က သူမကွယ်လွန်ခင်မှာ သေတမ်းစာ ရေးခဲ့ပါတယ်။ အဲဒီသေတမ်းစာထဲမှာ စတာလင်ကို ပါတီရဲ့ အထွေထွေ အတွင်းရေးမှူး နေရာကနေ ဖယ်ရှားဖို့ တိုက်တွန်းထားတယ်။ ဒါပေမယ့် ၁၉၂၄ မှာ လီနင်ကွယ်လွန်သွားတော့ စတာလင် ဗျူရိုကရေစီဂိုဏ်းက ***ကရုပ်စကားယားရဲ့ တောင်းဆိုချက်ကို ပစ်ပယ်ပြီး လီနင့်သေတမ်းစာကို ပါတီကွန်ဂရက်မှာ မဖတ်ပြခဲ့ပါဘူး။*** စတာလင်ကြီးစိုးတဲ့ တလျှောက်လုံး ပါတီဝင်တွေတောင် ဖတ်ခွင့်မရခဲ့ပါဘူး။ ဒီလို အခြေအနေမှာ အဲဒီခေတ် မာ့(က်စ်)ဝါဒ လိုလားတဲ့ လူငယ်တွေ စတာလင်နစ်ဇင်နဲ့ ဘော်ရှီဗစ်ဇင်ကို အတူတူလို့ နားလည်ခဲ့ကြတာ ကျနော်တို့ အပြစ်မမြင်နိုင်ပါဘူး။

ဒါပေမယ့် ဒီကနေ့အချိန်အထိ စတာလင်-မော်ဝါဒ အစဉ်အလာနဲ့ method တွေကို စွဲကိုင်ပြီး တော်လှန်ရေး နာမည်နဲ့ ထင်ရာပြောထင်ရာလုပ်နေကြတာကိုတော့ အရင်မျိုးဆက်ဟောင်းတွေကို နားလည်ပေးနိုင်သလို နားလည်ပေးလို့ မရနိုင်ပါ။


return to contents

ဒီလို အစဉ်အလာမှာ အရိုးစွဲနေတဲ့ စတာလင်-မော်ဝါဒီ အုပ်စုလေးတွေက ကျနော်တို့ မာ့(က်စ်)ဝါဒီတွေကို တရားသေသမားတွေလို့ မရဲတရဲလေး ပုတ်ခတ်ဆဲရေးတာတော့ အတော်ရယ်စရာကောင်းသား။ မာ့(က်စ်)၊ အန်းဂယ်(စ်)၊ လီနင်၊ ထရော့စကီးတို့ရဲ့ တော်လှန်ရေး သီအိုရီ၊ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒ (Genuine Marxism) ကို အုတ်မြစ်ချပေးဖို့ The Struggle မဂ္ဂဇင်းကို စတင်ထုတ်ဝေချိန်ကလည်းစတာလင်-မော်ဝါဒီ အုပ်စုတခုဖြစ်တဲ့ “ဒီမိုကရေစီသစ်” စာမျက်နှာက ပုံဖျက်ဆဲရေးတာမျိုး လုပ်ခဲ့တယ်။ သူတို့ထုံးစံအတိုင်း ဘယ်စာစောင်က ဘယ်ဆောင်းပါးကို ဝေဖန်နေပါတယ်လို့ မပြောရဲခဲ့ဘူး။မူရင်းဆောင်းပါးထဲက စာပိုဒ်တွေကို အပြည့်အဝ ကောက်နှုတ်ပြီး မဝေဖန်ရဲခဲ့ဘူး။ အဲဒီလို ကောက်နှုတ်ဖော်ပြလိုက်မယ်ဆိုရင် မူရင်းဆောင်းပါးရဲ့ ဆိုလိုရင်းအမှန်ကို စာဖတ်သူတွေက နားလည်မှာပဲ။ ဒါဆိုရင် သူတို့လိုသလို ဆွဲယူအနက်ကောက်ပြီး ပုံဖျက်ဆဲရေးတာမျိုးလုပ်မရတော့ဘူး။ ဒါပေမယ့် သူတို့ရဲ့ ပုံဖျက်ဆဲရေးမှုကို တုံ့ပြန်ဝေဖန်တဲ့အခါ ကျနော်တို့ဘက်ကတော့ သူတို့ဆောင်းပါးလင့်(ခ်)ကိုပါ ချပေးပြီး ပြည့်ပြည့်စုံစုံ ကောက်နှုတ်ကိုးကားတယ်၊ စာဖတ်သူတွေကိုယ်တိုင် နှစ်ဖက်အယူအဆကို ချင့်ချိန်ကြည့်လို့ရစေတယ်။ ဒါကလည်း မာ့(က်



စ်)၊ အန်းဂယ်(စ်)၊ လီနင်၊ ထရော့စကီးကစလို့ ကျနော်တို့ မာ့(က်စ်)ဝါဒီတွေ တလျှောက်လုံး ကျင်သုံးခဲ့တဲ့ polemic နည်းလမ်းပဲ။ ကွန်မြူနစ်မှန်ရင် အနိမ့်ဆုံး

အဆင့်အနေနဲ့ ရိုးသားမှု ရှိကိုရှိရတယ်။

ကိုယ်ဝေဖန် နေတဲ့ ဆောင်းပါး/လက်ရာတခုခုကို နာမည်တောင် မဟုတ်ရဲဘဲ နောက်ကွယ်ကလက်သီးပုန်း ထိုးတာမျိုး လုပ်တာ မာ့(က်စ်)ဝါဒီတွေရဲ့ လုပ်ဟန်မဟုတ်ဘူး။ အဲဒီလို မရိုးမသား လုပ်သူတွေ အများဆုံး ကျူးလွန်လေ့ရှိတဲ့ လော့ဂျစ် အမှား တခု ရှိပါတယ်။ အဲဒီကတော့ straw man ထောင်ပြီး အလဲထိုးတဲ့နည်း။ စပါးခင်းတွေကို ငှက်တွေ လာလာဖျက်စီးတော့ လူကလည်း အမြဲထမခြောက်နိုင်။ အဲဒီအခါ ကောက်ရိုးတွေနဲ့ လူအရုပ်လုပ်၊ လူ့အဝတ်အစားတွေဆင်ပေးပြီး စာခြောက်ရုပ်အဖြစ်ထားလိုက်တယ်။ ငှက်တွေအမြင်မှာ လူလို့ ထင်သွားစေတယ်။ လူအစစ်တော့ မဟုတ်ဘူးပေါ့။ အဲသလိုပဲ၊ အပြန်အလှန်ငြင်းကြတဲ့အခါ တဖက်လူရဲ့ ဆိုလိုရင်း အစစ်အမှန် မဟုတ်တဲ့ဟာကို ဆွဲထုတ်ပြီး ပုံချဲ့ပစ်တယ်။ အဲဒီအပေါ် အခြေခံပြီး တိုက်ခိုက်ထိုးနှက်တာ၊ ပုံဖျက်ဆဲရေးတာ လုပ်ပစ်တယ်။

အထက်မှာပြောခဲ့တဲ့ စတာလင်ဝါဒီ မော်ဝါဒီအုပ်စုတွေက အဲဒီလိုနည်းနဲ့ ကျနော်တို့ မာ့(က်စ်)ဝါဒီတွေကို ပုံဖျက် တိုက်ခိုက်လေ့ရှိတယ်။ ကျနော်တို့ The Struggle မဂ္ဂဇင်းထဲက ဆောင်းပါးကို ပုံဖျက်ဆဲရေးနေပေမယ့် The Struggle မဂ္ဂဇင်း အမှတ်ဘယ့်လောက်ထဲက ဘယ်ဆောင်းပါးကို ဝေဖန်နေတာပါလို့ တခါမှ မဟုတ်ရဲဘူး။ အဲဒီလို ရိုးရိုးသားသား polemic လုပ်မယ်ဆိုရင်လည်း သူတို့သုံးနေကျ straw man ထောင်ပြီး တိုက်ခိုက်တဲ့နည်းကို သုံးလို့မရတော့ဘူး။ သီအိုရီရေး တိုက်ပွဲကို ရိုးရိုးသားသား မလုပ်နိုင်တဲ့အခါ အခုလို လုပ်လာကြတာပဲ။

အဲဒီလို နည်းနဲ့ ပုံဖျက်ဆဲရေးကြတဲ့သူတွေ ဘယ်အုပ်စုတွေမှန်း သိပါတယ်။ ဒါပေမယ့် သူတို့ဘယ်လိုပဲ ပုံဖျက်ပုတ်ခတ်နေပါစေ တခါက ရင်းနှီးခဲ့ဖူးတဲ့ ရဲဘော်ဟောင်းတွေလို့ပဲ သဘောထားပါတယ်။ ကျနော်တို့မှာ ရန်သူတွေ လုံလောက်ပြီးသားပါ။ ရန်သူစာရင်း ထပ်မတိုးချင်ပါဘူး။ မိတ်ဟောင်းဆွေဟောင်းတွေလို သဘောထားလို့ တခု



return to contents




တော့ ပြောပါရစေ။ မာ့(က်စ်)ဝါဒီတွေကို ပုံဖျက်တိုက်ခိုက်ချင်ရင် သူတို့ဘာသာပြန်ပေးတာတွေကိုတော့ ကိုယ်ဘာသာပြန်ထားသလို ပုံမှားမရိုက်ကြပါနဲ့။ ကျနော်တို့ဘာသာပြန်ထားတဲ့ လက်ရာတွေကို စာဖတ်သူတွေ ဖတ်ပြီးသားဖြစ်သလို ခုနှစ်၊ ရက်၊ လနဲ့ အွန်လိုင်းစာမျက်နှာပေါ်၊ International Marxist Tenden-cy ရဲ့ နိုင်ငံတကာ ဝက်(ဘ်)ဆိုက်(ထ်)ပေါ် ရှိနေပြီးသားမို့ ဘယ်ဆောင်းပါးထဲက အပိုဒ်ကို ဘယ်မှာ ပြန်ကူးထားမှန်း ကူးတဲ့သူတွေလည်း သိသလို ကျနော်တို့လည်း သိပါတယ်။ လက်တလုံးခြားလုပ်ဖို့ ဆောင်းပါးအောက်ဆုံးရောက်မှ အင်္ဂလိပ်လို ခေါင်းစဉ်လေးကောက်ရေးထားပေမယ့် ကိုယ်တိုင်မူရင်းရှာဖတ်ပြီး ဘာသာပြန်ထည့်ပေးတာ မဟုတ်လေတော့ မူရင်းခေါင်းစဉ်တွေ မပြည့်မစုံ အလွဲအမှား ဖြစ်နေတာလည်း မြင်နေရတယ်။ စိတ်မကောင်းစရာပဲ၊ ထရော့စကီး ဆောင်းပါး ဘာသာပြန်ထဲက အာဘော်ကို လိုသလို ယူသုံးထားပြီး ထရော့စကီး နာမည်ကိုတောင် မဖော်ပြရဲတာ၊ IMT လို့ပဲ ခပ်လွယ်လွယ်ရောချတာတွေ မလုပ်သင့်ဘူး။ IMT ဆိုတာ လီနင်၊ ထရော့စကီး အစဉ်အလာကို ဆက်သယ်နေတဲ့ နိုင်ငံတကာ အဖွဲ့အစည်းပဲ။ The Struggle ဆိုတာလည်း IMT ရဲ့ အစိတ်အပိုင်းပဲ။

ရန်သူလို သဘောမထားလို့ အကြံပေးနေတာပါ။ ရိုးသားမှုရှိကြပါ။ ဗမာပြည်က မာ့(က်စ်)ဝါဒီတွေရဲ့လေဘာကို အသိအမှတ်မပြုချင်ဘူးဆိုလည်း ရပါတယ်၊ ဒါပေမယ့် တိတ်တိတ်ကလေး ငါ့ဟာ လုပ်လိုက်မယ်



return to contents

ဆိုရင် အဲဒါ ခိုးကူးဖြစ်သွားပြီ။ plagia-rism တမျိုးပဲ။ ဒါက ကျနော်တို့အပေါ်တင် ကျူးလွန်တဲ့ ပြစ်မှု မဟုတ်ဘူး။ စာဖတ်သူ အပေါ်မှာပါ မရိုးသားတာ၊ သစ္စာမရှိရာရောက်တယ်။ လီနင်ရဲ့ “Where to begin” ထဲက စာကြောင်းတွေကို ကိုယ်လိုရာဆွဲယူပြီး ဘာသာပြန်ထည့်တာမျိုးကလည်းစာဖတ်သူကို လှည့်ဖျားရာရောက်သလိုကွယ်လွန်သွားပြီဖြစ်တဲ့ လီနင်ကိုပါစော်ကားရာရောက်တယ်။ မိတ်ဟောင်းဆွေဟောင်းတွေလို သဘောထားလို့ ဒီလောက်ပဲ အကြံပေးပါရစေ။ ဘယ်စာပိုဒ်က ဘယ်ဘာသာပြန်လက်ရာထဲက ကူးချထားတာ၊ မူရင်းနာမည်ကအစ ဘယ်လို လွဲနေတာတွေ အသေးစိတ် ဖွင့်ထုတ်ပြီး ဝေဖန်ရတဲ့အဆင့် ရောက်ကုန်ရင် ဒီထက်အရှက်ကွဲစရာတွေ ဖြစ်လိမ့်မယ်။ အဲသလိုလည်း ကျနော်တို့ မလုပ်ချင်ပါဘူး။

သဘောတရားရေးနဲ့ ပတ်သက်လို့ ကျနော်တို့ရဲ့ ရေးသားချက်ကို လိုသလိုဆွဲယူ ပုံဖျက်ဆဲရေးထားတဲ့ နောက်တပုဒ်ကိုတော့ ဒီထက်အသေးစိတ် ပြောရလိမ့်မယ်။ အခုနိုဝင်ဘာလထဲမှာ ထွက်ထားတဲ့ စာစောင်တခုထဲမှာပဲ ရှေ့တပုဒ်မှာ ကျနော်တို့ ဘာသာပြန်လက်ရာတွေကို ကိုယ့်ဘာသာပြန်ထားသလိုလို ဖြတ်ညှပ်ကပ် ကူးယူပြီး လုပ်ချင်ရာလုပ်တယ်၊ နောက်တပုဒ်ကျ ကျနော်တို့ The Struggle အတွဲ ၁၊ အမှတ် ၄ မျက်နှာဖုံးဆောင်းပါးကို ပုံဖျက်ဆဲရေးတယ်။

ထုံးစံအတိုင်းပဲ ဘယ်စာစောင်ထဲကဘယ်ဆောင်းပါးလို့လည်း မညွှန်းရဲပါဘူး။ ယေဘုယျသဘော ပြောနေတာမို့ particular သဘော မညွှန်းတာပါလို့ ဝေ့လည်ကြောင်ပတ် လုပ်ရအောင်ကလည်း ဆောင်းပါးနှစ်ခုကို ယှဉ်ဖတ်ကြည့်ရင် The Struggle အတွဲ ၁၊ အမှတ် ၄ မျက်နှာဖုံးဆောင်းပါးကိုပဲ တည်ပြီးပုံဖျက်ဆဲရေးနေတာ စာဖတ်တတ်စ ကလေးတောင် သိပါတယ်။ ဒီလိုတည့်တည့်ညွှန်းပြီး မဝေဖန်ရဲတာကိုက စာဖတ်သူရှေ့မှာ ကိုယ့်အယူအဆကို မှတ်ကျောက်အတင်မခံနိုင်လို့ပဲ။ အနိမ့်ဆုံးအဆင့် ရှိသင့်တဲ့ ရိုးသားမှု



return to contents

လေးကို မရှိဘူးဆိုတာ ပြနေတယ်။ဒီလို ဖုံးထားမှပဲ သုံးနေကျ မဲပြာပုဆိုးနည်း ပေါင်းကြီး straw man ထောင်တိုက်ခိုက်တာမျိုး လုပ်လို့ရမှာကိုး။

ကျနော်တို့ မာ့(က်စ်)ဝါဒီတွေအနေနဲ့ ဒီလိုနည်းလမ်းမျိုးနဲ့ polemic မလုပ်ဘူး။ ရန်သူကို ဝေဖန်ရင်တောင် ရိုးသားမှုအပြည့်နဲ့ ဝေဖန်တိုက်ခိုက်တာပဲ လုပ်တယ်။ ဒါ့ကြောင့် ရိုးသားမှုအခြေခံနဲ့ ပွင့်ပွင့်လင်းလင်းပဲ polemic လုပ်ပါတယ်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ နောက်ဆုံးပတ်ထဲမှာ ထွက်လာတဲ့ ဆိုရှယ်ဒီမိုကရက် စာစောင်ထဲက လင်းထည်အောင် ကလောင်ရဲ့ 'တော်လှန်သော အကောင်းမြင်ဝါဒ' ဆောင်းပါးကို တုံ့ပြန်ဝေဖန်ပါမယ်။ အထက်မှာ ဆိုခဲ့သလိုပဲ စတာလင်ဝါဒီ မော်ဝါဒီ အုပ်စုတွေရဲ့ ထုံးစံအတိုင်း The Struggle အတွဲ ၁၊ အမှတ် ၄ မျက်နှာဖုံးဆောင်းပါး 'မာ့(က်စ်)ဝါဒနဲ့ လက်နက်ကိုင်တော်လှန်ရေးပြဿနာ'ကို ပြောနေတာပါလို့ မဖော်ပြရဲဘူး။ ကျနော်တို့ ဘယ်လိုရေးခဲ့သလဲ၊ သူတို့ဘယ်လို ပုံဖျက်သလဲ မြင်သာအောင် ကောက်နုတ်ဖော်ပြပေးပါမယ်။ 'မာ့(က်စ်)ဝါဒနဲ့ လက်နက်ကိုင်တော်လှန်ရေးပြဿနာ' ဆောင်းပါးမှာ -

***"...စုစည်းထားသော အလုပ်သမားလှုပ်ရှားမှုက ခေါင်းဆောင်မှုနေရာကို ကနဦး ရယူထားနိုင်ရမယ်*** တဦးချင်း လုပ်ကြံသတ်ဖြတ်ရေးဝါဒကို ကျနော်တို့ မာ့(က်စ်)ဝါဒီတွေ ဆန့်ကျင်ကြတယ်။ ဒါပေမယ့် ကျနော်တို့ ဟာ အကြမ်းမဖက်ရေးကိုပဲ တရားသေ ဖက်တွယ်ထားတဲ့ ရွှေပြည်အေးဝါဒီတွေ မဟုတ်ဘူး။ တဦးချင်း လုပ်ကြံသတ်ဖြတ်ရေးဝါဒဟာ သူရည်ရွယ်ရာနဲ့ ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုကိုပဲ ဖြစ်စေသလို ရွှေပြည်အေးဝါဒ ဟာလည်း သူရည်ရွယ်ရာနဲ့ ဆန့်ကျင်ဖက် အကျိုးသက်ရောက်မှုကိုပဲ ဖြစ်စေတယ်။ ရန်သူလူတန်းစားက အကြမ်းဖက် သတ်ဖြတ်နေချိန်မှာ အကြမ်းမဖက်ရေးနည်းကိုပဲ တရားသေဖက်တွယ်ထားခြင်းဟာ ကိုယ့်ဖက်က အင်အားချိနဲ့မှုကို ထုတ်ပြရာရောက်တယ်။ ဒီလို အင်အားချိနဲ့မှုကို



return to contents

ထုတ်ပြလေ ရန်သူ့ဘက်က အတင့်ရဲ သတ်ဖြတ်လေပဲ။ မာ့(က်စ်)ဝါဒီတွေဟာ အုပ်စိုးသူ လူတန်းစားနဲ့ လက်ပါးစေတွေ ပုံဖော်လေ့ရှိသလို အကြမ်းဖက်မှုကို အလိုရှိသူတွေ မဟုတ်ကြပါဘူး ဒါပေမယ့် သမိုင်းကို လက်တွေ့ကျကျ သိမြင်နားလည်ထားသူတွေ ဖြစ်တယ်။ သမိုင်းမှာ ဘယ်အုပ်စိုးသူ လူတန်းစားကမှ ဝေသဉ္စရာလို အာဏာကို ရေစက်ချ ပေးဝေရိုးထုံးစံ မရှိဘူး။ သူတို့ရဲ့ အခွင့်ထူးတွေ၊ အာဏာတွေကို အကြမ်းဖက် ခုခံကြမြဲဖြစ်တယ်။ ဒါ့ကြောင့်လည်း "အင်အားဟာ လူ့အဖွဲ့အစည်းအသစ်သန္ဓေကို လွယ်ထားတဲ့ လူ့အဖွဲ့အစည်းဟောင်းကို ကူညီမွေးဖွားပေးရသော သားဖွားလက်သည်ဖြစ်တယ်" လို့ မာ့(က်စ်)ကဆိုခဲ့ခြင်းဖြစ်တယ်။ သို့သော် လူထု လှုပ်ရှားမှု မရှိသေးချိန် ဒါမှမဟုတ် လူထုအရေးတော်ပုံ ပြိုကွဲသွားချိန်မျိုးမှာ လူထု လှုပ်ရှားမှုနဲ့ သီးခြားကင်းလွတ်ပြီး ***သီးသန့်တည်ရှိနေတဲ့ AS ပုံစံ ဖော်ဆောင်ရေး အယူအဆဟာ လုံးဝ မှားတယ်။"***

**"စုစည်းထားသော အလုပ်သမား လှုပ်ရှားမှုက ခေါင်းဆောင်မှုနေရာကို ကနဦး ရယူထားနိုင်ရမယ်၊**

ဒီအလားအလာ ကို ၂၀၂၁ နွေဦးတော်လှန်ရေး အားကောင်းချိန် အစောပိုင်းလတွေမှာ မြင်တွေ့ခဲ့ရတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း စည်းရုံးစုစည်းထားနိုင်ခဲ့တဲ့ အလုပ်သမား လူတန်းစားက တပ်ဦးကနေ ထွက်တိုက်ခဲ့တယ်။ ကျန်အဖိနှိပ်ခံ လူထုကြီးကို လမ်းမထက် လူထု လှုပ်ရှားမှုထဲ ပါဝင်လာအောင် တပ်လှန့်ပေးနိုင်ခဲ့တယ်။ ဒါပေမယ့် အလုပ်သမား အဖွဲ့အစည်း ခေါင်းဆောင်ပိုင်း နေရာယူထားသူတွေကိုယ်တိုင်က ဘူဇွာ လစ်ဘရယ်တွေရဲ့ နောက်မြီးဆွဲသာ လုပ်ခဲ့ကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သပိတ်စစ်ကြောင်းတွေ ချီတက်ရင်း စုဖွဲ့မှုတွေ မြင်တွေ့ခဲ့ရတယ်။ တခွင်တပြင်လုံး အတိုင်းအတာနဲ့ ကျယ်ပြန့်တဲ့၊ ခိုင်မာအားကောင်းတဲ့ အဆင့်အထိ မရောက်ခဲ့ဘူး။ တပြည်လုံး အတိုင်းအတာနဲ့ တိုက်ပွဲထဲက ထွက်ပေါ်လာသော democratic structure တခု မတည်ဆောက်နိုင်ခဲ့ဘူး။ ဒီလို တည်ဆောက်ဖို့ လမ်းကြောင်းကို ကျနော်တို့ မာ့(က်

စ်)ဝါဒီတွေ အစွမ်းကုန် ကြိုးစားပြီး ဖော်ထုတ်ခဲ့တယ်။ ဒါပေမယ့် မာ့(က်စ်) ဝါဒီ ကေဒါအရေအတွက်ဟာ အင်မတန် နည်းပါးခဲ့တယ်။ ***အရည်အသွေးပြည့် ဝသော မာ့(က်စ်)ဝါဒီ ကေဒါတွေ အရေအတွက်အလုံအလောက်ရှိတဲ့ အလုပ်သမားလူတန်းစား ပါတီကြီးတ ခုသာ အော်တာနေးတစ် အနေနဲ့ရှိခဲ့ရင်*** အခြေအနေဟာလုံးဝခြားနားခဲ့လိမ့်မယ် ။ အလုပ်ခွင်တိုင်းမှာ၊ ရပ်ကွက်တွေမှာ အောက်ခြေ တိုက်ပွဲဝင် လူထုထဲကနေ ဒီမိုကရေစီနည်းကျ ရွေးကောက်ဖွဲ့စည်း ထားတဲ့ သပိတ်ကော်မတီတွေ၊ တိုက်ပွဲ ဦးဆောင်ကော်မတီတွေ ပေါ်ပေါက်လာ အောင် စုစည်းနိုင်မယ်၊ ဒီလို ဒီမိုကရေ စီနည်းကျ ရွေးကောက် ဖွဲ့စည်းထားတဲ့ သပိတ်ကော်မတီတွေ၊ တိုက်ပွဲ ဦးဆောင် ကော်မတီတွေကို မြို့နယ်အဆင့်ကနေ ပြည်နယ်အဆင့်၊ ဒီကနေ တပြည်လုံး အဆင့်အထိ ခိုင်မာအားကောင်းအောင် စုစည်းသွားနိုင်မယ်။ တချိန်တည်းမှာပဲ ဒီလို တိုက်ပွဲကြားက ထွက်ပေါ်လာတဲ့ တော်လှန်ရေး ခေါင်းဆောင်မှုအောက် မှာ အလုပ်သမား၊ လယ်သမားနဲ့ လူငယ် ထုကိုယ်တိုင် ခုခံကာကွယ်ရေး အင်အား ကို တခွင်တပြင်လုံး အတိုင်းအတာနဲ့ ပြင်ဆင်ထားနိုင်မယ်။ ***ဒါ့ကြောင့် AS ဟာ အလုပ်သမား လူတန်းစား ခေါင်းဆောင် လှုပ်ရှားတဲ့ ဒီလို လူထုတိုက်ပွဲရဲ့ အတွင်းသား အစိတ်အပိုင်းတခုသာ ဖြစ် ရမယ်၊ လူထု အရေးတော်ပုံနဲ့ ကင်းလွတ် နေတဲ့ ‘the whole’ မဖြစ်ရဘူး။”***

(The Struggle မဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၄၊ မေ/ဇွန် ၂၀၂၂)

ဒီစာပိုဒ်တွေကို ဘယ်လို ပုံဖော်လိုက်သလဲဆိုတော့ ‘တော်လှန်သော အကောင်းမြင်ဝါဒ’ ဆောင်းပါးမှာ - “…တချို့တွေရဲ့ အယူအဆဟာ မမှန်ဘူး။ လက်ရှိကျနော်တို့ ဆင်နွှဲနေတဲ့ လက်နက်ကိုင် တော်လှန်ရေးဟာ လူတန်းစား အမျိုးမျိုးရှိတဲ့အနက် အတိုးတက်ဆုံး လူတန်းစားဖြစ်တဲ့ ပစ္စည်းမဲ့ လူတန်းစားနဲ့ ကင်းကွာနေ တဲ့ တော်လှန်ရေးဖြစ်တယ်လို့ ဆိုကြ တယ်။ သူတို့ရဲ့ အဆိုက ကျနော်တို့ ဟာ လက်နက်ကိုင် တော်လှန်ရေးကို

လူထု လှုပ်ရှားမှုကြီးရဲ့ အတွင်းသား အနှစ်ပိုင်း ဖြစ်လာစေရမယ့်အစား၊ လူထုလှုပ်ရှားမှုနဲ့ ကင်းလွတ်နေတဲ့ တိုက်ပွဲ ပုံစံတခုအဖြစ် ပုံဖော်ခဲ့တယ် လို့ ဆိုပါတယ်။ ဒီလို တရားသေကျတဲ့ [sic] အမြင်က မှန်နိုင်စရာ မရှိဘူး။ …”

စာဖတ်သူတွေကိုယ်တိုင် နှိုင်းယှဥ်သုံးသပ်လို့ရအောင် အခုလို ရှည်ရှည်လျားလျား ကောက်နှုတ်ဖော်ပြ လိုက်တာပါ။ The Struggle မဂ္ဂဇင်း မျက်နှာဖုံးဆောင်းပါး အာဘော်က ကျနော် ပြန်ရေးပြစရာမလိုအောင် ရှင်းပါတယ်။ မာ့(က်စ်)ဝါဒ အမြင်တွေ ကို ပြန်လည်ဖော်ထုတ်ထားတာပါပဲ။ မာ့(က်စ်)ဝါဒရဲ့ fundamental idea တွေကို ရေးထားတာပဲ။ ***“ဒါ့ကြောင့် AS ဟာ အလုပ်သမား လူတန်းစား ခေါင်းဆောင် လှုပ်ရှားတဲ့ ဒီလို လူထု တိုက်ပွဲရဲ့ အတွင်းသား အစိတ်အပိုင်းတခုသာ ဖြစ်ရမယ်၊ လူထု အရေးတော်ပုံနဲ့ ကင်းလွတ်နေတဲ့ ‘the whole’ မဖြစ်ရဘူး”*** ဆိုတဲ့ သုံးသပ်ချက်က လီနင့်အယူအဆနဲ့ တထပ်တည်းပဲ။ ၁၉၀၅ ခုနှစ် ရုရှား ပထမတော်လှန်ရေး အမြင့်ဆုံး အဆင့်ရောက်ပြီးကာစမှာ လီနင်ရေးခဲ့တဲ့ Guerrilla Warfare ဆောင်းပါးထဲမှာ -

“… Such is the principal background of the picture. Against this background there stands out—unquestionably as something partial, secondary and auxiliary—the phenomenon to the study and assessment of which the present article is devoted. What is this phenomenon? What are its forms? What are its causes? When did it arise and how far has it spread? What is its significance in the general course of the revolution? What is its relation to the struggle of the working class organised and led by Social-Democracy? Such are the questions which we must now proceed to examine after having sketched the general background of the picture.

The phenomenon in which



return to contents

we are interested is the armed struggle. (V.I. Lenin, Guerilla Warfare, Vol. 11, Collected Works)

စတာလင်-မော်ဝါဒီတွေအဖို့တော့ လက်နက်ကိုင်တိုက်ပွဲကအဓိက၊ ကျန်တာက အရံ။ လီနင်အမြင်က သူတို့နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဖက်၊ AS ဆိုတာ partial, secondary and auxiliary ဖြစ်တယ်ဆိုတာ မေးခွန်းထုတ်စရာမလိုအောင် ရှင်းပြီးသားလို့ အတိအလင်း ရေးထားတယ်။ အဲဒီလို AS တိုက်ပွဲပုံစံကို အဓိကထားကျင့်သုံးတဲ့၊ AS တိုက်ပွဲပုံစံတမျိုးတည်းကိုပဲ exclusive form အနေနဲ့ ကျင့်သုံးကြတဲ့ လူမှုအစိတ်အပိုင်းတွေကို လီနင်က အဲဒီဆောင်းပါးမှာပဲ အခုလို ဖော်ပြခဲ့သေးတယ်။

"This form of struggle was adopted as the preferable and even exclusive form of social struggle by the vagabond elements of the population, the lumpen proletariat and anarchist groups." (Ibid)

ကလေကချေတွေ၊ လန်ပန်ပစ္စည်းမဲ့တွေနဲ့ အန်နာခစ်အုပ်စုတွေက AS တိုက်ပွဲပုံစံကို အဓိကထားကျင့်သုံးကြတယ်၊ သူတမျိုးတည်းကိုပဲ လူတန်းစား တိုက်ပွဲပုံစံအနေနဲ့ ကျင့်သုံးချင်တယ်။ ဒါ့ကြောင့် စတာလင်-မော်ဝါဒီတွေ အမြဲကြွေးကြော်တဲ့ လက်နက်ကိုင်တိုက်ပွဲကအဓိက၊ ကျန်တာက သူ့လက်အောက်ခံဆိုတာ မာ့(က်စ်)၊ လီနင်ဝါဒနဲ့ ဘာမှမဆိုင်ဘူး။

အလုပ်သမား လူတန်းစားပါတီအနေနဲ့ ပြောက်ကျားစစ် တမျိုးတည်းကိုပဲ အသိအမှတ်ပြုလို့ မဖြစ်သလို ***ပြောက်ကျားစစ်ကို အဓိကတိုက်ပွဲနည်းလမ်းအနေနဲ့တောင် ဘယ်သောအခါမှအသိအမှတ် မပြုနိုင်ဘူး***လို့ လီနင်က ဆိုထားသေးတယ်။ ***လက်နက်ကိုင်တိုက်ပွဲပုံစံကို တခြားတိုက်ပွဲပုံစံတွေရဲ့ လက်အောက်ခံအဖြစ် ထားရမယ်၊*** လူတန်းစား တိုက်ပွဲရဲ့ အဓိက နည်းလမ်းတွေနဲ့ ဟန်ချက်ညီနေရမယ်၊ ဆိုရှယ်လစ်ဇင်ရဲ့ လမ်းပြ စုစည်းပေးမှုအောက်မှာ ရှိ



return to contents

နေရမယ်လို့ ပြောက်ကျားစစ် ဆောင်းပါး မှာပဲ လီနင်ရေးခဲ့တယ်။ ဒါ့ကြောင့် "မာ့(က်စ်)ဝါဒနဲ့ လက်နက်ကိုင် တော်လှန်ရေး ပြဿနာ" ဆောင်းပါးမှာ ကျနော်တို့ရေးခဲ့တဲ့ **"စုစည်းထားသော အလုပ်သမား လှုပ်ရှားမှုက ခေါင်းဆောင်မှုနေရာကို ကနဦး ရယူထားနိုင်ရမယ်"** ဆိုတဲ့သဘောတရားက မာ့(က်စ်)၊ လီနင်ဝါဒရဲ့ အခြေခံသဘောတရားပဲ။

"It is said that guerrilla warfare brings the class-conscious proletarians into close association with degraded, drunken riff-raff. That is true. But it only means that the party of the proletariat ***can never regard guerrilla warfare as the only, or even as the chief, method of struggle;*** it means that this method ***must be subordinated to other methods,*** that it must be commensurate with the chief methods of warfare, and ***must be ennobled by the enlightening and organising influence of socialism***. And without this latter condition, all, positively all, methods of struggle in bourgeois society bring the proletariat into close association with the various non-proletarian strata above and below it and, if left to the spontaneous course of events, become frayed, corrupted and prostituted. (V.I. Lenin, Guerilla Warfare, Vol. 11, Collected Works)

ဒါ့ကြောင့် မာ့(က်စ်)ဝါဒ အခြေခံသဘောတရားတွေ ဆွဲထုတ်ပြီး ရေးထားတဲ့ ကျနော်တို့ဆောင်းပါးကို "တရားသေကျတဲ့အမြင်"လို့ စတာလင်ဝါဒီ-မော်ဝါဒီတွေက စွပ်စွဲထားတာ ထူးတော့ မထူးဆန်းဘူး။ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒအရ ခေတ်သစ် အရင်းရှင် လူ့အဖွဲ့အစည်းမှာ ခေတ်ပြောင်း တော်လှန်ရေးတရပ်ကို ဦးဆောင်ဆင်နွှဲနိုင်တာ ခေတ်သစ် အလုပ်သမား လူတန်းစားပဲ ဖြစ်တယ်။ အလုပ်သမား လူတန်းစားက တော်လှန်ရေးရဲ့


return to contents

တပ်ဦး လူတန်းစား ဖြစ်တယ်။ ၁၉၁၇ မဟာအောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးကြီးက မာ့(က်စ်) ဝါဒရဲ့ ဒီအခြေခံသဘောတရားကို လက်တွေ့ သမိုင်းသက်သေပြခဲ့ပြီးပြီ။

ဗမာပြည်မှာ အလုပ်သမား လူတန်းစားက အရေအတွက်အားဖြင့် နည်းသေးတယ်လို့ မော်ဝါဒီအုပ်စုတွေက ဆင်ခြေပေးတတ်ကြတယ်။ ရုရှား အောက်တိုဘာ တော်လှန်ရေးကြီးကို ဦးဆောင်ခဲ့တဲ့ အလုပ်သမား လူတန်းစားကရော အရေအတွက် အချိုးအစားအားဖြင့် ဘယ့်လောက်များခဲ့လို့လဲ။ လူဦးရေ သန်း ၁၅၀ ကျော်ရှိတဲ့ လယ်သမားထုက လူဦးရေစုစုပေါင်းရဲ့ ၈၀%ကျော် ရှိခဲ့တဲ့ backward တိုင်းပြည်တခုမှာ စက်မှု အလုပ်သမား လူတန်းစားက ၄သန်းလောက်ပဲ ရှိခဲ့တယ်။ ကဏ္ဍပေါင်းစုံ အလုပ်သမားထုတရပ်လုံးပေါင်းလို့ လူဦးရေစုစုပေါင်းရဲ့ ၁၀%မရှိခဲ့ဘူး။ ဒါပေမယ့် လီနင်၊ ထရော့စကီးတို့က ရုရှား တော်လှန်ရေးရဲ့ တပ်ဦးလူတန်းစားဟာ အလုပ်သမား လူတန်းစားပဲလို့ မာ့(က်စ်)ဝါဒီတွေပီပီ ယုံကြည်ခဲ့ကြတယ်။ ဒီလိုယုံကြည်မှုဟာလည်း sentimental သက်သက် မဟုတ်ဘူး။ ***အလုပ်သမားထုက အရေအတွက်များလို့၊ အထုအထောင်း အဖိနှိပ်ခံရတာသက်သက်ကြောင့် တော်လှန်ရေး ခေါင်းဆောင်လူတန်းစားအဖြစ် သဘောထားတာ မဟုတ်ဘူး။ လူ့အဖွဲ့အစည်းအတွင်း၊ ကုန်ထုတ်ဖြစ်စဉ်အတွင်း ရောက်ရှိနေတဲ့ အလုပ်သမားလူတန်းစားရဲ့ အနေအထားကြောင့် သိပ္ပံနည်းကျထွက်ပေါ်လာတဲ့ အယူအဆပဲ။*** ဒီအယူအဆ မှန်ကန်ကြောင်း ၁၉၁၇ မှာ အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးကြီးက သက်သေပဲ။ ဒါကို ချေဖျက်နိုင်ရင် ကျနော်တို့ကို "တရားသေကျတယ်" လို့ ပုတ်ခတ်ဆဲရေးတာ ပျော်ပျော်ကြီး လက်ခံလိုက်ပါမယ်။ မငြင်းနိုင်ဘူးဆိုရင်တော့ တရားသေကျတာ၊ မာ့(က်စ်)ဝါဒ နာမည်နဲ့ မာ့(က်စ်)ဝါဒကို အတွင်းက ဖျက်စီးနေတာဘယ်သူတွေလဲ ရှင်းသွားပါလိမ့်မယ်။

အလုပ်သမား လူတန်းစား



return to contents

ကို ခေတ်ပြောင်းတော်လှန်ရေးရဲ့ ခေါင်းဆောင်လူတန်းစားလို့ ပြောတာဟာ ဆင်းရဲလယ်သမားထုနဲ့ အခြားသော ပက်တီးဘူဇွာ အလွှာတချို့ရဲ့ တော်လှန်ရေးအခန်းကဏ္ဍကို ပစ်ပယ်တာ မဟုတ်ဘူးဆိုတာတော့ ရှင်းပါလိမ့်မယ်။ မာ့(က်စ်)၊ အန်းဂယ်(စ်)၊ လီနင်၊ ထရော့စကီးကစလို့ ဘယ်ဘော်ရှီဗစ်ကမှ အဲသလို မပြောခဲ့ဖူးဘူး။ ဆိုရှယ်လစ်ရက်ဗလူရှင်နရီဆိုတဲ့ ပက်တီးဘူဇွာပါတီတခုရဲ့ ခေါင်းဆောင်မှုနောက် လိုက်နေတဲ့ရုရှား ဆင်းရဲလယ်သမားထုကြီးကို ဆိုရှယ်လစ် တော်လှန်ရေးဘက်ပါလာအောင် ဦးဆောင်နိုင်ခဲ့တာဟာ ဘော်ရှီဗစ်ပါတီက အလုပ်သမား လူတန်းစားကြား အမြစ်တွယ်ထားနိုင်တဲ့ အလုပ်သမား လူတန်းစား တပ်ဦးပါတီ ဖြစ်နေလို့ပဲ။

စတာလင်ဝါဒီ-မော်ဝါဒီ အုပ်စုလေးတွေကတော့ အခုလိုဆိုထားသေးတယ် "ကျနော်တို့ ထပ်ချည်းတလဲလဲ ပြောခဲ့တဲ့ အချက်က လက်ရှိတော်လှန်ရေးရော၊ ကျနော်တို့ တည်ဆောက်ရမယ့် တပ်ပေါင်းစုကပါ လူတန်းစားအမြင်တရပ်ရပ် (***အထူးသဖြင့် ပစ္စည်းမဲ့လူတန်းစားအမြင်)ကို ကိုယ်စားပြုထားပြီး တည်ဆောက်လို့ မရနိုင်ဘူး။*** ဆိုလိုတာက လက်ရှိတော်လှန်ရေးဟာ ပစ္စည်းမဲ့ လူတန်းစား၊ ပစ္စည်းမဲ့တပိုင်း လူတန်းစား၊ လယ်သမား လူတန်းစား ၊ ခနရှင်ပေါက်စ လူတန်းစားနဲ့ တော်လှန်တဲ့ အမျိုးသားခနရှင် လူတန်းစား အချို့ ပူးပေါင်းထားတဲ့ တပြည်လုံးအဆင့် လွတ်မြောက်ရေးတိုက်ပွဲဖြစ်တယ်။ အလားတူပဲ ဒီလွတ်မြောက်ရေးတိုက်ပွဲမှာ ဦးဆောင်ဖို့ အတွက် ကျနော်တို့ တည်ဆောက်နေတဲ့ တပ်ဦးကလည်း လူတန်းစားတရပ်ရပ်ကိုပဲ ကိုယ်စားပြုတဲ့ နိုင်ငံရေး အမြင် ရှိနိုင်မှာ မဟုတ်ဘူး။"

လ င်း ထ ည် အော င် ကလောင်နာမည်နဲ့ ရေးထားတဲ့ 'တော်လှန်ရေး အကောင်းမြင်ဝါဒ' ဆောင်းပါးမှာပဲ ဆက်ဆိုထားသေးတယ် -

"ဒီလိုဆိုလိုက်တဲ့အတွက် ကျနော်တို့ဟာ အလုပ်သမား လူတန်းစားရဲ့ တိုးတက်တဲ့ ခေါင်းဆောင်မှုကို ပစ်ပယ်


return to contents

သလား၊ မပစ်ပယ်ဘူးလို့ပဲ ပြင်းချက်ထုတ်ရပါလိမ့်မယ်။ ကျနော်တို့ဟာ မာ့(က်စ်)ဝါဒီတွေ ဖြစ်ကြတယ်။ [sic] ဒါ့ကြောင့် အလုပ်သမား လူတန်းစားရဲ့ တိုးတက်တဲ့ ခေါင်းဆောင်မှုကို ကျနော်တို့ မငြင်းဘူး။ [စကားလုံးအားဖြင့် မငြင်းဘူး၊လက်တွေ့အားဖြင့် ပြဒါးတလမ်း သံတလမ်း] ဒါပေမယ့် အလုပ်သမား လူတန်းစား လွတ်မြောက်ရေးအတွက် ရှည်ကြာတဲ့ တစုံတရာသော သမိုင်းကာလတခုကို စောင့်ဆိုင်းရလိမ့်ဦးမယ်။ [ဘယ့်လောက်ကြာမှန်း မသိတဲ့ အဲဒီကာလအထိတော့ အလုပ်သမား လူတန်းစား လွတ်မြောက်ရေး ပြောလို့ မရသေးဘူး] လက်ရှိတော်လှန်ရေးဟာ အလုပ်သမား လူတန်းစား ခေါင်းဆောင်မှုကို တည်ဆောက်ဖို့ လိုအပ်နေတယ်။ ဒါအမှန်ပဲ။ တချိန်တည်းမှာ အလုပ်သမား ဒီမိုကရေစီထက် တဆင့်နိမ့်တဲ့[sic] ဒီမိုကရေစီသဏ္ဍာန်တခုကို ဖြတ်ကျော်ဖို့လည်း လက်တွေ့ အခြေအနေတွေက တောင်းဆိုနေတယ် ။ဒါ့ကြောင့် လူတန်းစားပေါင်းစုံ ပါဝင်တဲ့ တော်လှန်ရေး တပ်ဦးတခု တည်ဆောက်ဖို့ ကျနော်တို့ ကြိုးပမ်းနေတာ ဖြစ်တယ်။”

ရုရှား တော်လှန်ရေး သမိုင်းကို အသေအချာ လေ့လာဖူးသူဆိုရင် မင်ရှီဗစ်တွေရဲ့ two stage သဘောတရားကို ချက်ချင်းအမှတ်ရလိမ့်မယ်။ နောင်အခါ အတိအကျဆိုရရင် လီနင်ကွယ်လွန်ပြီး လပိုင်းအတွင်းမှာပဲ မင်ရှီဗစ် two stage သဘောတရားကို စတာလင်က ပြန်ဖော်ထုတ်လာခဲ့တယ်။ စတာလင်ဗျူရိုကရေစီက တရုတ်ပြည်ကိုလည်း ဒီတရားသေ အမြင်အတိုင်း အကောင်အထည်ဖော်စေတယ်။ မင်ရှီဗစ်၊ စတာလင်-မော်ဝါဒီတွေရဲ့ two stage သဘောတရားအရဆိုရင် ၁၉၁၇ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးဟာ မဖြစ်လာသင့်သေးဘူး။ အခြေအနေ မပြည့်စုံသေးဘူးလို့ ယူဆကြတယ်။ ရုရှားဟာ ဇာဘုရင်အုပ်စိုးတဲ့ ပဒေသရာဇ်စနစ် လက်ကျန်ရှိနေသေးတဲ့၊ ဗြိတိန် ပြင်သစ် အမေရိကန်တို့လို advanced capitalist တိုင်းပြည်မဟုတ်သေးလို့ အလုပ်သမား လူတန်းစားကလည်း လက်တဆုပ်စာ



return to contents

ပဲ ရှိသေးလို့ လာမယ့် တော်လှန်ရေး မှာ အလုပ်သမား လူတန်းစားက ခေါင်းဆောင်နေရာ ယူလို့ မဖြစ်သေးဘူး။ ဘူဇွာ ဒီမိုကရေစီ တော်လှန်ရေး မှာ လစ်ဘရယ် ဘူဇွာတွေကို ထောက်ခံ ပေးရမယ့် တာဝန်ရှိတယ်လို့ ဆိုတယ်။

အပေါ်က ကောက်စာမှာ တော့ ဘူဇွာ ဒီမိုကရေစီလို့ နာမည် မတပ်ရဲတော့ "အလုပ်သမား ဒီမိုက ရေစီထက် တဆင့်နိမ့်တဲ့ ဒီမိုကရေ စီသဏ္ဍာန်တခု"လို့ ဘူးလုံးနားမထွင်း ဆိုထားတယ်။ လီနင်တို့ ဘော်ရှီဗစ်တွေ အလုပ်သမားလူတန်းစား ခေါင်းဆောင်မှု နဲ့ အောက်တိုဘာ တော်လှန်ရေးဆင်နွဲ ပြီး workers' democracy ထူထောင် ခဲ့တာ အကြီးအကျယ် မှားတာပဲလို့ ပြောနေသလိုပဲ။ "အလုပ်သမား ဒီမို ကရေစီထက် တဆင့်နိမ့်တဲ့ ဒီမိုကရေ စီသဏ္ဍာန်တခု" ဆိုတာ ဘူဇွာ ဒီမိုကရေ စီကလွဲလို့ ဘာများရှိသေးသလဲ။ ကျ နော်တို့ မာ့(က်စ်)ဝါဒီတွေက စကားလုံး တွေနဲ့ ကစားတာ မလုပ်တတ်ကြဘူး၊ ရိုးရိုးသားသားနဲ့ ပြောင်ပဲ ပြောတတ် ကြတယ်။ နိုင်ငံတော်တခုရဲ့ class nature က အလုပ်သမား လူတန်းစား လက္ခဏာ မဖြစ်ရဘူးဆိုရင် ဘူဇွာ လူတန်းစား လက္ခဏာပဲပေါ့။ တခြား ဘာဖြစ်နိုင်ဦးမှာလဲ။ မော်ကတော့ ဒီမို ကရေစီသစ်ဆိုပြီး နာမည်တပ်တယ်။ နာမည်တွေပြောင်းလိုက်ရုံနဲ့ လူတန်းစား အနှစ်သာရ ပြောင်းသွားတယ်လို့ မှတ်ယူထားကြသလား မပြောတတ်ဘူး။

## စတာလင်ဝါဒ two stage သဘောတရားက ဆင်းသက် လာတဲ့ popular frontism

ကဗျာဆရာ မောင်ချောနွယ် ပြောခဲ့တဲ့ ရန်သူစစ်စစ်၊ မိတ်ဆွေ စစ်စစ် စကားကိုသာ အမှတ်ရမိတယ် ။ စတာလင်-မော်ဝါဒီတွေက သူတို့ ကိုယ်သူတို့ မာ့(က်စ်)ဝါဒီတွေ ဖြစ်ကြ တယ်လို့ ကြွေးကြော်ရင်း "ကျနော်တို့ ထပ်ချည်းတလဲလဲ ပြောခဲ့တဲ့ အချက် က လက်ရှိတော်လှန်ရေးရော၊ ကျနော် တို့ တည်ဆောက်ရမယ့် တပ်ပေါင်းစု ကပါ လူတန်းစား အမြင်တရပ်ရပ် ( အထူးသဖြင့် ပစ္စည်းမဲ့ လူတန်းစားအမြင်



return to contents

)ကို ကိုယ်စားပြုထားပြီး တည်ဆောက်လို့ မရနိုင်ဘူး” လို့ ရေးရဲတာတော့ အတော်အံ့အားသင့်ရတယ်။ မာ့(က်စ်)၊ အန်းဂယ်(စ်)၊ လီနင်၊ ထရော့စကီးတို့ တလျှောက်လုံး ခုခံကာကွယ်ခဲ့တဲ့ အလုပ်သမား လူတန်းစားရဲ့ တော်လှန်ရေး ခေါင်းဆောင်မှု အခန်းကဏ္ဍနဲ့ ***class independence*** ကို ချိုးဖျက်ပြီး စတာလင်-မော်ဝါဒီတွေရဲ့ popular front လမ်းစဉ်/ class collaborationist အမြင်ကို ဖန်တရာတေအောင် အော်ဟစ်နေတာပဲ။

“ လူ တ န်း စား ပေါ င်း စုံ ပါဝင်တဲ့ တော်လှန်ရေး တပ်ဦးတခု” တည်ဆောက်ရေးဆိုတဲ့ class collaborationist ပေါ်လစီ/ popular front လမ်းစဉ်က စတာလင်ဗျူရိုကရေစီရဲ့ two stage သဘောတရားကနေ ထွက်ပေါ်လာတာပါ။ ၁၉၂၅-၂၇ တရုတ်ပြည် တော်လှန်ရေးဟာ စတာလင် ဗျူရိုကရေစီရဲ့ အဲဒီလို class collaborationist ပေါ်လစီ/ popular front လမ်းစဉ်ကြောင့် အကြီးအကျယ် အရေးနိမ့်ခဲ့ရဖူးတယ်။ ဒီနေရာမှာ နားလည်မှု မရှုပ်ထွေးရအောင် တပ်ပေါင်းစုလို့ မြန်မာလို မသုံးပဲ popular front လမ်းစဉ်လို့ ခွဲပြောပါတယ်။ လီနင်၊ ထရော့စကီးတို့ ဦးဆောင်ပြီး ဘော်ရှီဗစ်တွေ ကျင့်သုံးခဲ့ဖူးတဲ့ united front ပေါ်လစီနဲ့ မရောစေချင်လို့ပါ။ စကားလုံးပဲ ကွဲလွဲတာ မဟုတ်ဘဲ အနှစ်သာရအားဖြင့် တခြားစီဖြစ်နေလို့ပါ။ ဘော်ရှီဗစ်တွေ ကျင့်သုံးခဲ့ဖူးတဲ့ united front ပေါ်လစီက စတာလင်ဝါဒီ-မော်ဝါဒီတွေပြောတဲ့ popular front လမ်းစဉ်လိုမျိုး လူတန်းစားအားလုံး ပေါင်းစည်းရေး မဟုတ်ဘူး။

လက်တွေ့သမိုင်း နမူနာနဲ့ ရှင်းပါမယ်။ ၁၉၁၇ ဖေဖော်ဝါရီ တော်လှန်ရေးကနေ ဇာဘုရင် ပြုတ်ကျသွားတယ်။ ဘူဇွာ ကြားဖြတ်အစိုးရ ပေါ်လာတယ်။ တဖက်မှာလည်း အလုပ်သမား၊ စစ်သား၊ လယ်သမား ကိုယ်စားလှယ်များ ဆိုဗီယက်တွေက လူထုအာဏာကို လက်တွေ့ရရှိထားတယ်။ ဒီအခြေအနေကို dual power လို့ ခေါ်တာပါ။ ဒီလို စင်ပြိုင်အာဏာ နှစ်ရပ်ဟာ ယာယီပဲ



return to contents

ဖြစ်နိုင်မယ်။ ရေရှည်မခံနိုင်ဘူး။ တဖက်ဖက်က အနိုင်ရသွားဖို့ လိုတယ်။ ဒါ့ကြောင့် အဲဒီကာလမှာ ဘော်ရှီဗစ်တွေက ‘all power to the soviets’လို့ လိုင်းဖော်ပေးတယ်။ ဒါပေမယ့် အဲဒီကာလမှာ ဆိုဗီယက်တွေထဲ အဓိက လွှမ်းမိုးထားတာက ပြုပြင်ရေးဝါဒီတွေဖြစ်တဲ့ မင်ရှီဗစ်တွေ၊ ဆိုရှယ်လစ် ရက်ဗလူရှင်နရီပါတီတွေ။ ဘော်ရှီဗစ်တွေက သူတို့လောက် မလွှမ်းမိုးနိုင်သေးဘူး။ အဲဒီလို အာဏာ၂ရပ် စင်ပြိုင် ဖြစ်နေတဲ့ကာလ ၁၉၁၇ နှစ်လယ်လောက်မှာ ဘူဇွာ ကြားဖြတ်အစိုးရလက်အောက်မှာရှိတဲ့ စစ်ဗိုလ်ချုပ်ကြီး ကိုနီးလော့က စစ်အာဏာသိမ်းဖို့ စိုင်းပြင်းလာခဲ့တယ်။ ဒီအချိန်မှာ ဘူဇွာ ကြားဖြတ်အစိုးရရဲ့ ဖိနှိပ်မှုတွေခံနေရတဲ့ ဘော်ရှီဗစ်တွေဟာ united front ပေါ်လစီကို ဖော်ထုတ်လာခဲ့တယ်။ စစ်အာဏာသိမ်းခြင်းကို ရိုက်ချိုးပစ်ဖို့ ဘူဇွာ ကြားဖြတ်အစိုးရနဲ့ ပူးပေါင်းကြမယ်၊ ဘူဇွာကြားဖြတ်အစိုးရနဲ့ ပေါင်းတိုက်ကြလို့ ဘော်ရှီဗစ်တွေ မဆော်သြခဲ့ဘူး။ အဲသလို လုပ်တာက popular front လမ်းစဉ်။

ဘော်ရှီဗစ်တွေရဲ့ united front ပေါ်လစီက ဘူဇွာ ကြားဖြတ်အစိုးရကိုလည်း တရွေးသားမှ မထောက်ခံဘူး။ မဝန်းရံ မပူးပေါင်းနိုင်ဘူး ၊ ဒါပေမယ့် အခုလက်ငင်း ဦးစားပေးက စစ်အာဏာသိမ်းမှု အထမမြောက်ရေး ဖြစ်တယ်၊ ဒါ့ကြောင့် အလုပ်သမား ဆိုဗီယက် လယ်သမား စစ်သားကိုယ်စားလှယ်များ ဆိုဗီယက်တွေထဲမှာ ခေါင်းဆောင်နေရာယူထားတဲ့ မင်ရှီဗစ်တွေ၊ ဆိုရှယ်လစ် ရက်ဗလူရှင်နရီတွေကို ကိုနီးလော့ စစ်အာဏာသိမ်းမှုကို united action နဲ့ ဆန့်ကျင်ရိုက်ချိုးဖို့ ဆော်သြတယ်။ ဒီလို united front ပေါ်လစီ ဖော်ထုတ်ရာမှာလည်း လီနင်တို့ ဘော်ရှီဗစ်တွေက အလုပ်သမားလူတန်းစားရဲ့ class independence ကို အထိပါးမခံဘူး။ “strike together, march separately” လို့ ဖော်ထုတ်တယ် ။ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်တိုက်ဖျက်တဲ့ united action အနေနဲ့ “strike together” လုပ်မယ်၊ ဒါပေမယ့် တပ်ပေါင်းစုဆိုပြီး အလံတခုတည်းအောက်



return to contents

ပရိုဂရမ် တခုတည်းအောက် ပေါင်းစပ်သွားတာမျိုး မဖြစ်ရဘူး၊ ကိုယ့်ဘန်းနာနဲ့ကိုယ် march separately ဖြစ်ရမယ်။ ကိုယ့်ပရိုဂရမ်နဲ့ကိုယ် တိုက်ကြမယ်။ ***ပစ္စည်းမဲ့ လူတန်းစားပါတီရဲ့ လွတ်လပ်စွာ တည်ရှိမှု၊ လွတ်လပ်စွာ ဝေဖန်ခွင့်နဲ့ လွတ်လပ်စွာ သဘောတရား ဖြန့်ချိမှုကို တရွေးသားမှ အထိပါးမခံရဘူး။*** ကိုနီးလော့ရဲ့ စစ်အာဏာသိမ်းဖို့ ကြိုးပမ်းချက်ကို တိုက်ဖျက်တဲ့ လတ်တလော action မှာပဲ united ဖြစ်တာကို ဆိုလိုတာ။ ဒီလို တင်ကူးသတ်မှတ်ချက်တွေနဲ့ united ဖြစ်ရာမှာတောင် စတာလင်ဝါဒီတွေလို လူတန်းစားအားလုံး ပေါင်းစည်းရေး မဟုတ်ဘူး။ ဘူဇွာ အစိုးရနဲ့ ပေါင်းစည်းရေး၊ ဘူဇွာ ကြားဖြတ်အစိုးရကို ထောက်ခံပေးရေး မဟုတ်ဘူးဆိုတာ သတိချပ်စေလိုတယ်။

## “တော်လှန်တဲ့ အမျိုးသားဓနရှင် လူတန်းစား”ဆိုတာ ရှိသလား

ဘူဇွာလူတန်းစားက ဘူဇွာဒီမိုကရေစီ တော်လှန်ရေးမှာတောင် တိုးတက်တဲ့ အခန်းကဏ္ဍ မရှိတော့ဘူးဆိုတာ လီနင်က လွန်ခဲ့တဲ့ နှစ် ၁၀၀ ကျော်ကတည်းက အခိုင်အမာ ရှင်းခဲ့ပြီးသား။မင်ရှီဗစ်တွေနဲ့ ကွဲရတဲ့ အဓိကအချက်လည်း ဖြစ်တယ်။ စတာလင်ဝါဒီ-မော်ဝါဒီတွေကတော့ တရားသေ အလွတ်ကျက်ထားတဲ့အတိုင်း “တော်လှန်တဲ့ အမျိုးသားဓနရှင် လူတန်းစား”လို့ အသံကွဲမတတ် ထပ်တလဲလဲ အော်နေကြဆဲ ဖြစ်တယ်။ “တော်လှန်တဲ့ အမျိုးသားဓနရှင် လူတန်းစား”ဆိုတာကို မမြင်ဖူးလို့ ဆွဲထုတ်ပြပေးပါလို့ ဒီဆောင်းပါးကနေ တခါတည်း မေတ္တာရပ်ခံလိုက်ပါရစေ။

လက်ရှိအနေအထားမှာတော့ အန်ယူဂျီကိုများ “တော်လှန်တဲ့ အမျိုးသားဓနရှင် လူတန်းစား”အနေနဲ့ ရည်ညွှန်းချင်သလားလို့ ကိုယ့်ဘာသာ ဖြည့်တွေးပေးလိုက်ပါတယ်။ ဒီလိုဖြည့်တွေးကြည့်ပေမယ့် အန်ယူဂျီရဲ့ တော်လှန်တဲ့ လက္ခဏာတွေက ဘာတွေလဲ မေးစရာ ဖြစ်လာတယ်။ ဒါကတော့ စတာ



return to contents

လင်ဝါဒီ-မော်ဝါဒီတွေ သက်သေရှာပြရမယ့် အပိုင်းပဲ။ အခိုင်အမာ သက်သေမရှိဘဲ "တော်လှန်တဲ့ အမျိုးသားခနရှင်လူတန်းစား"လို့ ဆိုနေရင်တော့ မရှိတဲ့ အရိပ်ကို လိုက်ရှာနေတာ ဖြစ်သလို၊ ဖောက်ပြန်တဲ့ အစိတ်အပိုင်းတွေကို တော်လှန်တဲ့ လူတန်းစားဆိုပြီး လူထုရှေ့ချပြနေတာကိုက တော်လှန်ရေးကို သစ္စာဖောက်နေတာပဲ။ ***တနည်းအားဖြင့် အလုပ်သမား လူတန်းစား အကျိုးစီးပွားကို ဒီလို လှည့်ဖျားတဲ့နည်းနဲ့ ဘူဇွာ လူတန်းစား အကျိုးစီးပွားအောက် ဆွဲသွင်းလိုက်တာပဲ။***

လင်းထည်အောင်ရဲ့ ဆောင်းပါးမှာလည်း အခုလို ဝန်ခံထားပါတယ် - "အလုပ်သမား လူတန်းစား လွတ်မြောက်ရေးအတွက် ရှည်ကြာတဲ့ တစုံတရာသော သမိုင်းကာလတခုကို စောင့်ဆိုင်းရလိမ့်ဦးမယ်"။ class collaborationist ပေါ်လစီ/ popular front လမ်းစဉ်မှန်သမျှ နောက်ဆုံး ဒီဘူတာပဲ ဆိုက်ပါတယ်။ ဒါ့ကြောင့် မော့(က်စ်)ဝါဒီတွေက class independence ကို အခိုင်အမာ ခုခံကာကွယ်နေရတာပဲ။

class collaborationist ပေါ်လစီ/ popular front လမ်းစဉ်မှန်သမျှ နောက်ဆုံးဒီဘူတာပဲ ဆိုက်တယ် ဆိုထားလို့ တရုတ်ပြည် တော်လှန်ရေး ဥပမာကို နည်းနည်းပြောရဦးမယ်။ စတာလင်ပြန်ဖော်ထုတ်လိုက်တဲ့ မင်ရှီဗစ် two stage သဘောတရားအရ တရုတ်ပြည်ဟာ ပဒေသရာဇ်တပိုင်း ကိုလိုနီတပိုင်းတိုင်းပြည်ပဲ ဖြစ်တယ်။ (စတာလင်ဝါဒီ မော်ဝါဒီ ဗကပကလည်း ဗမာ့လူ့အဖွဲ့အစည်းကို ဒီအတိုင်းပဲ သတ်မှတ်ထားဆဲ ဖြစ်တယ်၊ စကားချပ်) ဒါ့ကြောင့် တရုတ်ပြည်ရဲ့ လက်ရှိ တော်လှန်ရေးအဆင့်ဟာအမျိုးသားလွတ်မြောက်ရေး ဒီမိုကရေစီ တော်လှန်ရေးအဆင့်ပဲ ရှိသေးတယ်။ အောက်တိုဘာ တော်လှန်ရေး အဆင့် မရောက်သေးဘူး။ ဒါ့ကြောင့် အလုပ်သမား လူတန်းစားက ခေါင်းဆောင် လူတန်းစားနေရာ ယူရလောက်အောင် မရင့်မှည့်သေးဘူး။

လင်းထည်အောင် ရေးထား


return to contents

သလိုပဲ “အလုပ်သမား လူတန်းစား လွတ်မြောက်ရေးအတွက် ရှည်ကြာ တဲ့ တစုံတရာသော သမိုင်းကာလ တခုကို စောင့်ဆိုင်းရလိမ့်ဦးမယ်” ။ဒီအတောအတွင်းမှာ တော်လှန် သော အမျိုးသား ဓနရှင်လူတန်းစား ခေါင်းဆောင်မှုကို လက်ခံရမယ်။ တော်လှန်သော အမျိုးသားဓနရှင် လူတန်းစား ကို စတာလင်ဝါဒီတွေ ဘယ်မှာသွား တွေ့သလဲဆိုတော့ ကူမင်တန်ပါတီမှာ သွားတွေ့တယ်။ နုနယ်သေးတဲ့ ပစ္စည်း မဲ့ ပါတီဟာ ရှင်သန်ကြီးထွားလာအောင် ကူမင်တန်ပါတီထဲဝင်ပြီး အလုပ်လုပ်ရ မယ်လို့ မော်စကိုကနေ ညွှန်ကြားတယ်။ ဒီနေရာမှာ လီနင်တို့ ကျင့်သုံးခဲ့တဲ့united front ပေါ်လစီရဲ့ အခြေခံကန့်သတ်ချက် တွေကို အကုန်ချိုးဖောက်လိုက်တာ မြင်စေချင်တယ်။ပစ္စည်းမဲ့လူတန်းစားရဲ့ class independence ကို ဖျက်သိမ်းပြီး “တော်လှန်သော အမျိုးသားဓနရှင်ပါတီ” ထဲပေါင်းစည်းသွားစေတယ်။ ကိုယ့်ဘန်း နာနဲ့ကိုယ်၊ ကိုယ့်ပရိုဂရမ်နဲ့ကိုယ် ပစ္စည်း မဲ့ လူတန်းစားရဲ့ လွတ်လပ်စွာ တည်ရှိမှု ကို ဖျက်သိမ်းလိုက်တာ။ ရလဒ်က ဘာ ဖြစ်သွားသလဲ။ နုနယ်သေးတဲ့ ပစ္စည်းမဲ့ ပါတီ ကြီးထွားသွားသလား။ ချန်ကေရှိတ် ခေါင်းဆောင်တဲ့ ကူမင်တန် ခေါင်းဆောင် ပိုင်းက မော်စကိုက ထောက်ပံ့ထားတဲ့ စစ်လက်နက်တွေနဲ့ပဲ ကွန်မြူနစ်တွေ ၊အလုပ်သမားတွေကို အလုံးအရင်း နဲ့ သတ်ပစ်တာ ခံလိုက်ရတယ်။

လူတန်းစား လေးရပ် ပေါင်းစည်း ထားတဲ့ တပ်ပေါင်းစုမျိုး ဗမာပြည် လွတ်လပ်ရေး တိုက်ပွဲသမိုင်းမှာ ပေါ် ခဲ့ဖူးပါတယ်။ ဖဆပလဟာ စတာလင် -မော်ဝါဒီတွေ အမြဲအော်လေ့ရှိတဲ့ pop-ular front စစ်စစ်ကြီးပါပဲ။ ဘာဖြစ်သွား သလဲဆိုတာ စတာလင်ဝါဒီ-မော်ဝါဒီတွေ ဘဝနဲ့ရင်းပြီး သိကြမယ်ထင်ပါတယ်။ သမိုင်းကနေ မသင်ယူတတ်ကြရင်တော့ အခုထိ နားလည်ကြဦးမယ် မထင်ပါ။

စတာလင်ဝါဒ - မော်ဝါဒ ကိုလက်တွေ့ကျင့်သုံးနေပြီး “ကျနော် တို့က မာ့(က်စ်)ဝါဒီတွေ”ဆိုတာမျိုး မ အော်စေချင်ဘူး။ ဘာဖြစ်လဲ စတာလင် ဝါဒ-မော်ဝါဒကို ယုံကြည်တယ်ဟော့


return to contents

လို့ ရိုးရိုးသားသား ရပ်တည်လိုက်ပါ။ ကျနော်တို့ မာ့(က်စ်)ဝါဒီ ဘော်ရှီဗစ်တွေ ကတော့ရှင်းတယ်။ ဘော်ရှီဗစ်ဇင်နဲ့ စတာလင်-မော်ဝါဒဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေရုံမက သွေးပင်လယ်ခြား နေတယ်လို့ အတိအလင်းပြောတယ်။

စတာလင်ဝါဒရဲ့ two stage သဘောတရားကနေ ဆင်းသက်လာတဲ့ popular front လမ်းစဉ်အမှားကြောင့် ၁၉၂၅-၂၇ တရုတ် တော်လှန်ရေး အရေး နိမ့်မှုကို စတာလင်ဗျူရိုကရေစီက တာဝန်မခံလိုဘူး။ တရုတ် ကွန်မြူနစ် ခေါင်းဆောင်တချို့ကို အပြစ်ဖို့ပြီး သူတို့အရှက် သူတို့ပြန်ဆယ်ချင်တယ်။ ဒါ့ကြောင့် မော်စကိုကနေ armed uprising ကို ဖြစ်တဲ့နည်းနဲ့ လုပ်ကြဖို့ အမိန့်ပေးတယ်။ ကျေးလက်အခြေခံ၊ မြို့ကိုဝိုင်း လမ်းစဉ်ဟာ မော်စကို ဗျူရိုကရေစီ ချပေးလိုက်တဲ့ လိုင်းပါ။ အဲဒီအစည်းအဝေးမှာ မော်တောင် ရှိမနေခဲ့ဘူး။ မော်ဝါဒီတွေကတော့ genius ကြီး မော်စီတုန်းရဲ့ တီထွင်ဖန်တီးမှုလိုလို ထင်နေကြတယ်။

ရိုးသားမှုတစက်လေးမှ မရှိတဲ့ စတာလင်ဝါဒီ-မော်ဝါဒီ အုပ်စုလေး ကတော့ အဲဒီလမ်းစဉ်ကို လမ်းမပေါ် လူထုတိုက်ပွဲကြောင့် ရလာတဲ့ နိဂုံးချုပ်ချက်ပဲလို့ ဆိုထားတယ်။ "လက်နက်ကိုင်တိုက်ပွဲဟာ အဓိက၊ လက်နက်ကိုင်တိုက်ပွဲကို ကျန်တိုက်ပွဲ ပုံသဏ္ဍာန်များနှင့်ပေါင်းစပ်"ဆိုတဲ့ နိဂုံးချုပ်ချက် ရရှိလာတာ လမ်းမပေါ် လူထုတိုက်ပွဲကြောင့်ပဲ။ ဒါကို ကျနော်တို့ ငြင်းလို့မရဘူး။" (ဆိုရှယ်ဒီမိုကရက်စာစောင် အတွဲ ၁၊ အမှတ် ၈၊ စာမျက်နှာ ၄၁) ဒီလို ပုံဖျက်လိုက်တာဟာ တိုက်ပွဲဝင်ခဲ့တဲ့ လူထုကြီးကို စော်ကားလိုက်တာပဲ။ မော်ဝါဒကို ယုံကြည်တယ်ဆိုရင်လည်း ကျနော်တို့ ခေါင်းဆောင်ကြီး မော်စီတုန်းက ဘယ်စာအုပ်ထဲမှာ ဒီအယူအဆကို ဘယ်လိုထုတ်ဖော်သွားခဲ့တာပါလို့ ရိုးရိုးသားသား ဝါဒဖြန့်သင့်တယ်။ လူထုတိုက်ပွဲကို ခုတုံးမလုပ်သင့်ဘူး။

အဲဒီစာစောင်ရဲ့ စာမျက်နှာ၄၁မှာပဲ နောက်တပိုဒ်မှာ အခုလို ပုတ်ခတ်ဆဲရေးထားပြန်တယ် -



return to contents

"နောက်တချက်က လမ်းမပေါ်တက်လာတာနဲ့ ပစ်သတ်နေတဲ့အချိန်မှာ လူထုကို သပိတ်တိုက်ပွဲတင်ဖို့ တွန်းအားပေးတာ လောက် ဖောက်ပြန်တဲ့ အတွေးအခေါ် မရှိတော့ဘူး။"

ကျနော်တို့ မာ့(က်စ်)ဝါဒီတွေက စတာလင်ဝါဒီ-မော်ဝါဒီတွေရဲ့ Armed Struggle ဆိုတာကြီးကို မာ့(က်စ်)ဝါဒရဲ့အခြေခံသဘောတရားတွေဆွဲထုတ်ပြီး ဝေဖန်လိုက်တဲ့အခါ အခုလို straw man ထောင်ပြီး ပုံဖျက်ဆဲလိုက်တာပဲ။ ကျနော်တို့ The Struggle မဂ္ဂဇင်းမှာ ဘယ်လိုရေးခဲ့သလဲ အထက်မှာ ကောက်နှုတ်ဖော်ပြခဲ့ပါတယ်။ လူထုအုံကြွမှုကြီး ပြိုလဲသွားတဲ့အချိန်မှာ လူထုကို အခုချက်ချင်း လမ်းပေါ်တက်ကြ၊ အထွေထွေ သပိတ်ကြီးမှောက်ကြလို့ ဘယ်ဆောင်းပါးမှာများ မာ့(က်စ်)ဝါဒီတွေ တွန်းအားပေးခဲ့ဖူးသလဲ။ အထွေထွေ သပိတ်ကို ရေပိုက်ခေါင်း အဖွင့်အပိတ်လုပ်သလို call ခေါ်ချင်တိုင်း ခေါ်လို့မရဘူး၊ လူထုအုံကြွမှု မဖြစ်မှာ မပူလေနဲ့ ကိုယ့်ဘက်က subjective factor ပိုင်းပြင်ထားနိုင်ဖို့သာ အရေးကြီးတယ်၊ အစရှိတဲ့ အာဘော်တွေသာ မာ့(က်စ်)ဝါဒီတွေ ဖော်ထုတ်ခဲ့တာပဲ။ လက်နက်ကိုင်အုံကြွမှုကို လွယ်လွယ်လေးကြွေြွေခဲ့တဲ့ ၊အထွေထွေ သပိတ် call တွေ ခဏခဏ ခေါ်နေတဲ့ လစ်ဘရယ် ဘူဇွာတွေကို ပြတ်ပြတ်သားသား ဝေဖန်ခဲ့တာ ကျနော်တို့ မာ့(က်စ်)ဝါဒီတွေပဲ။ အဲဒါတွေကို ဝေဖန်ဖို့တောင် မဟာရဲခဲ့တဲ့ စတာလင်-မော်ဝါဒီ အုပ်စုလေးတွေက မာ့(က်စ်)ဝါဒီတွေ မပြောတဲ့စကားကို ပြောသယောင်ပုံဖော်ပြီး ဆဲရေးပုတ်ခတ်နေတာပဲ။

စာဖတ်သူအပေါ်မှာတောင် အခြေခံ ရိုးသားမှုကလေး မရှိဘဲ လူထုစည်းရုံးရေးလို့ အော်နေရင် လေကုန်တာပဲ ရှိပါလိမ့်မယ်။ တော်လှန်ရေးကေဒါတည်ဆောက်တယ်ဆိုတာ အခုလို confused ဖြစ်နေတဲ့ အလိမ်အညာတွေနဲ့ တည်ဆောက်လို့ မရဘူးဆိုတာလည်း ကြိုသတိပေးလိုက်ချင်တယ်။

**ဂျက်(က်)**

**The Struggle မဂ္ဂဇင်း ဝိုင်းတော်သား**



return to contents

# THE STRUGGLE

